# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့။ Monday 31 December 2018 ၉၁၀၇


## ကောင်းမှုကိုပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**
**ကြေညာချက်အမှတ် (၆/၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်**
**(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)**

### ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ)တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်) တနင်္လာနေ့ ၁၃၃၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) တီခွန်မြတ်**
**နာယက**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ကြေညာချက်အမှတ် (၄/၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်**
**(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)**

### ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ)တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် (၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်) တနင်္လာနေ့ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) တီခွန်မြတ်**
**ဥက္ကဋ္ဌ**

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**
**ကြေညာချက်အမှတ် (၄/၂၀၁၈)**
**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်**
**(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)**

### ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက် (၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်) တနင်္လာနေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် တွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်မောင်ထွန်းနှင့် ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများက စာသင်ဆောင်ဆောက်လုပ်ရေး၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရေး၊ ဘောလုံးကွင်းပွဲကြည့်စင် ဆောက်လုပ်ရေး၊ ဆရာ ဆရာမ လိုအပ်ချက်ဖြည့်ဆည်းရေး၊ စာကြည့်တိုက် အသုံးပြုမှုများ၊ သုတေသနစာတမ်းရေးသားမှုများ၊ ဝန်ထမ်းလိုအပ်ချက်များ၊ အဝေးသင် စာပေးစာယူသင်တန်းများ၊ စက်ပစ္စည်းလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး တက္ကသိုလ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်၊ သုတေသနစာတမ်းများ ဖတ်ကြားပြုစုရန်၊ အားကစားပြိုင်ပွဲများ ကျင်းပပေးရန်၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံစဉ်။




ကြေးမုံ

# အနာဂတ်ကို ပြုပြင်ပြောင်းလဲ တိုးတက်ဖော်ဆောင်

ယနေ့သည် ၂၀၁၈ ခုနှစ် ကုန်ဆုံးပြီး နှစ်သစ်သို့ကူးပြောင်းတော့မည့် နေ့တစ်နေ့ဖြစ်သည်။ ရာသီသဘောအရသော်လည်းကောင်း၊ သင်္ခါရသဘောတရားအရသော်လည်းကောင်း အချိန်ကာလတို့သည် ရွေ့လျားတိုက်စား၍ အသစ်အသစ်သော အနာဂတ်တို့ဖြစ်ပေါ်လာသည်။ အချိန်ကာလတို့သည် လျင်မြန်စွာ ဖြစ်ပျက်ပြောင်းလဲနေသဖြင့် မိမိတို့အနာဂတ်ကို အလျင်အမြန်တိုးတက်အောင် ပြုပြင်ပြောင်းလဲဖော်ဆောင်ကြရမည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိပြီးသည်နှင့် ပါလီမန်ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ခဲ့သည်။ စစ်ပြီးကာလ မြန်မာနိုင်ငံကို ပါလီမန်ဒီမိုကရေစီစနစ်ဖြင့် အတော်အတန် တိုးတက်အောင် ထူထောင်နိုင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်ကာလအထိ မြန်မာနိုင်ငံကို အခြားနိုင်ငံများက အားကျခဲ့သည်။ ၁၉၆၈ ခုနှစ်ဝန်းကျင်တွင် မြန်မာနိုင်ငံသည် ထိုင်း၊ စင်ကာပူ၊ မလေးရှားစသည့် အရှေ့တောင်အာရှနိုင်ငံများနှင့် အဆင့်အတန်းကွာဟမှုမရှိခဲ့ချေ။ ၁၉၈၀ ပြည့်နှစ်ကာလတစ်ဝိုက်တွင် အရှေ့ဥရောပဝန်းကျင်နှင့် အရှေ့အာရှတစ်ဝိုက်တွင်လည်း ပြုပြင်ပြောင်းလဲမှုများကို အလေးထားသဖြင့် ဖွံ့ဖြိုးတိုးတက်လာကြသည်။

၁၉၇၀ ပြည့်နှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ အထီးကျန်ဆန်မှု၊ စီးပွားရေးတံခါးပိတ်မှုတို့ကြောင့် တိုးတက်မှု ဆုတ်ယုတ်ခဲ့သည်။ ထိုအချိန်က အခြားနိုင်ငံများအကြားတွင် မြန်မာနိုင်ငံမှာ နောက်ကျမကျန်ရစ်သေးချေ။ ကမ္ဘာပေါ်တွင် ၁၉၇၃ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်ကာလအတွင်း ဒီမိုကရေစီစနစ်သို့ ကူးပြောင်းသောနိုင်ငံများ များပြားလာသည်။ ၁၉၇၃ ခုနှစ်တွင် ဒီမိုကရေစီစနစ်ကျင့်သုံးသည့်နိုင်ငံ ၄၀ ရှိရာမှ ၂၀၁၀ ပြည့်နှစ်တွင် ဒီမိုကရေစီကျင့်သုံးသည့်နိုင်ငံ ၁၁၅ နိုင်ငံရှိလာသည်။ ထိုနိုင်ငံများသည် စနစ်ကို ပြုပြင်ပြောင်းလဲ ကျင့်သုံးသောကြောင့် တိုးတက်လာကြသည်။

သူတစ်ပါးလက်အောက်တွင်နေရစဉ်က ပြည်သူများ၏ တူညီသော ပြင်းပြသည့်ဆန္ဒမှာ လွတ်လပ်သော တိုင်းပြည်ထူထောင်နိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းသူပြည်သားများ ကောင်းစားရေးဖြစ်သည်။ တိုင်းသူပြည်သားများ ကောင်းစားရေးအတွက် ဆောင်ရွက်ရာတွင် တိုင်းသူပြည်သားများအရေးကိုရှေးရှုပြီး နိုင်ငံကို ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရသည်။ သစ္စာတရား၊ မေတ္တာတရားဖြင့် တိုင်းပြည်နှင့် အံဝင်ခွင်ကျဖြစ်သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်လာမည်ဟု မျှော်လင့်ချက်နှင့် စိတ်အားထက်သန်မှုများ ပြည်သူနှင့်နိုင်ငံတကာ အသိုင်းအဝိုင်းအကြားတွင် ဖြစ်ပေါ်ခဲ့သည်။ အစိုးရသစ်က ပြည်သူများ လူမှုစီးပွားမြင့်မားတိုးတက်လာစေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍအသီးသီး ပြုပြင်ပြောင်းလဲလာအောင် ဆောင်ရွက်ပေးနေသည်။ ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်လာစေရန် ပြုပြင်ပြောင်းလဲမှု များစွာလိုအပ်နေသည်။ အချို့နယ်ပယ်များတွင် အရေးပါသောဖွံ့ဖြိုးတိုးတက်မှုများ သိသာစွာ ဖြစ်ထွန်းပေါ်ပေါက်လာသော်လည်း အချို့နယ်ပယ်များတွင် ပြောင်းလဲမှုအရှိန်ရလာစေရန် ရုန်းကန်နေရဆဲဖြစ်သည်။

သို့ဖြစ်ရာ လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများအကြား တိုးတက်ဖြစ်ထွန်းမှု ပကတိအခြေအနေမှန်ကို လေ့လာကြည့်မည်ဆိုပါက ပြုပြင်ပြောင်းလဲမှုလုပ်ကိုင်ခြင်းသည်သာ နိုင်ငံတိုးတက်မှုဖြစ်ထွန်းနိုင်သည်ကို မြင်တွေ့ရမည်ဖြစ်ရာ မိမိတို့နိုင်ငံ တိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

## ၂၀၁၉ ခုနှစ် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့်သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိရောက်စွာ တားဆီးကာကွယ်ရေး။

(၄) တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စဉ်ဆက်မပြတ်အလေးထားဆောင်ရွက်ရေး။

(၅) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးရေး။

## မြန်မာနိုင်ငံပွဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီ စည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၃၀**

(၂၄)ကြိမ်မြောက် မြန်မာနိုင်ငံပွဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယမန်နေ့ ညနေ ၄ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်ရှိ Pan Pacific Hotel ၌ ကျင်းပသည်။

စုံညီအစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အသင်းကြီးသည် မြန်မာနိုင်ငံ၏ ပဲ၊ ပြောင်း၊ ဆီထွက်သီးနှံ ကဏ္ဍတစ်ခုလုံးကို လွှမ်းခြုံကိုယ်စားပြုသောအသင်းဖြစ်သဖြင့် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နေပြီး တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးသည် ပုဂ္ဂလိကကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် မူတည်နေကြောင်း၊ ထို့ကြောင့် အသင်းမှ တာဝန်ရှိသူများနှင့် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် တောင်သူများ လာရောက်ရောင်းချသည်ကို စောင့်ဆိုင်းဝယ်ယူသောစနစ်အစား တောင်သူများနှင့် ကုန်သည်လုပ်ငန်းရှင်များအကြား အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ပဲမျိုးစုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ထို့အပြင် အသင်းအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ကုန်သည်များ တွေ့ကြုံနေရသည့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းမှု ပြုလုပ်ပေးရန်နှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော် ပြည်သူ့လွှတ်တော်ရုံးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ဖိတ်ကြားထား

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော် ပြည်သူ့လွှတ်တော်ရုံးရေးရာဆောင်အမှတ်-၁၂ (I-12) သို့ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်(စနေနေ့)ထက် မစော၊ ဇန်နဝါရီလ ၂၀ ရက်(တနင်္ဂနွေနေ့)ထက် နောက်မကျစေဘဲ ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော် အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ဖိတ်ကြားထား

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် (I-19)သို့ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်ထက်မစော ၂၀ ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပြင်ပသတင်းထောက် - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ဧပြီ ၁၈ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

"လူမျိုးဆိုသည်မှာ သုခ ဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စား တည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ် ခြင်းသာဖြစ်ပေသည်။ အမျိုးအနွယ်၊ ကိုးကွယ်သည့်ဘာသာ တရား၊ ပြောဆိုသည့်စကားတို့ကို အရေးထားရမည်ဖြစ်သော် လည်း စင်စစ်မှာ အေးအတူ ပူအမျှ ကောင်းတူဆိုးဖက် ပူးပေါင်း နေလိုသော အစဉ်အလာ ဆန္ဒအပေါ်တွင် ဝံသာနုရက္ခိတ တရားသည် တည်နေပေ၏"

(၁၉၄၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ ရွှေတိဂုံအလယ်ပစ္စယံညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)




# Digital Marketing လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ခရီးသွားသံတမန်ခန့်အပ်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ ပိုမိုတိုးတက် ဝင်ရောက်ပြီး အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရန် ရည်ရွယ်၍ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ ဈေးကွက် မြှင့်တင်ရေးအတွက် ဖွဲ့စည်းထားသည့် Digital Marketing လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပသည်။



လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ဦးဆောင်၍ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုး တိုးတက်ရေးအတွက် Digital နည်းပညာကို အသုံးပြုပြီး ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် ဟောင်ကောင်ဒေသမှ ခရီးသည်များ မြန်မာနိုင်ငံသို့ ပိုမို လာရောက်လည်ပတ်နိုင်ရေးအတွက် ခရီးသွားမြှင့်တင်ရေး ဆိုင်ရာများကို ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ရန်ကုန်မြစ်အတွင်းသွား အပျော်စီး သင်္ဘော Alexandra Cruise ၌ ONE Middle Weight, Light Heavy Weight World Champion အောင်လ အန်ဆန်ကို အမေရိကန်ဈေးကွက်အတွက် ခရီးသွားသံတမန် အဖြစ် ခန့်အပ်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဦးအုန်းမောင်နှင့် နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယ ဝန်ကြီး ဦးသာဦးနှင့် ဒေါက်တာမြလေးစိန်၊ ရန်ကုန် မြို့တော်ဝန် ဦးမောင်မောင်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးဗရတ်ဆင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန် ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် က မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကို နိုင်ငံတကာမှ ပိုမို သိရှိပြီး ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ စိတ်ဝင်တစား လာရောက်လည်ပတ်ရေးအတွက် နာမည်ကြီးအဆိုတော် များနှင့် သရုပ်ဆောင်များကို သံတမန်အဖြစ်ခန့်အပ်၍ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်များကို ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို အမေရိကန်ဈေးကွက်တွင် မြှင့်တင်ဆောင်ရွက်နိုင်ရန် အတွက် ကမ္ဘာ့ချန်ပီယံ မြန်မာနိုင်ငံဖွား ကချင်တိုင်းရင်းသား ကိုယ်ခံပညာပေါင်းစုံအားကစားသမား အောင်လအန်ဆန် ကို ခရီးသွားသံတမန်အဖြစ် ခန့်အပ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ထင်ရှားကျော်ကြားပြီး နိုင်ငံ့ဂုဏ်ဆောင် ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်သည့် အောင်လအန်ဆန်ကို ခရီးသွားသံတမန်အဖြစ် ခန့်အပ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြား သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြပြီး ခရီးသွားသံတမန်အဖြစ် ဆောင်ရွက်မည့် ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်က မြန်မာနိုင်ငံ ခရီးသွား မြှင့်တင်ရေးအတွက် ခရီးသွားသံတမန်အဖြစ် တာဝန် ပေးအပ်ခြင်းကို ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေးအသင်းနှင့် ကမ္ဘာ့ ချန်ပီယံ အောင်လအန်ဆန်တို့က နားလည်မှုစာချွန်လွှာ တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ခရီးသွားသံတမန်ခန့်အပ်လွှာကို ကမ္ဘာ့ချန်ပီယံ အောင်လ အန်ဆန်ထံသို့ ပေးအပ်သည်။ **သတင်းစဉ်**

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(မအူပင်)ဖွင့်ပွဲ ကျင်းပ

**မအူပင် ဒီဇင်ဘာ ၃၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံ ပညာဦးစီးဌာနနှင့် မအူပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်း၍ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(မအူပင်)ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက မအူပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်း၌ ကျင်းပသည်။



ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ လှမြတ်သွေး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုး၊ တာဝန်ရှိသူများနှင့် လူရည်ချွန်များဖြစ်ကြသော မောင်အံ့မျှုးပိုင်၊ မစန္ဒီမျိုးမင်းနှင့် မထက်ဝတ်ရည်မွန်တို့က ကလေးစာပေပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြ သည်။

အခမ်းအနား ဒုတိယပိုင်းကို မြတ်ပညာခန်းမ၌ ဆက်လက်ကျင်းပရာ မအူပင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေး များက ကလေးစာပေပွဲတော် Theme Song တေးသီချင်းကို သီဆိုကပြ၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူလေးများက တေးသီချင်းအကများဖြင့် ဖျော်ဖြေ တင်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများ၊ ဧည့်သည်တော်များသည် ကလေးစာပေပြပွဲ၊ ပြခန်းနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

မအူပင်ခရိုင် ကလေးစာပေပွဲတော်ကို ကလေးများ စာအုပ်စာပေ၌ မွေ့လျော်ပြီး ရာသက်ပန် ပညာရှာမှီးသူများ ဖြစ်လာစေရန်၊ စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ် သည့် အလေ့အထကောင်းများ ရရှိလာစေရန်နှင့် ပညာ ဗဟုသုတရော ကိုယ်ရည်ကိုယ်သွေးပါပြည့်ဝ၍ အနာဂတ် တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်ကျင်းပပြုလုပ်ပေးခြင်းဖြစ်ပြီး ဒီဇင်ဘာ ၃၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပ သွားမည်ဖြစ်ကြောင်း၊ မည်သူမဆို လာရောက်ပါဝင်ဆင်နွှဲ နိုင်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ်အတွင်း ကျေးရွာ ၁၅ ရွာ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲ ကျင်းပ

**ရမည်းသင်း ဒီဇင်ဘာ ၃၀**

ရမည်းသင်းမြို့နယ်အတွင်း ကျေးရွာ ၁၅ ရွာ တစ်ပြိုင်တည်း လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် ညနေ ၃ နာရီက ထီးလှိုင်ကျေးရွာအုပ်စု ညောင်လေးပင် ကျေးရွာ ထရန်စဖော်မာအနီး၌ ကျင်းပရာ မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က လျှပ်စစ် မီးစက်ခလုတ် ဖွင့်လှစ်ပေးပြီး မီးလင်းရေးဆိုင်းဘုတ်အား အမွှေးနံ့သာများပက်ဖျန်းကြသည်။

ရမည်းသင်းမြို့နယ်အတွင်း ကျေးရွာ ၁၅ ရွာ လျှပ်စစ် မီးလင်းရေးအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရ ဘတ်ဂျက် ရန်ပုံငွေကျပ် သန်း ၅၅၅. ၁၀ အကုန်ကျခံ ဆောင်ရွက်ခြင်းဖြစ်သည်။ ကျေးရွာ ၁၅ ရွာမှ အိမ်ထောင်စု ၂၀၀၀ ကျော် လျှပ်စစ်မီးရရှိခဲ့ပြီးဖြစ်၍ ရမည်းသင်းမြို့နယ် အတွင်း ကျေးရွာပေါင်း ၂၄၇ ရွာရှိရာ ယခုမီးလင်းပြီး ၁၅ ရွာအပါအဝင် ကျေးရွာပေါင်း ၁၃၀ မီးလင်းပြီဖြစ် ကြောင်း ကျန်ကျေးရွာများကိုလည်း လျှပ်စစ်အမျိုးသား စီမံကိန်း(NEP စီမံကိန်း)နှင့် တိုင်းဒေသကြီးအစိုးရ၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆက်လက် ဆောင်ရွက်ပေး မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်ထံမှ သိရသည်။ **တင်ဦး(ရမည်းသင်း)**

# ဗန်ကောက်ရှိ Sathira Dhammasatha ကျောင်းတိုက်သို့ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ထိုင်းဘတ်ငွေငါးသိန်း လှူဒါန်း



**ရန်ကုန် ဒီဇင်ဘာ ၃၀**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် နှစ်သစ်ကူး ဆုတောင်းပွဲသို့ ရောက်ရှိနေသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုသည် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟ အသင်း(ဗဟို)က လှူဒါန်းသည့် ထိုင်းဘတ်ငွေ ငါးသိန်းအား ယနေ့နံနက်ပိုင်းက ဗန်ကောက်မြို့ရှိ Sathira Dhammasatha ကျောင်းတိုက်သို့ သွားရောက်လှူဒါန်းသည်။

ရှေးဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Sathira Dhammasatha ကျောင်းတိုက်သို့ သွားရောက်၍ ဗုဒ္ဓဘုရားဆင်းတုတော်အား အနေကဇာတင်ပူဇော်ကြပြီး ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဆရာကြီး Ven. Mae Chee Sananee Sthirasuta အား နဝကမ္မအလှူငွေအဖြစ် ထိုင်းဘတ်ငွေငါးသိန်း ဆက်ကပ်လှူဒါန်းသည်။

ညနေပိုင်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဦးဆောင်သော သံဃာတော်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းတို့မှ ထိုင်းနိုင်ငံရှိ သံဃာရာဇာ သာသနာပိုင်ချုပ် ဆရာတော် သီတင်းသုံးရာ ဝပ်ရာဇာဗိုဖစ် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဗုဒ္ဓရုပ်ပွားတော်အား ဆီမီးနှင့်အမွှေးနံ့သာများ ထွန်းညှိပူဇော်ကြသည်။

ထို့နောက် ဝိဟာရခန်းမတွင် နှစ်နိုင်ငံဗုဒ္ဓသာသနာ ပူးပေါင်းဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုက ဆရာတော်၊ သံဃာတော်များကို လျှောက်ထားခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ခြင်း၊ သာသနာပိုင်ချုပ်ဆရာတော်က ဧည့်သည်သံဃာတော်များနှင့် လူပုဂ္ဂိုလ်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်းနှင့် စုပေါင်းဓာတ်ပုံရိုက်ခြင်းတို့ ဆောင်ရွက်ကြသည်။

**သတင်းစဉ်**

# တောင်ကုတ်မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှု ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု လှည့်လည်ကြည့်ရှု

**ရမ်းဗြဲ ဒီဇင်ဘာ ၃၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ယနေ့တွင် တောင်ကုတ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်၊ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကုတ်မြို့ရှိ တောင်ကုတ်ဒီဂရီကောလိပ်အတွင်း ဆောက်လုပ်လျက်ရှိသည့် စာသင်ခန်း ၁၂ ခန်းပါ သုံးထပ်စာသင်ဆောင်ဆောက်လုပ်နေမှု၊ မိုးလုံလေလုံအားကစားရုံ ဆောက်လုပ်နေမှု၊ လေးခန်းတွဲလေးထပ် ဆရာ ဆရာမများ နေအိမ်ဆောက်လုပ်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုရာ အင်ဂျင်နီယာမှူး ဦးသန့်ဇင်ထွေးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

တောင်ကုတ်ဒီဂရီကောလိပ်အတွင်း ဆောက်လုပ်လျက်ရှိသည့် အဆောက်အအုံများနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လုပ်ငန်းလိုအပ်ချက်များကို မေးမြန်းပြီး စီမံကိန်းလုပ်ငန်းများကို စီမံချက်ပါသတ်မှတ်ချက်၊ စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန်၊ ပွင့်လင်းရာသီအတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ မောင်းကန်-မိုးတိမ်ပြင်လမ်း ဖောက်လုပ်နေမှုနှင့် ခရိုင်ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းထားမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။



ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရွာမ-ကျောက်ဆစ်တောင်လမ်းပေါ်ရှိ အရှည်ပေ ၇၀၀ ကျော်၊ အကျယ် ၁၄ ပေရှိ တန်းလွဲချောင်းတံတား တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ရွာမကျေးရွာအုပ်စုရှိ ရမ်းဗြဲချောင်းလယ်သမားတာတွင် နှစ်ပေါက်ကွန်ကရစ်ရေထိန်းတံခါး တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး ဘဏ္ဍာငွေရရှိမှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ တန်းလွဲဒေသ ၁၆ ခုတင်ဆံ့ ရွာမတိုက်နယ်ဆေးရုံ အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး တိုက်နယ်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသူများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လမူးမော်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရသည် ပြုပြင်ပြောင်းလဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်းဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း။

ဒေသခံပြည်သူများအနေဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်း မိမိတို့ဒေသနှင့် ကိုက်ညီသင့်တော်မည့် လုပ်ငန်းများကို ရွေးချယ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားလုံးက ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း၊ ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် ပွင့်ပွင့်လင်းလင်းဖြင့် လက်တွဲဆောင်ရွက်သွားပါက ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျေးရွာသူ ကျေးရွာသားများက လမ်းပန်းဆက်သွယ်ရေး၊ သဘာဝ ဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြရာ ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးပြီး ပညာရေးနှင့် သောက်သုံးရေရရှိရေးအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

**သတင်း-မော်စီ၊ ကိုမင်း၊ ဓာတ်ပုံ-တင်စိုး**

✪ **ရှေ့ဖုံးမှ**

ဆရာသမဂ္ဂ၊ ကျောင်းသားသမဂ္ဂနှင့် တက္ကသိုလ်ကောင်စီ ဖွဲ့စည်းရန်၊ ခွင့်ပြုဘဏ္ဍာငွေများကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိရောက်ပွင့်လင်းမြင်သာစွာသုံးစွဲရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မှော်ဘီမြို့နယ် နည်းပညာတက္ကသိုလ်(မှော်ဘီ)ရှိ စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ရဲချုပ်ဒိုင်းတောတွင်းခရီးကြမ်း ငါးမိုင် အပြေးတက်ပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ (၂၄)ကြိမ်မြောက် ရဲချုပ်ဒိုင်းတောတွင်းခရီးကြမ်းငါးမိုင် လက်နက်/ခဲယမ်းအပြည့်အစုံဖြင့် အပြေးတက်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၅ နာရီတွင် အမှတ်(၂၀)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ(နေပြည်တော်)၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများအား သေနတ်ပစ်ဖောက်တာလွှတ်ပေးသည်။

အဆိုပါပြိုင်ပွဲသို့ နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့နှင့် လက်အောက်ခံတပ်ဖွဲ့ခွဲများ၊ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့နှင့် လက်အောက်ခံတပ်ဖွဲ့ခွဲများ၊ သီးခြားတပ်ဖွဲ့များ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့များ၊ ရဲလေ့ကျင့်ရေးကျောင်းများမှ စုစုပေါင်း ၄၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ရဲချုပ်က ပထမဆုရရှိသည့် အမှတ်(၁၈)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲအသင်းအားလည်းကောင်း၊ ဒုတိယရဲချုပ်နှင့် ရဲအရာရှိကြီးများက ဒုတိယဆုရရှိသည့် သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့အသင်း၊ တတိယဆုရရှိသည့် အမှတ်(၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲအသင်းနှင့် နှစ်သိမ့်ဆုရရှိသည့်အသင်း ၁၂ သင်းတို့အား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**



# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင်များနှင့် အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ) ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃၀**
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပုလဲမြို့ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၀၈)၏ မော်တော်ယာဉ်များသို့ CNG ဖြန့်ဖြူးရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထောက်ကြန့်မြို့ရှိ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၄၂)၏ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအထွေထွေမန်နေဂျာ(CNG)နှင့် တာဝန်ရှိသူများက မော်တော်ယာဉ်များသို့ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက ဖြည့်စွက်တင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသော Standard Operating Procedure (SOP)များအတိုင်း လိုက်နာဆောင်ရွက်သွားရေးမှာကြားပြီး အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



### ပိတ်ရက်မရှိရောင်းချ

CNG သဘာဝဓာတ်ငွေ့ကို ရန်ကုန်တိုင်းဒေသကြီးရှိ အရောင်းဆိုင် ၄၁ ဆိုင်၊ မန္တလေးတိုင်းဒေသကြီးရှိ အရောင်းဆိုင် နှစ်ဆိုင်နှင့် မကွေးတိုင်းဒေသကြီးရှိ အရောင်းဆိုင် သုံးဆိုင် စုစုပေါင်း ၄၆ ဆိုင်ဖွင့်လှစ်ပြီး သဘာဝဓာတ်ငွေ့သုံးယာဉ် (Natural Gas Vehicle-NGV) ၂၈၂၉၉ စီးကို နေ့စဉ်သဘာဝဓာတ်ငွေ့ကုဗပေ ၂၃ သန်းခန့်အသုံးပြု၍ 1 kg (45 cuft) လျှင် ငွေကျပ် ၂၇၃ ဒသမ ၂၅ ကျပ်နှုန်းဖြင့် နေ့စဉ်စုစုပေါင်း kg 510000 ကျော်အား ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိသည်။

### ပိုမိုမြန်ဆန်ရေး

လက်ရှိဖြန့်ဖြူးရောင်းချနေသည့် CNG ဈေးနှုန်းသည် တစ်ဂါလန်လျှင် ကျပ် ၁၀၀၀ နှုန်းဖြစ်ရာ ဒီဇယ်၊ ဓာတ်ဆီတို့၏ ဈေးနှုန်းထက် သုံးဆခန့် လျော့နည်းသက်သာသဖြင့် ခရီးသည်ပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးကဏ္ဍများတွင် သက်သာစွာဖြင့် အသုံးပြုလျက်ရှိပြီး CNG အရောင်းဆိုင်များတွင် ဖြည့်တင်းချိန် ပိုမိုမြန်ဆန်ရေးအတွက် ခေတ်မီဖိအားမြှင့်စက်များဖြင့် အစားထိုးတပ်ဆင်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မှော်ဘီမြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ) ရှင်းလင်းဆောင်၌ စက်ရုံမှူးက ယူရီးယားဓာတ်မြေသြဇာထုတ်လုပ်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စက်ရုံ၏ ကုန်ထုတ်လုပ်မှု စွမ်းအားမြင့်မားရေး၊ ထုတ်ကုန်များအရည်အသွေးပြည့်မီရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အလေအလွင့်နည်းပါးရေး၊ ပြည်တွင်းဓာတ်မြေသြဇာလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းနိုင်ရေးနှင့် စီးပွားရေးအရတွက်ခြေကိုက်ပြီး အောင်မြင်သည့် စက်ရုံတစ်ရုံဖြစ်ရေး၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် စက်များကြံ့ခိုင်ရေးကိုစဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်သွားရန်မှာကြားပြီး Central Control Room ၌ Distributed Control System (DCS) စနစ်ဖြင့် စက်ရုံထိန်းချုပ်လည်ပတ်နေမှုနှင့် ယူရီးယားဖြန့်ဖြူးရေးဌာနတွင် ယူရီးယားဓာတ်မြေသြဇာများ ထုတ်လုပ်ဖြန့်ဖြူးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မှော်ဘီမြို့နယ်နှင့် အင်းစိန်မြို့နယ်ရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင် (၂) ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းပိုင်းဆိုင်ရာများကို လမ်းညွှန်မှာကြားသည်။ **သတင်းစဉ်**

# ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲနောက်ဆုံးနေ့ ဆက်လက်ကျင်းပ

**မူဆယ် ဒီဇင်ဘာ ၃၀**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ နောက်ဆုံးနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပရာ မူဆယ်ခရိုင်အတွင်းရှိ နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ ပန်ဆိုင်း(ကြူကုတ်) မြို့၊ မန့်ဟီးရိုးမြို့တို့ရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား မိဘများ၊ ကလေးသူငယ်များ၊ မိဘဆွေမျိုးများ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ စာရေးဆရာများ၊ စာပေချစ်မြတ်နိုးသူများက ပွဲတော်စတင်ဖွင့်လှစ်သည့်အချိန်မှစ၍ အဆက်မပြတ် ကျောင်းအလိုက်၊ မိသားစုအလိုက်လာရောက်ကြပြီး ခင်းကျင်းပြသထားသည့် အသိပညာပေး ပြခန်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပြခန်းများကို လာရောက် ကြည့်ရှုလေ့လာကာ ဖျော်ဖြေရေးအစီအစဉ်များနှင့် စာအုပ်အရောင်းဆိုင်များမှ နှစ်သက်ရာစာအုပ် စာစောင်များကို ဝယ်ယူအားပေးကြသည်။

ထို့နောက် အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများက ပုံပြောပြိုင်ပွဲတွင် ၂၈ ဦး၊ ကဗျာရွတ်ပြိုင်ပွဲတွင် ၂၉ ဦး၊ ကျပန်းစကားပြိုင်ပွဲတွင် ၂၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲတွင် တစ်ရက်လျှင် ကျောင်းသား ကျောင်းသူများ၊ ကလေးသူငယ်များ ၁၅၀၀ ခန့် လာရောက်ယှဉ်ပြိုင်ခဲ့သည်။

မင်္ဂလာမူဆယ်(နယူးစတားလိုက်) ဘုံဆောင်ခန်းမ၌ ပြုလုပ်သည့် ဖျော်ဖြေရေးအစီအစဉ်တွင် သူငယ်တော်ယိမ်းအက၊ ဆီမီးခွက်အက၊ အရိန္ဒမာအသိဆုံးပါ (ပုဂံအက) စသည့် အကခုနစ်မျိုး၊ အာဆီယံမြန်မာတေးသရုပ်ဖော်အက၊ အသီးတစ်ရာ အညှာတစ်ခု၊ ယဉ်တစ်ကိုယ်မယ်အက၊ လက်ရည်တစ်ပြင်တည်း သရုပ်ဖော်တေးသီချင်းအက စသည့် အက ၁၅ မျိုးတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။

စာပေဆွေးနွေးပွဲတွင် ကလေးများဘဝဖွံ့ဖြိုးဖို့ စာပေလေ့လာဖတ်ရှုစို့ ခေါင်းစဉ်ဖြင့် ကဗျာဆရာ ဦးမျိုးခိုင်(မူဆယ်)ကဦးဆောင်၍ နိုင်မျိုးသစ္စာ(နမ္မတူ)၊ ဇော်မျိုးဟန် (ငါးသိုင်းချောင်း)၊ ဒေါ်ခင်ဆွေလှိုင် (ကြည်လင်းသွန်း)တို့က ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**









# လွတ်လပ်ရေးနှင့် ထာဝရငြိမ်းချမ်းရေး

မောင်ခိုင်မာ(အထက်မင်းလှ)

**၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် မြန်မာနိုင်ငံသမိုင်းတွင် အမွန်အမြတ် ကမ္ပည်းမော်ကွန်းတင်ကာ အထွတ်အမြတ်ပြုရမည့် မြန်မာနိုင်ငံ၏ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံသည် ဗြိတိသျှနယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ် ရပ်တည်နိုင်ခဲ့သည်မှာ နှစ်ကာလအားဖြင့် ၇၁ နှစ်တိုင်ခဲ့ပါပြီ။**

### နိုင်ငံကို သုံးပိုင်းပိုင်း သုံးကြိမ်ကျွန်ပြုခဲ့

အမိမြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ကိုယ့်အရှင် ကိုယ့်သခင်နှင့် ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမတို့ စုစည်းညီညွတ်ချစ်ကြည်ရင်းနှီးစွာ နေထိုင်လာခဲ့ကြသည်ဖြစ်၏။ အထူးသဖြင့် အနော်ရထာမင်း (အေဒီ ၁၀၄၄-၁၀၇၇)၊ ဘုရင့်နောင်မင်းတရား (အေဒီ ၁၅၅၁-၁၅၈၁)နှင့် အလောင်းမင်းတရား (အေဒီ ၁၇၅၂-၁၇၆၀)လက်ထက်များတွင် ကာကွယ်ရေးအင်အား တောင့်တင်းစွာဖြင့် စည်းလုံးညီညွတ်သော နိုင်ငံတော်အဖြစ် ဂုဏ်ရှိန်မြင့်စွာ ရပ်တည်နိုင်ခဲ့ပေသည်။ သို့သော် ကုန်းဘောင်ခေတ်နှောင်းပိုင်း ကမ္ဘာကြီးတွင် နယ်ချဲ့စနစ်တွင်ကျယ်နေချိန်ဝယ် နယ်ချဲ့တို့က မြန်မာနိုင်ငံအား သုံးပိုင်းပိုင်းကာ သုံးကြိမ်သုံးခါ ကျွန်ပြုခဲ့လေသည်။

တိတိပပဆိုပါလျှင် မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ တပေါင်းလ (၅-၃-၁၈၂၄)တွင် နယ်ချဲ့တို့က ရှင်မဖြူကျွန်းအရေးကို အကြောင်းပြု၍ ပထမကျူးကျော်စစ်ကို ဖန်တီးလေသည်။ မြန်မာသက္ကရာဇ် ၁၁၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၄ ရက်နေ့(၂၄-၂-၁၈၂၆)တွင် အင်းဝနေပြည်တော်မှ မိုင် ၄၀ ခန့် ဝေးသော ရန္တပိုရွာ၌ စစ်ပြေငြိမ်းရေးစာချုပ်ဖြင့် မြန်မာတို့ အရှုံးပေးခဲ့ရသည်။ စစ်ပွဲကာလ နှစ်နှစ်ခန့်ကြာပြီး မြန်မာပိုင် မဏိပူရ၊ အာသံ၊ ရခိုင်နှင့် တနင်္သာရီတို့ကို နယ်ချဲ့တို့ သိမ်းယူလေ၏။ ဆက်လက်၍ ၁၇-၁၁-၁၈၅၁ ရက်နေ့တွင် အမရပူရပုဂံမင်းအား အင်္ဂလိပ်သံအမတ် မစ္စတာ လူးဝစ်က မချေမငံပြောဆိုမှုအတွက် ဒဏ်ငွေတပ်ရိုက်ခြင်းကို အကြောင်းပြု၍ မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ် တန်ခူးလ (၅-၄-၁၈၅၂)တွင် နယ်ချဲ့တို့က ဒုတိယကျူးကျော်စစ်ကို ဖန်တီးပြန်လေသည်။ စစ်ပွဲကာလ ရှစ်လခန့်သာ ကြာမြင့်ပြီး ၂၀-၁၂-၁၈၅၂ ရက်နေ့တွင် မြေထဲမြို့(အောင်လံမြို့)မှစ၍ မြန်မာပြည်အောက်ပိုင်း မုတ္တမ၊ ပဲခူး၊ ရန်ကုန်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများကို သိမ်းပိုက်ကြောင်း ကြေညာခဲ့ပြန်သည်။ နယ်ချဲ့၏ ရည်မှန်းချက်မှာ ကမ္ဘာ့မြေပုံမှ မြန်မာနိုင်ငံအား ဖျောက်ပစ်ရန် ဖြစ်သည်နှင့်အညီ သီပေါမင်းလက်ထက်တွင် ဘုံဘေဘားမားကုမ္ပဏီကိစ္စကိုအကြောင်းပြု၍ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့ (၁၁-၁၁-၁၈၈၅)တွင် မန္တလေးနေပြည်တော်သို့ တက်ရောက်သိမ်းပိုက်ရန် နယ်ချဲ့တို့က အမိန့်ထုတ်ပြန်ပြီး ဧရာဝတီမြစ်ကြောင်းမှ ဆန်တက်လာကြရာ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် မန္တလေးမြို့ ဂေါဝိန်ဆိပ်သို့ ဆိုက်ရောက်ကြသည်။ ထိုနေ့ညနေမှာပင် မြနန်းစံကျော် ရွှေနန်းတော်သို့ ဝင်လာကြပြီး သီပေါဘုရင်အား နန်းတော်ပြင်ပသို့ ထုတ်ကာ နိုဝင်ဘာလ ၂၉ ရက်နေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် ကာနယ်စလေဒင်ကြီးကြပ်၍ သူရိယသင်္ဘောဖြင့် ရန်ကုန်သို့ ခေါ်သွားခဲ့သည်။ ထိုမှတစ်ဆင့် အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ပို့ဆောင်ခဲ့သည်။ ထိုနေ့မှာပင် မြန်မာတစ်နိုင်ငံလုံးအား သိမ်းယူရရှိကြောင်း ကြေညာခဲ့သည်။ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်က ၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကို ဗြိတိသျှလက်အောက်ခံ အိန္ဒိယနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ကြေညာလိုက်သည်။ ဤသို့ဖြင့် မြန်မာ့ဦးစွန်း အနောက်သို့ ယွန်းခဲ့ရလေသည်။

### လွတ်လပ်ပြီ

ထိုသို့ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာဆုံးရှုံးခဲ့ရသည့် နေ့ရက်ကာလမှ စတင်ကာ ရဟန်းရှင်လူ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများကို တစ်ဗိုလ်တက် တစ်ဗိုလ်ဆင်းလျက် စဉ်ဆက်မပြတ် တရစပ်ကြိုးပမ်းခဲ့ကြလေသည်။ နောက်ဆုံးတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ၏ ပြည်တွင်း၊ ပြည်ပ နိုင်ငံရေးအခြေအနေအရပ်ရပ်ကို အမြော်အမြင်ရှိရှိ ဆက်စပ်သုံးသပ်ပြီး လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝစွာဖြင့် နယ်ချဲ့တို့အား တွန်းလှန်တိုက်ပွဲဝင်ခဲ့ကြရာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ပြန်လည်ထွန်းပေါ်လာရခြင်း ဖြစ်ပေသည်။

### လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေး

ယနေ့ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့သော် ထာဝရငြိမ်းချမ်းရေး မရသေးသဖြင့် အကျိုးဆက်အားဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေရပေသည်။ လွတ်လပ်ရေး၏ အရသာကို တင်းပြည့်၊ ကျပ်ပြည့် မခံစားရသေးပါ။ ယနေ့ နိုင်ငံတော်ဝယ် တွေ့ကြုံနေရသော အခက်အခဲမှန်သမျှ၏ လက်သည်တရားခံမှာ ပြည်တွင်းစစ်ဖြစ်၏။ လွတ်လပ်ရေးရပြီး သုံးလမပြည့်သေးမီမှာပင် (၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ကွန်မြူနစ်ပါတီ တောခိုသောကြောင့်) ပြည်တွင်းစစ်စဖြစ်သည်မှာ ယခုထိမရပ်သေးပါ။ နှစ်ပေါင်း ၇၀ ကျော်လာခဲ့ပါပြီ။ "ပြည်တွင်းစစ်ဖြစ်နေသော (မငြိမ်းချမ်းသော) နိုင်ငံသည် သစ်ပင်တစ်ပင်၏ ပင်စည်ကို သင်းသတ်လိုက်သကဲ့သို့ ဖွံ့ဖြိုးစည်ပင်မှု၊ ခက်လက်ဝေဆာမှု မဖြစ်နိုင်တော့ဘဲ သစ်ခြောက်ပင်ပမာ ဖြစ်ရာ၏" ဆိုသည့်အတိုင်း ယနေ့မြန်မာနိုင်ငံ ကြုံတွေ့ခံစားနေရသည့် ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး(အဆင်းရဲဆုံး)နိုင်ငံ(LDC) ဖြစ်ရခြင်းအပါအဝင် လူ့အခွင့်အရေး၊ လုံခြုံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အရပ်ဘက်၊ စစ်ဘက် ဆက်ဆံရေး စသည့် နောက်ကျခြင်း၊ အားနည်းခြင်း အထွေထွေတို့ကို "ပြည်တွင်းစစ်"ကပင် မွေးထုတ်ပေးလိုက်သည် မဟုတ်ပါလား။ အမှန်တကယ်အားဖြင့်လည်း ငြိမ်းချမ်းရေးကိုတည်ဆောက်ခြင်းသည် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန် ဆောင်ရွက်ခြင်းပင်ဖြစ်၍ ပြည်တွင်းအားဖြင့် အောင်မြင်အောင် ကြိုးစားကြရပေမည်။

> ငြိမ်းချမ်းရေးမဟာဗျူဟာဟု သတ်မှတ်ထားသော ငြိမ်းချမ်းရေး မူဘောင် NCA အခိုင်အမာရှိနေမှု၊ လုပ်ငန်းစဉ် အတိအကျ ရှိနေမှု စသည်တို့ကြောင့် ယနေ့ကာလကို ငြိမ်းချမ်းရေးရောင်နီပျိုးချိန် ဟု ဆိုနိုင်ပါသည်။ နှစ် ၇၀ ကျော် ငြိမ်းချမ်းရေးကြိုးပမ်းမှုခရီးစဉ် တစ်လျှောက်ဝယ် လက်ရှိအခြေအနေက အအောင်မြင်ဆုံး အနေအထားကို ရောက်ရှိနေသည်ဟု ဆိုနိုင်ပါသည်

သို့အတွက် ခေတ်အဆက်ဆက်အစိုးရများ၊ ငြိမ်းချမ်းရေးကို ခံမင်မြတ်နိုးတန်ဖိုးထားသူများ၊ အရပ်ဘက်အဖွဲ့အစည်းများက ပြည်တွင်းစစ် ချုပ်ငြိမ်းရေးကို စွမ်းအားရှိသလောက် ကြိုးပမ်းခဲ့ကြ၊ ကြိုးပမ်းနေကြပါသည်။ ငြိမ်းချမ်းရေးကြိုးပမ်းအားထုတ်မှုတွင် ပထမဦးဆုံးသော အရပ်ဘက်အဖွဲ့အစည်းကိုပြောပါဆိုလျှင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း နာယကအဖြစ် ဆောင်ရွက်သည့် ၁၉-၉-၁၉၄၈ ရက်နေ့တွင် ဖွဲ့စည်းခဲ့သော လက်နက်ကိုင်ပဋိပက္ခကြီးကို ငြိမ်းသတ်နိုင်ရေး ရည်ရွယ်သည့် "နိုင်ငံတော်အေးချမ်းသာယာရေးအဖွဲ့"ကြီးကို ညွှန်းဆိုရပေမည်။ လူပုဂ္ဂိုလ်ထဲကဆိုလျှင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းကိုပင် ညွှန်းဆိုရပေမည်။ ဤနေရာတွင် ဆရာကြီး၏ ငြိမ်းချမ်းရေးမိန့်ခွန်းများထဲမှ တစ်ခုကို ထုတ်နုတ်ဖော်ပြလိုပါသည်။ ဆရာကြီးသည် အရှေ့ဂျာမနီမှ ဆေးကုပြီး အပြန် ၂၇-၈-၁၉၆၀ ရက်နေ့တွင် "ဆန်းကဖီး"၌ ပြုလုပ်သော ဝမ်းမြောက်ဂုဏ်ပြုပွဲတွင် ဆရာကြီးက ". . . . ဆရာ ခေတ်အဆက်ဆက်ကို ကြုံတွေ့ခဲ့ရတဲ့အထဲမှာ အခုခေတ်ဟာ အဆိုးဆုံးပါပဲ။ လွတ်လပ်ရေးရတဲ့ ၁၁ နှစ်လုံး တစ်ပြည်လုံးမှာ ဒုက္ခသိပ်ရောက်ကြရတယ်။ စီးပွားရေးကျပ်တည်းမှု၊ အိုးအိမ်အပြည့်အစုံမရှိမှု၊ ကိုယ်ကျင့်တရားပျက်ပြားမှု၊ အသက်ခန္ဓာ မလုံခြုံမှုတွေကို လူတွေဟာ အလူးအလဲ ခံစားနေကြရတယ်။ ဒါဟာ ပြည်တွင်းစစ်ကြောင့်ပဲ။ ဆရာတို့ရှင်ကြီးဝမ်းလည်း ဝင်ဖူးပြီ၊ ရှင်ငယ်ဝမ်းလည်း ဝင်ဖူးပြီ။ နယ်ချဲ့ပယောဂကြောင့် ဒီပြည်တွင်းစစ်ကို အာဃာတကင်းကင်းနဲ့ အမြန်ဆုံး မရပ်စဲနိုင်ကြလျှင်တော့ တစ်တိုင်းပြည်လုံး အကြီးအကျယ် ဒုက္ခရောက်ကြဦးမယ်။ ဒါကြောင့် ဆရာဟာ ၁၉၄၈ ခုနှစ်ကတည်းကစပြီး အာဃာတပယ်ရှားရေး၊ သင့်ပုန်းချေရေး၊ ငြိမ်းချမ်းရေး လုပ်ကြပါလို့ ဆရာတိုက်တွန်းခဲ့တယ်။ ခုချိန်ထိ ဆက်မိုက်ကြတုန်းပဲ။ အာဃာတထားပြီး သတ်ကြဖြတ်ကြတုန်းပဲ။ ဒီလောက်သတ်ကြရလျှင် တော်လောက်ပါပြီလို့ ဆရာပြောပါတယ်"ဟု ပြောခဲ့သည်။ ဆရာကြီး၏ မေတ္တာရပ်ခံချက်က ယနေ့ထိ အသက်ဝင်နေလေသည်။

အစိုးရအဖွဲ့များ၏ ကြိုးပမ်းအားထုတ်မှုကို ကြည့်လျှင် ဖဆပလလက်ထက်မှာလည်း ကြိုးပမ်းခဲ့၏။ သို့သော် "ဆွေးနွေးပွဲက ပထမလား၊ လက်နက်စွန့်ရေးက ပထမလား" ဆိုသည်ကို နှစ်ဖက်ငြင်းခုန်ရင်း၊ စျေးဆစ်ကြရင်းဖြင့် မအောင်မြင်ခဲ့ပါ။ ၁၉၆၂ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော တော်လှန်ရေးကောင်စီက ၁၉၆၃ တွင် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် ကြေညာခဲ့ပြီး ၂-၉-၁၉၆၃ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် အပစ်အခတ်ရပ်ရေး စတင် ဆွေးနွေးခဲ့သည်။ ၃၁-၁၀-၁၉၆၃ ရက်နေ့အထိ ရှစ်ကြိမ် ဆွေးနွေးခဲ့သော်လည်း အကြောင်းကြောင်းကြောင့် မအောင်မြင်ပြန်။ ၁၉၆၃ ခုနှစ်အတွင်းမှာပင် KNU၊ မွန်ပြည်သစ်ပါတီ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့နှင့်လည်းကောင်း၊ ချင်းဦးစီးအဖွဲ့ကိုပါ ထည့်သွင်း၍ အမျိုးသားဒီမိုကရေစီညီညွတ်ရေး တပ်ပေါင်းစု (မဒညတ) နှင့်လည်းကောင်း ဆွေးနွေးခဲ့ကြသော်လည်း မအောင်မြင်ခဲ့ပါ။ ၁၄-၁၁-၁၉၆၃ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေး သာမက ငြိမ်းချမ်းရေးဆွေးနွေးမှုအားလုံးကိုပါ ရပ်စဲလိုက်ရပါသည်။ ထို့နောက် ၂၈-၃-၁၉၆၄ ရက်နေ့တွင် "အမျိုးသားစည်းလုံးညီညွတ်ရေးကာကွယ်သည့် ဥပဒေ" ထွက်ပေါ်လာပြီး ၁၉၈၀ ပြည့်နှစ်တွင် KIA နှင့်လည်းကောင်း၊ ၁၉၈၁ ခုနှစ်တွင် ဗကပနှင့်လည်းကောင်း ဆွေးနွေးခဲ့ကြသော်လည်း မအောင်မြင်ခဲ့ပါ။ ၁၉၈၈ ခုနှစ် အလွန် တပ်မတော်အစိုးရ၏ နဝတ၊ နအဖ အစိုးရ လက်ထက်တို့တွင် "လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ရေးဆွေးနွေးမှုများ"ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နှင့် လက်နက်ကိုင်တိုက်ပွဲများ ခေတ္တရပ်ဆိုင်းနိုင်ခဲ့ပါသည်။

### နှစ်ဖက်သဘောတူ အချောသပ်ရေးဆွဲ

သည်ဘက်ခေတ် ၂၀၁၁-၂၀၁၂ ခုနှစ်မှစတင်၍ ငြိမ်းချမ်းရေးကို ဒီဇိုင်းအသစ်ဖြင့် ဖော်ဆောင်ခဲ့ကြသည်။ ၁၈-၈-၂၀၁၁ ရက်နေ့တွင် ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၇-၈-၂၀၁၅ ရက်နေ့တွင် နှစ်ဖက်သဘောတူ အချောသတ်ရေးဆွဲခဲ့ပြီး ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် (EAOs) ရှစ်ဖွဲ့တို့ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ဆက်လက်၍ ၁၃-၂-၂၀၁၈ ရက်နေ့တွင် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့က NCA တွင် ပါဝင်လက်မှတ်ရေးထိုးကြသည်။ "ဝ" (UWSA)၊ မိုင်းလား(NDAA)၊ ရှမ်း(SSPP)၊ ကချင် (KIO)၊ တအာင်း/ပလောင် (OSLF-TNLA)၊ ရခိုင် (AA) နှင့် ကိုးကန့် (MNDAA) အစရှိသည့် ခုနစ်ဖွဲ့နှင့် ကရင်နီ (KNPP)နှင့် နာဂ (NSCN-K) တို့ NCA တွင် ပါဝင်ရန် ကျန်နေသေးသည်။

NLD အစိုးရလက်ထက်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးမူဝါဒ (လမ်းပြမြေပုံ) ထုတ်ပြန်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ပထမအကြိမ် ညီလာခံကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့အထိ ကျင်းပပြီး တိုင်းရင်းသားတို့၏ သဘောထားဆန္ဒများကို စုစည်းရယူခဲ့သည်။ ဒုတိယအကြိမ် ညီလာခံကို ၂၀၁၇ ခုနှစ် မေလ ၂၄ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပပြီး ပြည်ထောင်စုသဘောတူညီချက် အစိတ်အပိုင်း (၁)အဖြစ် ဘုံသဘောတူညီချက် ၃၇ ချက်ကို ရယူနိုင်ခဲ့သည်။ တတိယအကြိမ် ညီလာခံကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပပြီး ဘုံသဘောတူညီချက် ၁၄ ချက်ကို ရယူနိုင်ခဲ့သည်။ ဆက်လက်၍ ၂၀၁၈ ခုနှစ်အတွင်း တစ်ကြိမ်နှင့် ၂၀၁၉ ခုနှစ်တွင် နှစ်ကြိမ် ကျင်းပရန် လျာထားသော်လည်း ၂၀၁၈ ခုနှစ် လျာထားညီလာခံ ကျင်းပရန်မှာ ၂၀၁၉ နှစ်စပိုင်းလောက်မှ ကျင်းပနိုင်တော့မည် ထင်ပါသည်။

မကြာမီက ဝမ်းသာစရာသတင်းတစ်ခု ပေါ်ထွက်လာသည်။ မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ/မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်(MNTJP/MNDAA)၊ ပလောင်ပြည်နယ်လွတ်မြောက်တပ်ဦး/ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (PSLF/TNLA) နှင့် ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/ရက္ခိုင့်တပ်မတော်(ULA/AA) တို့ အနေဖြင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဆောင်ရွက်နေမှုအပေါ် ကြိုဆိုထောက်ခံကြောင်း၊ စစ်ရေးပဋိပက္ခနှင့် နိုင်ငံရေးပြဿနာများကို တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ဖြေရှင်းရန် ဆန္ဒရှိကြောင်း၊ ၁၂-၁၂-၂၀၁၈ ရက်နေ့က ထုတ်ပြန်ကြေညာခြင်းဖြစ်၏။ "ကြိုးစားခဲ့သမျှ အရာထင်ပါပြီ"ဟူ၍ပင် UPDJC အတွင်းရေးမှူးအဖွဲ့ဝင်ဖြစ်သူ အငြိမ်းစားဗိုလ်ချုပ်ကြီး ဦးခင်ဇော်ဦးက ဆိုသည်။ ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့်လည်း အဆိုပါသုံးဖွဲ့နှင့် နှစ်ဦးနှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ရရှိရန်နှင့် NCA အထိ ဆက်လက်ပါဝင်နိုင်ရေး ကြိုးပမ်းမည်ဟုဆိုသည်။ NCA အဖွဲ့ဝင် တိုးလေလေ ငြိမ်းချမ်းရေးခရီးနီးလေလေ ဖြစ်ပါသည်။ လက်နက်ကိုင်အဖွဲ့အစည်းအားလုံး စိတ်တူကိုယ်မျှဖြင့် NCA တွင် ပျော်ပျော်ပါးပါး ပါဝင်လက်မှတ်ရေးထိုးကြပြီးလျှင် နောက်ပိုင်းဆောင်ရွက်ဖွယ်ရာများကို သေနတ်သံကင်းစွာဖြင့် ဆွေးနွေးဆောင်ရွက်နိုင်ကြပါလိမ့်မည်။ ထိုအခြေအနေသို့ရောက်ရှိပါက လွတ်လပ်ရေး၏အဓိပ္ပာယ်နှင့် အနှစ်သာရ ပိုမိုလေးနက်ပေါ်လွင်လာပြီး ဒီမိုကရေစီဖက်ဒရယ်အုတ်မြစ် ပိုမိုခိုင်မာလာပါလိမ့်မည်။ **စာမျက်နှာ ၇ သို့** ❂

# နှစ်သစ်ကို မင်္ဂလာရှိစွာ ကြိုဆိုကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်(အင်္ဂါနေ့)သည် နှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းသွားပြီဖြစ်သည်။ပြောင်းလဲမှုလှိုင်းနှင့်အတူ နှစ်သစ်သို့ရောက်ရှိလာပြီဖြစ်သည်။ နှစ်သစ်ကို မင်္ဂလာရှိစွာကြိုဆိုနိုင်ရန်အတွက် မင်္ဂလာရှိသောအလုပ်များကို လုပ်ဆောင်သွားရန်လိုအပ်မည်ဖြစ်သည်။ လောကလူသားများအတွက် ထာဝရမှန်ကန်နေသော အရာများစွာရှိနေသည်။ ထိုအရာများအနက် ပြောင်းလဲမှုဆိုသောအရာလည်း ပါရှိသည်။ အချိန်နှင့်အမျှ ပြောင်းလဲမှုများဖြစ်ပျက်နေသည်။

ထိုပြောင်းလဲမှုနိယာမကြောင့် လူသားတို့သည် စက္ကန့်တိုင်းအိုမင်းရင့်ရော်နေကြသည်။ လူတစ်ဦး၏ သက်တမ်းသည် အမှတ်တမဲ့အချိန်အတွင်း လျှင်မြန်စွာ ကုန်ဆုံးသွားသည်။ ထို့ကြောင့် နှစ်ဆန်းတစ်ရက်နေ့တွင် ကျွန်ုပ်တို့အားလုံးလက်ခံလိုက်ရသောအချက်သည် အသက်တစ်နှစ်စီကြီးသွားကြခြင်းပင်ဖြစ်သည်။ နှစ်ဟောင်းတွင် အောင်မြင်မှုများကို ထုဆစ်ပုံဖော်နိုင်ကြသူများရှိသလို ကျရှုံးမှုများနှင့် မလွဲသာမရှောင်သာ ကြုံတွေ့ခဲ့ရသူများလည်း ရှိနေမည်မှာ အသေအချာပင်ဖြစ်သည်။ အဆွေစာရှုသူသည် အောင်မြင်သူလား၊ ကျရှုံးသူလား။

**အောင်မြင်မှုတံခါးများကိုခေါက်သင့်**

နှစ်ဟောင်းတွင် အောင်မြင်မှုမရရှိခဲ့သည့်တိုင်အောင် နှစ်သစ်အတွက် ခွန်အားများ မွေးမြူသွားကြရမည်ဖြစ်သည်။ လူတစ်ဦးချင်း၊ မိသားစုတစ်စုချင်း၊ လူ့အသိုက်အဝန်းတစ်ခုချင်းမှသည် တိုင်းပြည်တိုးတက်ရေးအတွက် ရည်မှန်းလျက် ကြိုးပမ်းသွားရန်လိုအပ်မည်ဖြစ်သည်။ လူတိုင်းတွင် လုပ်ဆောင်နိုင်သည့်စွမ်းအားများရှိနေကြသည်။ မလုပ်သေးလို့ပါ။ လုပ်မည်ဆိုလျှင် အောင်မြင်မှုသည် လက်တစ်ကမ်းတွင် ရှိနေသည်။ ထို့ကြောင့် နှစ်သစ်တွင်အောင်မြင်မှုတစ်ခုခုကိုရရှိအောင် ကြိုးပမ်းသွားမည်ဆိုသော စိတ်ကူးအိပ်မက်များကို ကိုယ်စီမက်ထားဖို့လိုမည် ထင်ပါသည်။ အောင်မြင်လိုသူတိုင်းသည် အောင်မြင်မှုဆိုသောတံခါးကို အကြိမ်ကြိမ်ခေါက်နေရန် လိုအပ်သည်။ မည်သည့်တံခါးကိုမျှ မခေါက်သူသည် မည်သည့်အောင်မြင်မှုမျှ ရရှိမည်မဟုတ်ချေ။

**အချိန်မရှိတော့ပေ**

ပြိုင်ဆိုင်မှုပြင်းထန်သောခေတ်ကြီးတွင် အချိန်ကုန်ဆုံးမှုသည် မြန်ဆန်လွန်းလှသည်။ ထိုသို့အဖိုးတန်သော အချိန်ကို သူများအကြောင်းမကောင်းပြောရင်း မဖြုန်းမိဖို့အထူးသတိထားသင့်သည်။ လက်ရှိအချိန်တွင် တချို့သောမြန်မာများသည် လူမှုကွန်ရက်ပေါ်တွင် တစ်ဦးနှင့်တစ်ဦး ပြစ်တင်ဝေဖန်ရင်း၊ ဆဲဆိုရင်း၊ ငွေဖြုန်းရင်း အချိန်ဖြုန်းနေကြသည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။ အောင်မြင်မှုရရှိလိုသောသူများသည် သူများအကြောင်း မကောင်းပြောဖို့အချိန်မရှိတော့ပေ။

လူတစ်ဦးသည် လွန်ခဲ့သော တစ်နှစ်လုံးတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဘာသာရေး စသည့် နယ်ပယ်တစ်ခုခုတွင် အောင်မြင်မှုတစ်စုံတစ်ရာမျှ မရရှိခဲ့ဘူးဆိုလျှင် ထိုသူသည် တစ်နှစ်ဆိုသော အချိန်ကာလကို အကျိုးမဲ့ဖြုတ်သန်းခဲ့ခြင်းဖြစ်သည်။ မနားမနေ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်နေမှသာလျှင် အောင်မြင်မှုဆိုသောအရာကို ဆုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။ မျက်မှောက်ခေတ်ကြီးတွင် ပျင်းရိလေးလံ တွေဝေထိုင်းမှိုင်းနေသောသူများအတွက် နေရာမရှိတော့ပေ။ အထူးသဖြင့် တန်ဖိုးရှိသောအချိန်ကို အလေအလွင့်မရှိအောင် သုံးစွဲနိုင်စွမ်းမရှိသူများသည် အဘက်ဘက်မှနောက်ကျကျန်ရစ်နေမည်မှာ မြေကြီးလက်ခတ် မလွဲပင်ဖြစ်သည်။ ထို့ကြောင့် ၂၀၁၉ ခုနှစ်တွင် အလဟဿအချိန်မဖြုန်းဘဲ ကိုယ်စီအလုပ်လုပ်ကြရတော့မည်ဖြစ်သည်။

**နှစ်သစ်သန္နိဋ္ဌာန်**

စင်စစ်အားဖြင့် လူတစ်ဦးချင်းစီသည် နှစ်ဟောင်းတွင် လုပ်ဆောင်ခဲ့မှုများကို နှစ်ချုပ်သုံးသပ်ချက်ပြုလုပ်သွားသင့်ပေသည်။ နှစ်ဟောင်းတွင် ပျော်ရွှင်စရာအောင်မြင်မှုများစွာ ရရှိခဲ့နိုင်သလို ရင်နာဖွယ်ရာ ဖြစ်ရပ်များကိုလည်းကြုံတွေ့ခဲ့ရနိုင်ပါသည်။ ထိုအောင်မြင်မှုနှင့် ကျရှုံးမှုတို့သည် လူတစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှုအပေါ်မူတည်၍ ကွဲပြားမှုရှိနိုင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ၂၀၁၉ ခုနှစ်ဆိုသော နှစ်သစ်ကိုမူ စိတ်သစ်၊လူသစ်၊ ခွန်အားသစ်များနှင့် မင်္ဂလာရှိစွာ ကြိုဆိုသွားသင့်ပါသည်။ သို့မှသာလျှင် နှစ်သစ်အတွက် လိုအပ်ဖွယ်ရာများကို ကြိုတင်ပြင်ဆင်နိုင်ကြမည်ဖြစ်သည်။ အထူးသဖြင့် နှစ်သစ်သန္နိဋ္ဌာန်တစ်ခုလောက်တော့ မပျက်မကွက် ချမှတ်သွားသင့်သည်။

အချို့သော မြန်မာများသည် နှစ်ဟောင်းကုန်ဆုံးချိန်တွင် နှစ်သစ်အတွက် နှစ်သစ်သန္နိဋ္ဌာန် ချမှတ်ရမည်ကိုပင် မသိရှိကြချေ။ မြန်မာ့ယဉ်ကျေးမှုမဟုတ်ဟုဆိုကာ စောဒကတက်နိုင်ကောင်း တက်နိုင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ မိမိဘဝတိုးတက်ရေးနှင့် လောကလူ့ရွာကောင်းကျိုးအတွက် အထောက်အကူပြုမည်ဆိုလျှင် အနောက်တိုင်းယဉ်ကျေးမှုဖြစ်နေသည့်တိုင်အောင် ထိုအလေ့အထကိုလည်း မွေးမြူကျင့်သုံးသွားသင့်ပါသည်။

**တိုင်းပြည်တိုးတက်ရေးဖော်ဆောင်ရန်လို**

လူတစ်ဦးသည် မိမိကိုယ်တိုင် ကြီးပွားတိုးတက်ရေးအပြင်မိမိနေထိုင်သော လူ့အသိုက်အဝန်းနှင့် တိုင်းပြည်တိုးတက်ရေးကိုလည်းအုတ်တစ်ချပ်သဲတစ်ပွင့်မျှ ပါဝင်ဆောင်ရွက်သင့်ပေသည်။ သို့မှသာလျှင် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်မည်မဟုတ်ပါလား။ လူတစ်ဦးသည် မွေးဖွားရာတိုင်းပြည်နှင့် လူမျိုးအတွက် မည်သည့်အရာမျှ စွမ်းဆောင်နိုင်ခြင်းမရှိလျှင် ထိုတိုင်းပြည်အတွက် လူပိုတစ်ဦးလိုဖြစ်နေမည်။ ထို့ကြောင့် ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် တတ်နိုင်သမျှပူးပေါင်းပါဝင် ဆောင်ရွက်သွားဖို့လိုပါသည်။

ဆိုရလျှင်မြန်မာနိုင်ငံသည် ၂၀၁၈ ခုနှစ်အတွင်း အတက်၊အကျကြမ်းခဲ့သည်။ အထူးသဖြင့် ရခိုင်အရေးပင်ဖြစ်သည်။ နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံ၏ ပုံရိပ်ကျဆင်းခဲ့ရသည်။ လက်ရှိအချိန်အထိလည်း တချို့သောအဖွဲ့အစည်းများနှင့် နိုင်ငံများက ကုလသမဂ္ဂတွင် ရခိုင်အရေးကိုပုံကြီးချဲ့ဆွေးနွေးနေကြဆဲပင်ဖြစ်သည်။ ရခိုင်အရေးတွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် ပြည်သူအားလုံး ပူးပေါင်းပါဝင်မှသာ ထိရောက်မှုရှိမည်ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အသက်တမျှပင် အရေးပါလှသည်။

တိုင်းပြည်လွတ်လပ်ရေးရရှိခဲ့သည်မှာ (၇၁) နှစ်ပင် ပြည့်တော့မည်ဖြစ်သည်။ သို့သော် တစ်နိုင်ငံလုံးလွှမ်းခြုံသော ငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်ခြင်းမရှိသေးပေ။ ကိုလိုနီအမွေဆိုးကြောင့် တိုင်းရင်းသားများအကြား စိတ်ဝမ်းကွဲနေဆဲပင်ဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့ NCA ၌ ပါဝင်လက်မှတ်ရေးထိုးခဲ့သဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်မှုရှိသည်ဟု ဆိုနိုင်ပေသည်။

ထို့အပြင် တပ်မတော်ကလည်း စစ်တိုင်းနယ်မြေ ငါးခုတွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ၂၀၁၉ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများရပ်ဆိုင်းထားသဖြင့် ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြသည်။ စစ်ဘေးရှောင်စခန်းမှပြည်သူများသည် သက်ဆိုင်ရာကျေးရွာများသို့ ပြန်နိုင်ကြတော့မည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ကြတော့မည်ဖြစ်သည်။ ကလေးငယ်များသည် ပုံမှန်ပညာရေးသင်ယူနိုင်တော့မည်ဖြစ်သည်။ ငြိမ်းချမ်းရေးအတွက် ရောင်ခြည်သန်းလာခြင်းပင် မဟုတ်ပါလား။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

သို့သော် တချို့သော သတင်းဌာနများက စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများရပ်ဆိုင်းထားသည့် ဒေသများတွင် တိုက်ပွဲများဖြစ်ပွားနေသယောင် မဟုတ်မမှန်သတင်းများ ထုတ်လွှင့်လျက်ရှိကြသည်။ တိုင်းရင်းသားများအနေဖြင့် ထိုသတင်းမှားများကို မယုံကြည်ဖို့လိုပေသည်။ ခေတ်သစ်ကိုလိုနီများသည် မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြန်လည်ရရှိပြီး ငြိမ်းချမ်းလာမည်ကို မနာလိုမရှုစိတ်ဖြစ်လျက် ရှိကြသည်။

ဆိုရလျှင်မြန်မာအများစုသည် ခံစားလွယ်ကြသည်။ ပြဿနာတစ်ခု၏ အခြေခံအကြောင်းအရင်းကိုမသိဘဲ အလျင်စလို ကောက်ချက်ချလေ့ရှိကြသည်။ အကျိုးဆက်အနေဖြင့်ပြဿနာကိုသာ ပိုမိုကြီးထွားစေပါသည်။ သူများပါးစပ်တွင် လမ်းဆုံးမနေရအောင်စာများများဖတ်ဖို့လိုပါသည်။ နည်းနည်းပြောပြီး များများတွေးဖို့လည်းလိုပါသည်။ မည်သို့ပင်ဆိုစေကာမူ နှစ်သစ်တွင် ပြည်သူအားလုံး အခြေခံစိတ်ဓာတ် ပြုပြင်ရန်လိုမည်ဟု ထင်သည်။

ထို့အပြင် တချို့သောပြည်သူများသည် မိမိထောက်ခံသည့်ပါတီများကို အကြောင်းပြု၍ အုပ်စုကွဲနေကြသည်။ လူမှုကွန်ရက်တွင် တစ်ဖွဲ့ကိုတစ်ဖွဲ့ အပြန်အလှန်ပြစ်တင်ရှုတ်ချဆဲဆိုနေကြသည်။ အကျိုးမရှိသော လုပ်ရပ်များပင်ဖြစ်သည်။တိုင်းပြည်တိုးတက်ရေးနှင့် အေးချမ်းသာယာရေးကို အမှန်တကယ်လိုလားသူများသည် ထိုသို့လုပ်နေမည်မဟုတ်ချေ။ နိုင်ငံအရေးနှင့်ယှဉ်လာလျှင် မိမိတို့၏ စိတ်ခံစားချက်များကို လျစ်လျူရှုနိုင်ရမည်ဖြစ်သည်။ ထိုသို့အုပ်စုကွဲပြားနေမည်ဆိုလျှင် တိုင်းပြည်သည် တိုးတက်သင့်သလောက် တိုးတက်မည်မဟုတ်ချေ။ စည်းလုံးခြင်းသည် အင်အားမဟုတ်ပါလား။

**ဗြဟ္မစိုရ်တရားကိုလက်ကိုင်ထား**

ဤနေရာတွင် မေတ္တာတရားသည် အရာအားလုံးကို လွှမ်းမိုးနိုင်စွမ်းရှိပါသည်။ ထို့ကြောင့် နှစ်သစ်တွင် လူတစ်ဦးနှင့်တစ်ဦး၊ ဘာသာတစ်ခုနှင့်တစ်ခု၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား မေတ္တာထားသွားကြရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာလျှင် အချင်းချင်း အမြင်လွဲမှားနေမှုများ၊ ပဋိပက္ခများ၊ စစ်ပွဲများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ လူအချင်းချင်း ဆင်းရဲ၊ ချမ်းသာ၊ ပညာတတ်၊ ပညာမဲ့၊ ရာထူးကြီး/ ငယ်၊ ဇာတ်နိမ့်၊ ဇာတ်မြင့် မခွဲခြားဘဲ မေတ္တာအရင်းခံဖြင့်သာ ဆက်ဆံသွားမည်ဆိုလျှင် အေးချမ်းသောလူ့အသိုက်ဝန်းကြီးကို ဧကန်မုချတည်ဆောက်နိုင်မည်ဖြစ်သည်။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့ကမ္ဘာကြီးသည် ထာဝစဉ်အေးချမ်းသာယာနေမည် ဖြစ်သည်။

စင်စစ်အားဖြင့် နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုးဒွန်တွဲ၍ ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကိုအကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည်။ အခြေခံအားဖြင့် ကျွန်ုပ်တို့၏ စိတ်ဓာတ်များကို ပြင်ဆင်သွားကြရမည်ဖြစ်သည်။ အထူးသဖြင့် နေ့စဉ် စားဝတ်နေရေးအတွက် လုပ်ကိုင်ရှာဖွေစုဆောင်းကြရာတွင် စိတ်ကောင်းရှိဖို့လိုပါသည်။ အရာရာတွင် ကိုယ်ချင်းစာတရားလက်ကိုင်ထားကြမည်ဆိုလျှင် အေးချမ်းသော လူ့အဖွဲ့အစည်းကိုတည်ဆောက်နိုင်မည်ဖြစ်သည်။ နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်ပေါင်းစုံတွင် အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များရှိနေရန် လိုအပ်ပါသည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ် ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် နှစ်သစ်တွင် ကျွန်ုပ်တို့၏ကိုယ်စီဘဝများ တိုးတက်အောင်မြင်ရေးအပြင် မိသားစု၊ လူမှုအဖွဲ့အစည်းနှင့် တိုင်းပြည်အကျိုးကိုပါ သယ်ပိုးနိုင်ရေးအတွက် ဗြဟ္မစိုရ်တရားကို လက်ကိုင်ထားလျက် ပြုမူကျင့်ကြံနေထိုင်သွားရန် အထူးလိုအပ်ပေသည်။

**နှစ်သစ်ကိုမင်္ဂလာရှိစွာကြိုဆိုကြပါစို့**

၂၀၁၉ ခုနှစ်ဆိုသည့် မင်္ဂလာရှိသောနှစ်သစ်ကို မင်္ဂလာရှိစွာဖြင့် ကြိုဆိုနိုင်ရေးအတွက် လူတစ်ဦးချင်းစီသည် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနများကိုလျှော့ချကာ မေတ္တာစိတ်မွေးမြူသွားရန် လိုအပ်မည်ဖြစ်သည်။ လူတစ်ဦးသည် လွန်ခဲ့သောနှစ်ဟောင်းအတွင်း အောင်မြင်မှုမှတ်တိုင်တစ်ခုမျှ စိုက်ထူနိုင်ခဲ့ခြင်းမရှိလျှင် တစ်နှစ်ဆိုသောသက်တမ်းကို အကျိုးမဲ့ဖြုတ်သန်းခဲ့သူသာဖြစ်သည်။ ထိုသို့မဖြစ်စေရန် နှစ်သစ်အတွက် အစစအရာရာကြိုတင်ပြင်ဆင်သွားကြရမည်ဖြစ်သည်။ အထူးသဖြင့် မိမိနှင့် မိမိ မိသားစု၊ မိမိအသိုက်အဝန်း၊ မိမိတိုင်းပြည်အတွက် ကောင်းရာကောင်းကျိုးတစ်ခုခုကို ဆောင်ကြဉ်းပေးနိုင်အောင် ကြိုးပမ်းသွားသင့်သည်။ သို့မှသာလျှင် လူ့တာဝန်ကျေပွန်သည့် လူသားဆန်သော လူတစ်ဦးဖြစ်နေမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ၂၀၁၉ ခုနှစ်တွင် ပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး စိတ်ကူးအိပ်မက်များကို အောင်မြင်စွာ အကောင်အထည်ဖော်သွားနိုင်ကြပါစေ။ ။

> ‘ နှစ်သစ်တွင်အောင်မြင်မှု တစ်ခုခုကိုရရှိအောင် ကြိုးပမ်းသွားမည်ဆိုသော စိတ်ကူးအိပ်မက်များကို ကိုယ်စီမက်ထားဖို့ လိုမည်ထင်ပါသည်။ အောင်မြင်လိုသူတိုင်းသည် အောင်မြင်မှုဆိုသောတံခါးကို အကြိမ်ကြိမ်ခေါက်နေရန် လိုအပ်သည်။ ’

---

❂ စာမျက်နှာ ၆ မှ

**ပြည်သူတစ်ရပ်လုံးက**

အမှန်တကယ်အားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် အပြောလွယ်သလောက် အလုပ်ခက်မည်ဖြစ်၏။ သို့သော် “ပြည်သူတစ်ရပ်လုံးက စစ်ကို မုန်းတီးနေကြပြီး ငြိမ်းချမ်းရေးကို လိုချင်နေကြကြောင်း၊ ဒါကြောင့် အခက်အခဲအားလုံးကို ကျော်ဖြတ်ပြီး ငြိမ်းချမ်းရေးခရီးရှေ့ကို ဆက်လက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်” ဟူ၍ ၁၉-၉-၂၀၁၇ ရက်နေ့က ငြိမ်းချမ်းရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုနှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားခဲ့ပါသည်။ ပကတိမြေပြင်အခြေအနေကို ကြည့်လျှင်လည်း ပြည်သူတို့၏ ငြိမ်းချမ်းရေးအာသီသ ပြင်းပြမှု၊ ပါဝင်ပတ်သက်သူများနှင့် တာဝန်ရှိသူတို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးပမ်းအားထုတ်နေမှု၊ နိုင်ငံတကာနှင့် မိတ်ဆွေနိုင်ငံများ၏ ကူညီပံ့ပိုးမှု၊ ငြိမ်းချမ်းရေးမဟာဗျူဟာဟု သတ်မှတ်ထားသော ငြိမ်းချမ်းရေးမူဘောင် NCA အခိုင်အမာရှိနေမှု၊ လုပ်ငန်းစဉ် အတိအကျရှိနေမှု စသည်တို့ကြောင့် ယနေ့ကာလကို ငြိမ်းချမ်းရေးရောင်နီပျိုးချိန်ဟု ဆိုနိုင်ပါသည်။ နှစ် ၇၀ ကျော် ငြိမ်းချမ်းရေး ကြိုးပမ်းမှုခရီးစဉ်တစ်လျှောက်ဝယ် လက်ရှိအခြေအနေက အအောင်မြင်ဆုံးအနေအထားကို ရောက်ရှိနေသည်ဟု ဆိုနိုင်ပါသည်။ နှစ်ဖက်သဘောထား ကွဲလွဲမှုအချက် ၁၃၀ ခန့်သည် ယခုအခါ အချက်အလက်(ခု)ဂဏန်းလောက်သာ ကျန်ရှိနေတော့ခြင်းဆိုသည်က နည်းနည်းနောနော အောင်မြင်မှုမဟုတ်ကြောင်း ဖော်ပြနေပါသည်။ ထို့ကြောင့် ယခုအချိန်သည် ထာဝရငြိမ်းချမ်းရေးအောင်ပန်းကို ဆွတ်ခူးရန် အကောင်းဆုံးအနေအထားဖြစ်သည်ဟု ဆိုရပါလိမ့်မည်။

အနှစ်ချုပ်အားဖြင့် ဆိုရပါလျှင် ထာဝရငြိမ်းချမ်းရေးသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ရေးအတွက် လွန်စွာအရေးပါသည့်အလျောက် လက်ရှိဆုပ်ကိုင်ရရှိထားသော အခြေအနေကောင်း၊ အခွင့်အလမ်းကောင်းများကိုအခြေခံကာ အားလုံးက စုပေါင်းညီညွတ်စွာဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်ကြပါလျှင် ကျွန်ုပ်တို့အားလုံး မျှော်မှန်းသော ထာဝရငြိမ်းချမ်းသည့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော မြန်မာနိုင်ငံအဖြစ် ကမ္ဘာ့အလယ်ဝင့်ထည်စွာ ပေါ်ထွက်လာမည်မှာ မလွဲဧကန်ဖြစ်ကြောင်း၊ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုတင်ပြလိုက်ရပေသည်။

ကိုးကား။

၁။ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲသမိုင်းဝင် စာရွက်စာတမ်းများ၊ အမှတ်(၁)၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။

၂။ ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးစာပေစာတမ်းများ။

# နှစ်သစ်ကူးရုံးပိတ်ရက်တွင် နေပြည်တော်တစ်ဝန်း အပန်းဖြေလည်ပတ်သူများဖြင့် စည်ကားများပြား

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မြန်မာသက္ကရာဇ် နတ်တော်လပြည့်ကျော် ၇၊ ၈၊ ၉၊ ၁၀ ရက် (ခရစ်နှစ် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၉၊ ၃၀၊ ၃၁ နှင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်)တို့သည် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ၏ နှစ်သစ်ကူးရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် ဖြစ်သည်နှင့်အညီ နေပြည်တော်တစ်ဝန်းရှိ အပန်းဖြေနေရာ များနှင့် ဘုရားကျောင်းကန်များတွင် အပန်းဖြေလေ့လာသူ များဖြင့် စည်ကားများပြားလျက်ရှိသည်။



**ပိုမိုများပြား**

နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တွင် ယနေ့နံနက်ပိုင်းမှ စတင်၍ လာရောက်လည်ပတ်ကြသူ များဖြင့် စည်ကားလျက်ရှိပြီး ယခုကဲ့သို့ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် ဝန်ထမ်းများနှင့် ပုဂ္ဂလိက ကျောင်းများမှ ကျောင်းသားကျောင်းသူအဖွဲ့များ လာရောက် လည်ပတ်မှု ပိုမိုများပြားကြောင်း အမျိုးသားအထိမ်းအမှတ် ဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒီလထဲမှာ ခရစ္စမတ်မတိုင်ခင် ရုံးပိတ်ရက်တွေကတည်းက လာရောက်လည်ပတ်သူ များပါတယ်။ အခု နှစ်သစ်ကူး ရုံးပိတ်ရက်မှာလည်း ဒီဇင်ဘာ ၂၉ ရက်က လာရောက် လည်ပတ်သူအနေနဲ့ ပြည်တွင်းက ၁၃၀၀ ကျော်နဲ့ ပြည်ပက ၂၀ ကျော်လောက် လာရောက်ကြပါတယ်။ အစိုးရ ရုံးပိတ်ရက်ဖြစ်တဲ့အတွက် ဝန်ထမ်းတွေနဲ့ ကျောင်းသား ကျောင်းသူတွေ လာရောက်ကြတာ များပါတယ်" ဟု နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်မှ ဝန်ဆောင်မှုဌာန တာဝန်ခံ ဒေါ်ခင်နန်းစိုးက ပြောသည်။

ထို့ပြင် လာရောက်လည်ပတ်သူများအနေဖြင့် မိမိတို့ ကိုယ်ပိုင်ကားငယ်များဖြင့်လည်း အမျိုးသားအထိမ်းအမှတ် ဥယျာဉ်အတွင်းသို့ ဝင်ကြေးပေးဆောင်၍ ဝင်ရောက် လည်ပတ်နိုင်ပြီး ဥယျာဉ်အတွင်း၌ တစ်နေ့လုံး ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန် စီစဉ်ပေးထားကြောင်း ၎င်းက ပြောသည်။

"ကျွန်မတို့က မိတ္ထီလာမြို့ကနေ မိသားစုနဲ့အတူ လာရောက်လည်ပတ်တာပါ။ ကျွန်မက အထက်တန်းပြ ဆရာမတစ်ယောက်ပါ။ ဒီလို နှစ်သစ်ကူးရုံးပိတ်ရက် လေးရက်ရတဲ့အချိန်မှာ မိသားစုနဲ့ခရီးထွက်ဖြစ်တာပါ။ ဒီလိုပိတ်ရက်လေးတွေမှာ ခရီးထွက်ရတာ စိတ်လန်းဆန်း ပေ့ါပါးသွားသလို ပျော်ဖို့လည်းကောင်းပါတယ်" ဟု နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့ မိသားစုဖြင့် လာရောက်လည်ပတ်နေသည့် အထက်တန်းပြ ဆရာမ ဒေါ်ရှုပန်က ပြောသည်။

ထို့အတူ ဗဟုသုတများစွာရရှိစေမည့် နေပြည်တော် စစ်သမိုင်းပြတိုက်တွင်လည်း ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများက အဖွဲ့လိုက်၊ မိသားစုလိုက် လာရောက်လေ့လာလျက်ရှိကြပြီး လယ်ဝေးမြို့နယ် ကြောင်ရေစံပြကျေးရွာမှ စတုတ္ထတန်းကျောင်းသား မောင်ပြည့်မောက်စံက "ကျွန်တော်တို့ ဆရာမတွေရယ်၊ သူငယ်ချင်းတွေရယ် ကျောင်းပိတ်ရက်မှာ ပျော်ပွဲစားထွက် ကြတာပါ။ စစ်သမိုင်းပြတိုက်မှာ တပ်မတော် ရဟတ်ယာဉ် တွေ၊ တိုက်လေယာဉ်တွေ လေ့လာရတာ စိတ်ဝင်စားတယ်။ ဒီလိုလေယာဉ်ကြီးတွေလည်း မောင်းချင်တယ်"ဟု ပြောသည်။

**လာရောက်လည်ပတ်**

ထို့အတူ နေပြည်တော်ရှိ အထင်ကရနေရာများဖြစ်သော ဥပ္ပါတသန္တိစေတီတော်၊ ဗုဒ္ဓဂယာ၊ မဟာသကျရံသီစေတီတော်၊ ဓာတုဇယ ဓာတ်ပေါင်းစုစေတီတော် စသည့် ဘုရားကျောင်းကန်များနှင့် ငလိုက်ဆင်စခန်း၊ နေပြည်တော် တိရစ္ဆာန်ဥယျာဉ် စသည့် အပန်းဖြေနေရာများတွင်လည်း ကုသိုလ်ပြုကြသူများနှင့် လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ညပိုင်းတွင် ရေပန်းဥယျာဉ်၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသူများက မိသားစုဖြင့်လည်းကောင်း၊ သူငယ်ချင်းအပေါင်းအသင်းများဖြင့်လည်းကောင်း အေးချမ်းစွာအပန်းဖြေအနားယူလျက်ရှိကြသည်။

**သတင်း-ဇော်မျိုး၊ ဓာတ်ပုံ-ထိန်နန်နော်**

# မန္တလေးမြို့တစ်ခွင် ရုံးပိတ်ရက်ရှည်ကာလအတွင်း လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကား

**မန္တလေး ဒီဇင်ဘာ ၃၀**

နှစ်သစ်ကူးရုံးပိတ်ရက်နှင့် ဒီဇင်ဘာကျောင်းပိတ်ရက်ရှည်ကာလအတွင်း မန္တလေးမြို့သို့ ဘုရားဖူး၊ အပန်းဖြေလေ့လာရန် မြန်မာနိုင်ငံအနှံ့အပြားမှ လာရောက်လည်ပတ်ကြသူများဖြင့် မန္တလေးမြို့တစ်ခွင်အထူးစည်ကားလျက်ရှိကြောင်း သိရသည်။



မန္တလေးမြို့သို့ လာရောက်လည်ပတ်ကြသူများအနေဖြင့် ယခုလို ဆောင်းရာသီကာလတွင် မန္တလေးမြို့၏ ချမ်းအေးသည့်အရသာကိုခံစားရင်း တန်ခိုးကြီးဘုရားများနှင့် ယဉ်ကျေးမှုအမွေအနှစ်များစွာကို လည်ပတ်လေ့လာဖူးမြော်ရခြင်းသည် ရသမျိုးစုံခံစားခွင့်ရရှိကြောင်း ရန်ကုန်မြို့မှ စက်ရုံပိတ်ရက်အတွင်း သူငယ်ချင်းများနှင့် စုပေါင်းဘုရားဖူးအပန်းဖြေရန် လာရောက်လည်ပတ်သူ ကိုမင်းမင်းဦးက ပြောသည်။

"လှိုင်သာယာအထည်ချုပ်စက်ရုံက ဝန်ထမ်းတွေပါ။ ပိတ်ရက်ရှည်ရတုန်းလေး သူငယ်ချင်းတွေစုပြီး ခရီးထွက်ခဲ့ကြတာပါ။ မန္တလေးကို ဒီနေ့မနက်ပဲ ရောက်ပါတယ်။ ရောက်ရောက်ချင်း မန္တလေးရဲ့ ဆောင်းရာသီအရသာကိုခံစားလိုက်ရတယ်။ မဟာမုနိနဲ့ မန္တလေးတောင်ပေါ်ဘုရားတွေဖူးပြီး အခုကုသိုလ်တော်ဘုရားကို လာဖူးတာပါ။ မနက်ဖြန်တော့ ပြင်ဦးလွင်ပန်းပွဲတော်ကိုသွားပြီး အပန်းဖြေဖို့ စီစဉ်ထားတယ်။ ဆောင်းရာသီအငွေ့အသက်နဲ့ ဘုရားဖူးအပန်းဖြေခွင့်ရတဲ့ မန္တလေးခရီးစဉ်ကို အားရကျေနပ်ပါတယ်" ဟု ပြောသည်။

ထို့ပြင် ရုံးပိတ်ရက်နှင့် ကျောင်းပိတ်ရက်ရှည်တိုက်ဆိုင်သဖြင့် မိသားစုလိုက် ရန်ကုန်မြို့မှ လာရောက်လည်ပတ်ကြသူ ဒေါ်တင်တင်အေးကလည်း "သားသမီးတွေ၊ မြေးတွေ အားလပ်ရက်လေးရတုန်း မန္တလေးမြို့ရဲ့ တန်ခိုးကြီးဘုရားတွေကို ဖူးမြော်ရင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံတွေကို လာရောက်လေ့လာတာပါ။ ငါးနှစ်လောက်မရောက်ခဲ့တဲ့ မန္တလေးမြို့ရဲ့ မြင်ကွင်းတွေက အများကြီးပြောင်းလဲတိုးတက်နေတာတွေ့ရပါတယ်" ဟု ပြောသည်။

ယခုလို ရုံးပိတ်ရက်ရှည်ခံစားခွင့်ရရှိသည့်အချိန်တွင် ခရီးထွက်ခွာ၍ တန်ခိုးကြီးဘုရားများ ဖူးမြော်ရင်း မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်လက်ရာများဖြစ်သည့် ကျုံးမြို့ရိုး၊ ရွှေနန်းတော်ကျောင်းနှင့် အမရပူရမြို့၏ ရှေးဟောင်းအဆောက်အအုံများကိုလေ့လာကာ ဦးပိန်တံတားကြီးပေါ် မိသားစုအလိုက် ပျော်ရွှင်စွာလမ်းလျှောက်၍ မန္တလေးမြို့သို့ရောက်ရှိသည့်အရသာကို ပြည့်ဝစွာ ခံစားမည်ဖြစ်ကြောင်း ပုသိမ်မြို့မှလာရောက်လည်ပတ်သည့် ဦးသန်းလှက ပြောသည်။

မန္တလေးမြို့သို့လာရောက်လည်ပတ်ကြသူများသည် အဝေးပြေးယာဉ်များ၊ ရထားများဖြင့် လာရောက်သူများရှိသကဲ့သို့ မိသားစုဆွေမျိုးနှင့် ရင်းနှီးချစ်ခင်သူများစုပေါင်း၍ စင်းလုံးအငှားယာဉ်များဖြင့်လည်း လာရောက်ကြပြီး ၎င်းတို့လည်ပတ်ရောက်ရှိရာနေရာများတွင်ဒေသထွက်ကုန်များလည်း ရောင်းအားကောင်းကြသဖြင့် ဒေသခံများလည်း ပျော်ရွှင်လျက်ရှိကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ပန်းမြို့တော်ပြင်ဦးလွင်သို့ ခရီးသွားပြည်သူများ လာရောက်လည်ပတ်

**ပြင်ဦးလွင် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး၊ အမျိုးသားကန်တော်ကြီးဥယျာဉ်၏ (၁၃)ကြိမ်မြောက် ပန်းပွဲတော်၊ ပိတ်ချင်းမြောင်လိုဏ်ဂူတော်၊ ပွဲကောက်ရေတံခွန်၊ တရုတ်ဘုံကျောင်း၊ နှီးဘုရား၊ ဓာတ်တော် ချိုင့်ရေတံခွန်များသို့ ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများနှင့် ဝန်ထမ်းများသည် နိုင်ငံတကာနှစ်သစ်ကူးအကြိုနေ့ အားလပ်ရက်အတွင်း လာရောက်လည်ပတ်လျက်ရှိကြသည်။

ခရီးသွားပြည်သူများသည် ပြင်ဦးလွင်မြို့ရှိ တန်ခိုးကြီး ဘုရားဖြစ်သည့် မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီး အား ဦးစွာဖူးမြော်ကာ နှစ်သစ်အတွက် မိမိတို့၏ ကောင်းမွန်သော အလှူဒါနနှင့်အတူ လိုရာဆုတောင်းပြီး သမိုင်းဝင် ပိတ်ချင်းမြောင်လိုဏ်ဂူတော်အတွင်းရှိဘုရားအား ဖူးမြော်ပြီး ရှားပါးဆေးဝါးများ ဝယ်ယူကြသည်။ ထို့ပြင် သဘာဝရေစီးဆင်းလျက်ရှိသော ပွဲကောက်ရေတံခွန်သို့ ရေကစားအပန်းဖြေခြင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)၏ (၁၃)ကြိမ်မြောက် ပန်းပွဲတော်ကို ယခင်နှစ်များနှင့် မတူအောင် ပန်းအလှဆင်နည်းပညာများ၊ ပန်းစိုက်ပျိုးနည်းပညာများ၊ ပန်းမျိုးများ အကြောင်းကို လေ့လာရင်း မိသားစုနှင့်အတူ လက်ဆုံထမင်းစားပြီး တစ်နှစ်တာ၏ ပင်ပန်းနွမ်းနယ်မှုများကို အပန်းဖြေလျက် နှစ်သစ်ကို ကြိုဆိုကြသည်။

ယခုလို နိုင်ငံတကာ နှစ်သစ်ကူးအကြိုနေ့အပါအဝင် ရုံးပိတ်ရက်များတွင် မိသားစုနှင့်အတူ မြန်မာနိုင်ငံ၏ ပန်းမြို့တော်ဖြစ်သည့် ပြင်ဦးလွင်မြို့ရှိ တန်ခိုးကြီးဘုရားနှင့် အပန်းဖြေဥယျာဉ်အတွင်းသို့ လာရောက်လည်ပတ်ရသည့်အတွက် လည်ပတ်သူတို့စိတ်ကို လန်းဆန်းစေခြင်း၊ နှစ်သစ်အတွက် အားမာန်အပြည့်ရှိခြင်း၊ ဒေသထွက်ပစ္စည်းများကို ဝယ်ယူရရှိခြင်း၊ ရှားပါးဆေးဝါးများကို အလွယ်တကူရရှိသဖြင့် အလွန်ပင် ဝမ်းသာပီတိဖြစ်ရပါကြောင်း ခရီးသွားပြည်သူတစ်ဦးဖြစ်သည့် ဦးကျော်မင်းက ပြောကြားခဲ့သည်။

**ဇော်မျိုးထိုက်(ပြင်ဦးလွင်)**



နေပြည်တော်ရှိ ဗုဒ္ဓဂယာတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေစဉ်။ ဓာတ်ပုံ-ထိန်နန်နော်



ပဲခူးရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ဘုရားဖူးယာဉ်များ စည်ကားနေစဉ်။ ဓာတ်ပုံ-ဟိန်းထက်(ပဲခူး)



နေပြည်တော် ဗုဒ္ဓဂယာ ဓာတ်ပုံပြခန်းတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေစဉ်။ ဓာတ်ပုံ-ထိန်နန်နော်



အင်းဝဒေသရှိ ဗားကရာကျောင်းတွင် လာရောက်လေ့လာသူများဖြင့် စည်ကားနေစဉ်။ ဓာတ်ပုံ-သန်းဇော်မင်း



နေပြည်တော် စစ်သမိုင်းပြတိုက်တွင် လာရောက်လေ့လာသူများဖြင့် စည်ကားနေစဉ်။ ဓာတ်ပုံ-ထိန်နန်နော်



မန္တလေး ကုသိုလ်တော်ဘုရားတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေစဉ်။ ဓာတ်ပုံ-မင်းထက်အောင်



နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့ လာရောက်လေ့လာကြသူများကို တွေ့ရစဉ်။ ဓာတ်ပုံ-ထိန်နန်နော်



နေပြည်တော် ရေပန်းဥယျာဉ်တွင် လာရောက်အပန်းဖြေလေ့လာသူများဖြင့် စည်ကားနေစဉ်။ ဓာတ်ပုံ-ထိန်နန်နော်

# ခန်းဆောင်နီအိပ်မက် တရုတ်ရုပ်သံဇာတ်လမ်းတွဲ ထုတ်လွှင့်ပြသနိုင်ရေးအတွက် ဇာတ်လမ်းတွဲအား အသံသွင်းနိုင်ရေး ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) နှင့် တရုတ်နိုင်ငံ ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာန (GXBS) တို့ပူးပေါင်း၍ "ခန်းဆောင်နီအိပ်မက်"တရုတ်ရုပ်သံဇာတ်လမ်းတွဲ ထုတ်လွှင့်ပြသနိုင်ရေးအတွက် အသံသွင်းနိုင်ရေး ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Royal ACE Hotel ၌ ကျင်းပသည်။**(ယာပုံ)**



"ခန်းဆောင်နီအိပ်မက်" ရုပ်သံဇာတ်လမ်းတွဲသည် တရုတ်နာမည်ကျော် ဂန္ထဝင်ဝတ္ထုဖြစ်ပြီး CCTV နှင့်တရုတ်ရုပ်သံဇာတ်လမ်းတွဲစင်တာတို့ ပူးပေါင်းရိုက်ကူးခဲ့ကာ ၁၉၈၇ ခုနှစ်တွင် တရုတ်ပြည်၌ ပြသခဲ့ကြောင်း သိရသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကွမ်ရှီးပြည်သူ့အသံလွှင့်ဌာနတို့ ပူးပေါင်းအသံထပ်ပြီး မင်္ဂလာပါ ချောင်အန်း၊ အေးအတူ ပူအမျှ ၊ မေတ္တာမျဉ်းပြိုင်၊ မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း၊ တောပျော်မျောက်ကလေး ကျွမ့်ကျွမ့် တရုတ်ရုပ်သံဇာတ်လမ်းတွဲနှင့် ကာတွန်းကားအပိုင်း ၁၇၀ ကျော်ကို ပြသခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ခန်းဆောင်နီအိပ်မက် ရုပ်သံဇာတ်လမ်းတွဲနှင့်စပ်လျဉ်းပြီး စာရေးဆရာမုံရွာအောင်ရှင်က "အခုဇာတ်လမ်းက တော်တော်ကောင်းပါတယ်။ လူ့ဘဝမှာ ဖြစ်ပျက်နေတာတွေကို အသေးစိတ် ရိုက်ထားတာပါ။ အထူးသဖြင့် တရုတ်ပဒေသရာဇ်စနစ်ထဲမှာ ဖြစ်ပျက်နေတာတွေ၊ တစ်ယောက်နဲ့တစ်ယောက် အမုန်းတရားတွေ ချစ်ခြင်းမေတ္တာတွေ၊ ဆင်းရဲဒုက္ခတွေ၊ နောင်တတရားတွေ အကုန်လုံးကို ပေါ်အောင်ရေးထားတာပါ။ ရိုက်တာလည်းတော်တယ်။ တကယ့်ကို သေသေချာချာပေါ်လွင်အောင် ရိုက်ထားတာပါ။ ဒါကြောင့်လည်း ပရိသတ်တွေ ကြိုက်လိမ့်မယ်လို့ ထင်တယ်။ အဲဒီအထဲမှာ ပြောတဲ့ပြောစကားတွေကလည်း တကယ်ပညာပါပါတယ်။ မှတ်သားလောက်တဲ့ စကားလုံးတွေ ပါပါတယ်။ စာအုပ်ဖတ်ရတာတောင် အဲဒီလောက်ထိမြင်ရတော့ ရုပ်ရှင်ထဲမှာလည်း အဲဒါတွေ ပါလာလိမ့်မယ်လို့ ထင်တယ်"ဟု ပြောသည်။

ထို့ပြင် မုံရွာအောင်ရှင်က "မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံပေါင်းပြီး ဇာတ်လမ်းတွဲတွေ လွှင့်တာလည်းဖြစ်သင့်တာကြာလှပါပြီ။ ပေါင်ချိန်ဇာတ်လမ်းတွဲမှာကတည်းက ပြည်သူတွေ ကြိုက်ကြတာပါ။ နောက်ပိုင်းကျတော့ တရုတ်ဇာတ်လမ်းတွဲတွေ အများကြီးပါပဲ။ ပေါင်ချိန် ဇာတ်လမ်းတွဲဆိုရင် မြန်မာအသံထွက်နဲ့တောင်မှ တချို့ဟာတွေ တွေ့ရတယ်။ ရိုးရိုးစာတန်းထိုးထက်စာရင် နောက်ခံစကားပြောပေးတာက ပိုကောင်းပါတယ်။

အခုဇာတ်လမ်းတွဲကတော့ အားလုံးကြည့်သင့်တဲ့ဇာတ်လမ်းပဲ။ ဒီဇာတ်လမ်းကို ကြိုက်မှာ သေချာတယ်။ အဲဒီထဲက စကားလုံးတွေ၊ အပြောအဆိုတွေကိုတောင်မှ ပြည်သူတွေ စွဲမက်လိမ့်မယ်။ သရုပ်ဆောင်တွေရဲ့ သရုပ်ဆောင်မှုတွေကိုလည်း လူတွေစွဲမက်လိမ့်မယ်လို့ ထင်တယ်" ဟု ပြောသည်။

ယနေ့ဆွေးနွေးပွဲနှင့်ပတ်သက်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက "ကျွန်တော်တို့ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားမှာ ကွမ်ရှီး ပြည်သူ့အသံလွှင့်ဌာနကနေပြီး ပေးပို့တဲ့ ဇာတ်လမ်းတွဲတွေကို အသံထပ်ပြီးတော့ ထုတ်လွှင့်ပြသခဲ့ပါတယ်။ အခုဆိုရင် ဇာတ်လမ်းတွဲ ငါးတွဲပြသပြီး ဖြစ်ပါတယ်။ အခုနောက်ဆုံး ဇာတ်လမ်းတွဲပြပြီးသွားရင်တော့ အသစ်ထပ်မံပြသနိုင်ဖို့အတွက် ခန်းဆောင်နီအိပ်မက် ဇာတ်လမ်းတွဲကို မြန်မာအသံထပ်မှာ ဖြစ်ပါတယ်။

နှစ်နိုင်ငံ အခုလို ရုပ်သံတွေဖလှယ်ပြီးတော့ ပြသတယ်၊ ကိုယ်စားလှယ်တွေ စေလွှတ်တယ်၊ အပြန်အလှန် သွားလာကြတယ်ဆိုတာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနဲ့ ယဉ်ကျေးမှုတွေပါ အပြန်အလှန် ဖလှယ်နိုင်တယ်လို့ မြင်ပါတယ်။

ခန်းဆောင်နီအိပ်မက်ဇာတ်လမ်းတွဲက အရင်ဇာတ်လမ်းတွဲတွေနဲ့မတူပါဘူး။ အရင် ဇာတ်လမ်းတွဲတွေမှာတော့ သရုပ်ဆောင်က ခုနစ်ယောက်၊ ရှစ်ယောက်ပဲလိုပါတယ်။ ဒီထဲမှာဆိုရင် သရုပ်ဆောင်ပေါင်း ၄၀၀ လောက် ပါပါတယ်။ အခုမြန်မာ့အသံမှာပြနေတဲ့ တရုတ်ဇာတ်လမ်းတွဲအပြီးမှာ ဆက်ပြနိုင်အောင် ကျွန်တော်တို့ ကြိုးစားသွားပါမယ်" ဟုပြောသည်။

ဆွေးနွေးပွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးအသံလွှင့်နှင့် ရုပ်မြင်သံကြားဌာနမှ ပြည်ပပူးပေါင်းဆောင်ရွက်ရေး အကြီးအကဲ Ms. Zheng Kui တို့က အမှာစကားများ ပြောကြားကြပြီး နာမည်ကျော်တရုတ်စာရေးဆရာ ခန်းဆောင်နီ အိပ်မက်ပညာရှင်အသင်းဥက္ကဋ္ဌနှင့် ခန်းဆောင်နီအိပ်မက် ရုပ်သံဇာတ်လမ်းတွဲမှ သရုပ်ဆောင်များက ဇာတ်လမ်းတွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ခန်းဆောင်နီ အိပ်မက်ဇာတ်လမ်းတွဲ အသံသွင်းနိုင်ရေးအတွက် ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် တာဝန်ရှိသူများ၊ စာရေးဆရာ မုံရွာအောင်ရှင်၊ မောင်သာမည၊ ကွမ်ရှီး အသံလွှင့်နှင့် ရုပ်မြင်သံကြားဌာနမှ တာဝန်ရှိသူများ၊ ခန်းဆောင်နီအိပ်မက် ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသူများနှင့် တာဝန်ရှိသူများက ဇာတ်လမ်းရိုက်ကူးခဲ့စဉ်က အတွေ့အကြုံများ၊ ၎င်းတို့၏အမြင်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ခန်းဆောင်နီ အိပ်မက်ဝတ္ထုသည် တရုတ်ဂန္ထဝင်တွင် အလွန်ထင်ရှားသည့် ဝတ္ထုကြီးဖြစ်ပြီး တရုတ်ပြည် ချင်မင်းဆက် ကျိန်းလုံးမင်းလက်ထက် ၁၇၆၅ ခုနှစ်တွင် ပထမအကြိမ်ပေါ်ထွက်ခဲ့ပြီး အလွန်လူကြိုက်များခဲ့သည့် ဝတ္ထုကြီးဖြစ်ကြောင်း သိရသည်။

**သတင်း-မျိုးနိုင်မော်၊ ဓာတ်ပုံ - ကျော်ရဲဆွေ**

# သံတွဲခရိုင်အသင်း(ရန်ကုန်) နှစ်ပတ်လည် မိတ်ဆုံစားပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

သံတွဲခရိုင်အသင်း (ရန်ကုန်) နှစ်ပတ်လည် မိတ်ဆုံစားပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးဥတ္တမပန်းခြံ၌ ကျင်းပသည်။

သံတွဲခရိုင်အသင်း (ရန်ကုန်) နှစ်ပတ်လည် မိတ်ဆုံစားပွဲတွင် ရခိုင်ရိုးရာ မုန့်တီ၊ ထမင်း၊ ဟင်း၊ လက်ဖက်ရည်၊ ကိတ်မုန့်တို့ကို စတုဒိသာအဖြစ် ကျွေးမွေးဧည့်ခံခဲ့ပြီး ဒေသထွက်ရိုးရာအစားအစာနှင့် ခြံထွက်သီးနှံများကိုလည်း ဒေသခံများကလာရောက် ရောင်းချခဲ့ကြသည်။

နှစ်ပတ်လည် မိတ်ဆုံစားပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ သံတွဲခရိုင်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးမြမောင်က "ဒီပွဲက ရန်ကုန်ကိုရောက်နေတဲ့ ရခိုင်နွယ်ဖွားတိုင်းရင်းသားများ ဆုံစည်းနိုင်အောင် စီစဉ်ပေးတဲ့ပွဲ ဖြစ်ပါတယ်။ ဒီလိုဆုံစည်းနိုင်အောင် ကျင်းပလာခဲ့တာ နှစ်ပေါင်း များစွာရှိပါပြီ။ ကျွန်တော်တို့နယ်သူနယ်သားတွေက ဘယ်ပဲရောက်ရောက် ဒီနေ့ ဒီအချိန်ခါမှာ ဆုံစည်းပြီး မိတ်ဟောင်း၊ ဆွေဟောင်းတွေရဲ့ သာရေး၊ နာရေး၊ လူမှုရေးတွေကို အပြန်အလှန် ကူညီပေးနိုင်အောင် ဆုံစည်းတဲ့ ရိုးရာပွဲလေးသဖွယ် ဖြစ်နေပါတယ်" ဟု ပြောသည်။

ဒုတိယဥက္ကဋ္ဌ ဦးထင်ကျော်လင်းက "သံတွဲခရိုင်က ရန်ကုန်ရောက်နေတဲ့ မိသားစုတွေနဲ့ သံတွဲခရိုင်ကလာတဲ့သူတွေ တစ်နှစ်မှာတစ်ခါ ဆုံစည်းတဲ့ပွဲဖြစ်ပါတယ်။ အားလုံးဆုံပြီး စတုဒိသာအနေနဲ့ အလှူပေးတာ ဖြစ်ပါတယ်။ အခုလို ကျင်းပဖြစ်တဲ့အတွက် အင်မတန်မှ ဝမ်းသာပီတိ ဖြစ်ရပါတယ်"ဟု ပြောသည်။


ဦးမြမောင်


ဦးထင်ကျော်လင်း


ကိုထက်နေလင်း


မခင်မျိုးမြင့်

ဒေသထွက်ကုန်များကို လာရောင်းသူတစ်ဦးဖြစ်သော သံတွဲမြို့နယ် ပန်းထော်မှ မခင်မျိုးမြင့်က "ရခိုင်မိတ်ဆုံစားပွဲမှာ ဈေးလည်းရောင်းရတယ်လို့ ပြောတဲ့အတွက် လာရောင်းတာဖြစ်ပါတယ်။ ရောင်းကောင်းပါတယ်။ ကိုယ့်ဒေသထွက် အစားအစာတွေကို ကိုယ့်ဒေသနဲ့ ဝေးကွာနေတဲ့ ရခိုင်လူမျိုးတွေကို စားစေချင်တယ်။ တွေ့လည်း တွေ့ချင်တယ်။ ဆုံစည်းချင်တဲ့အတွက် အခုလို လာရောက် ရောင်းချတာဖြစ်ပါတယ်"ဟု ပြောသည်။


သံတွဲခရိုင်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် မိတ်ဆုံစားပွဲတွင် ဒေသထွက် ရိုးရာအစားအစာများ ရောင်းချသည့်ဆိုင်များ၌ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

သံတွဲခရိုင်ဇာတိဖြစ်သူ ရန်ကုန်ရောက် ကိုထက်နေလင်းက "ဒီလို စည်စည်ကားကားနဲ့ ဈေးဆိုင်တန်းတွေရော ကိုယ့်ရဲ့သူငယ်ချင်း မိတ်ဆွေတွေကိုပါ ပြန်လည်တွေ့ရတဲ့အတွက် ကိုယ့်မြို့၊ ကိုယ့်ရွာကို ပြန်ရောက်သွားသလို ခံစားရပါတယ်။ အခုလို ပြန်လည်ဆုံတွေ့ရတဲ့အတွက် ဝမ်းသာပါတယ်။ အခု ရခိုင်မုန့်တီ စားပြီးပါပြီ။ ဒေသထွက် အစားအစာတွေကိုလည်း ဝယ်ဖြစ်ပါတယ်။ ကျွန်တော်တို့ သံတွဲမြို့နယ်မှာ ငပလီကမ်းခြေလည်း ရှိပါတယ်။ လည်ပတ်စရာကောင်းတဲ့ အခြားနေရာတွေလည်း ရှိတဲ့အတွက် လာရောက်ဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

ရန်ကုန်ရောက် သံတွဲ၊ တောင်ကုတ်၊ ဂွ နယ်သူနယ်သားများဖြင့် စုပေါင်းဖွဲ့စည်းထားသည့် သံတွဲခရိုင်အသင်း (ရန်ကုန်)ကို အသင်းသား အသင်းသူများ တစ်ဦးနှင့်တစ်ဦး ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံနိုင်ရေးနှင့် ကူညီရိုင်းပင်းရန်၊ အသင်းသားများ၏ သာရေး၊ နာရေး၊ လူမှုရေး၊ ပညာရေးကိစ္စများကို စုပေါင်းဖြေရှင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုထိရောက်အောင်မြင်စေရန်၊ မိခင်ဒေသဖြစ်သော ဂွ၊ တောင်ကုတ်၊ သံတွဲမြို့နယ်များရှိ မြို့နယ်သူ မြို့နယ်သားများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် တတ်အားသမျှ ကူညီရိုင်းပင်းသွားရန် စသောရည်ရွယ်ချက်များဖြင့် ၁၉၄၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ အသင်း၏ နှစ်ပတ်လည် မိတ်ဆုံစားပွဲကို နှစ်တစ်နှစ်၏ ဒီဇင်ဘာလ နောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် နှစ်စဉ်ကျင်းပလျက်ရှိသည်။

**သတင်း-နန္ဒာမိဖြိုး၊ ဓာတ်ပုံ-ဇော်မင်းလတ်**

# ကလေးစာပေပွဲတော် (မူဆယ်) ၏ ကလေးများ၊ မိဘဆရာများ၊ ဒေသခံများ ပါဝင်ဆင်နွှဲသူအားလုံးအတွက် ပျော်ရွှင်စေသောနေ့ရက်များ

**ကလေးစာပေပွဲတော်(မူဆယ်)ကို မူဆယ်မြို့ မင်္ဂလာမူဆယ်(မြို့သစ်စီမံကိန်းအိမ်ရာ)တွင် စည်ကားပျော်ရွှင်စွာ ကျင်းပလျက်ရှိသည်။ ကလေးစာပေပွဲတော် တတိယနေ့အဖြစ် ဒီဇင်ဘာ ၃၀ ရက်တွင် တက်ရောက်လာသည့် ကလေးမိဘများ၊ ဒေသခံတိုင်းရင်းသားများ၊ ကျောင်းသား ကျောင်းသူများ၊ စာအုပ်ဈေးရောင်းသူများ၊ ပြခန်းပြသသူများ၏ ကလေးစာပေပွဲတော်နှင့် ပတ်သက်သော သဘောထားအမြင်များကို စုစည်းတင်ပြလိုက်ပါသည်။**


ဦးကျော်ဦး


ဒေါ်နန်းရွှေကြည်


ဒေါ်ချောငယ်ငယ်


ဒေါ်ပြုံးကြူ

**ဦးအယ်လ်စိုးထန်တူး၊ ဦးစီးအရာရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူဆယ်မြို့**

နယ်စပ်ဒေသမှာနေတဲ့ ကလေးသူငယ်တွေ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ နောက် စာဖတ်ဝါသနာပါတဲ့ စိတ်တွေရှိလာဖို့နဲ့ အရှည်သဖြင့် နိုင်ငံအတွက် အကျိုးပြုတဲ့ပုဂ္ဂိုလ်၊ လိမ္မာရေးခြားရှိစေဖို့ မူဆယ်ကလေးစာပေပွဲတော်ကို ကျင်းပရခြင်း ဖြစ်ပါတယ်။ ကလေးတွေအတွက် စာပေနဲ့ မိတ်ဆက်တဲ့ ပွဲလေးလို့ ခံယူပါတယ်။ ကြည်နူးဝမ်းသာစကားပြောချင်တာကတော့ ကျွန်တော်တို့ မူဆယ်မှာ ကလေးစာပေပွဲပြုလုပ်ဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့တယ်။ အခုလို ဖြစ်မြောက် အောင်မြင်အောင် ပံ့ပိုးကူညီသူတွေကို အများကြီးကျေးဇူးတင်ပါတယ်။ အခုလို ပံ့ပိုးကူညီမှုကြောင့်သာလျှင် မူဆယ်ကလေးစာပေပွဲတော်နဲ့ စာအုပ်ဈေးရောင်းပွဲတော်ဟာ အင်မတန်မှ စည်ကားတယ်။ တကယ့်ကို အဆင့်ရှိရှိ ကျင်းပနိုင်ခြင်းဖြစ်တယ်။ နောက်ပြီး ဒီလိုကျင်းပနိုင်တဲ့ အကြောင်းရင်းတစ်ခုကတော့ တရုတ်-မြန်မာနယ်စပ်ဖြစ်တဲ့ ရွှေလီ ပြန်ကြားရေးအဖွဲ့ကလည်း အများကြီး ပံ့ပိုးပေးပါတယ်။ ပံ့ပိုးပေးတဲ့နေရာမှာ ကလေးတွေအတွက် သိန်းပေါင်းများစွာ တန်ဖိုးရှိတဲ့ လွယ်အိတ်လေးတွေ၊ အသုံးအဆောင်ပစ္စည်းလေးတွေ လက်ဆောင်အဖြစ် ပို့ပေးတဲ့အတွက် လာသမျှ ကလေးတွေကို လက်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒီအတွက် အင်မတန်မှ ဝမ်းသာတယ်။ ကျွန်တော်မူဆယ်မှာ တာဝန်ထမ်းဆောင်နေရတဲ့ ကာလအတွင်း ဒီလိုကလေးစာပေပွဲတော် ကျင်းပရာမှာ ပါဝင်ခွင့်ရတဲ့အတွက် အများကြီး ဝမ်းသာဂုဏ်ယူရပါတယ်။

**ဦးကျော်ဦး၊ ဆန်းမောင်ကျော် စာအုပ်အရောင်းဆိုင်**

ကျွန်တော်က မူဆယ်ကို အလုပ်လာလုပ်ရင်းနဲ့ စာအုပ်တွေရောင်းဖြစ်တာပါ။ အခုတော့ မူဆယ်မှာပဲ နေပါတယ်။ အဓိကလုပ်ငန်းကတော့ ရသ စာအုပ်တွေ ရောင်းပါတယ်။ မူဆယ်မှာ ကလေးစာပေပွဲတော်လုပ်တာ အင်မတန်ကောင်းပါတယ်။ မူဆယ်မှာ ရေကြည်ရာ မြက်နုရာ အလုပ်လာလုပ်ကြတဲ့သူတွေရဲ့ သားသမီးတွေနဲ့ ဒေသခံတိုင်းရင်းသားကလေးတွေလည်း ပိုမိုရင်းနှီးမှုဖြစ်သွားတယ်။ ရေရှည်အတွက်လည်း ကောင်းတယ်။ ကလေးတွေအတွက် အများကြီးအကျိုးရှိတယ်။ လက်ရှိအနေအထားအရ ကျွန်တော်မြင်မိတာက ကလေးတွေအတွက် ဂိမ်းဆော့တာလေးတွေပါတော့ ကလေးတွေ ပျော်ကြတယ်။ သူတို့အပေါင်းအသင်းမိတ်ဆွေတွေ အများကြီးရသွားတယ်။ ကလေးစာပေပွဲတော်ကို တစ်နှစ်တစ်ခါမဟုတ်တောင် နှစ်နှစ်တစ်ခါလောက်တော့ လုပ်ပေးသင့်တယ်လို့ အကြံပြုပါရစေ။

**ဒေါ်နန်းရွှေကြည်၊ အထက (၃)၊ မူဆယ်မြို့**

ကလေးစာပေပွဲတော် ကျင်းပပေးတဲ့အတွက် ကလေးတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေးပိုမိုတိုးတက်လာမှာပါ။ နောက်ပြီး ကလေးတွေ ပိုပြီးပြောရဲဆိုရဲရှိလာမယ်။ ပြိုင်ပွဲတွေလုပ်ပေးတဲ့အတွက် ကလေးတွေပိုပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်အားကိုးတတ်တဲ့စိတ်တွေ ရှိလာမယ်။ စာအုပ်တွေရောင်းပေးတဲ့အတွက် ကလေးတွေ မဖတ်ဖူးသေးတဲ့စာကောင်းပေမွန်တွေ ပိုပြီးသိသွားမယ်လို့ ထင်ပါတယ်။ ကျွန်မတို့လည်း ကလေးစာပေပွဲတော်ကို ပါဝင်ဆင်နွှဲရတဲ့အတွက် ပိုပြီး ဝမ်းသာကြည်နူးဖြစ်မိပါတယ်။ အနာဂတ်မှာ ကလေးတွေအတွက် စာပေနဲ့ ပတ်သက်ပြီး ပိုပြီးတော့ သိသွားမယ်။ စာပေကို ကလေးတွေပိုပြီးစိတ်ဝင်စားသွားမယ်။ ကလေးစာပေပွဲတော်ကို တစ်နှစ်တစ်ခေါက်ပြုလုပ်ပေးမယ်ဆိုရင် ပိုပြီး ကောင်းလိမ့်မယ်လို့ ထင်မြင်ယူဆမိပါတယ်။

**ဒေါ်ချောငယ်ငယ်၊ အမက (မူလွန်)၊ ငွေဆင်**

ကလေးစာပေပွဲတော်ပြုလုပ်ပေးတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ ဒီလိုပွဲလေးတွေ ကျင်းပပေးတဲ့အတွက် ကလေးတွေအတွက် အခွင့်အလမ်းတွေ၊ စာပေဖတ်ရမယ်ဆိုတဲ့ အတွေးတွေ၊ အသိပညာတွေ၊ ဗဟုသုတတွေ ရရှိမယ်။ ကလေးစာပေလေးတွေ ရောင်းချပေးတဲ့အတွက် ကျွန်မတို့အနေနဲ့ရော ကျောင်းသား ကျောင်းသူတွေအနေနဲ့ပါ အလွန်ပျော်ရွှင်မိပါတယ်။

**ဒေါ်ပြုံးကြူ၊ အလယ်တန်းပြဆရာမ**

ကလေးစာပေပွဲတော်ဆိုတာကို ကျွန်မတို့အနေနဲ့ ပထမဆုံးအကြိမ် တွေ့ကြုံရပါတယ်။ ကိုယ်တွေတောင် အခုမှ ကြုံတွေ့ရတာ အလွန်ပျော်ရွှင်ရတယ်၊ ကြည်နူးရတယ်။ ကလေးတွေဆိုရင် ပြောမပြနိုင်အောင် ပျော်ကြမယ်ဆိုတာ ပြောစရာလိုမယ်မထင်ပါဘူး။ ဒီပွဲလေးက ကလေးတွေအတွက် လေ့လာစရာတွေ၊ မှတ်သားစရာတွေ ရရှိတဲ့အတွက် ဝမ်းသာပီတိလည်း ဖြစ်မိသလို မူဆယ်မြို့နယ်အတွက်လည်း အများကြီးဂုဏ်ယူမိပါတယ်။

**ဦးအောင်ခင်၊ ဗမာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ၊ မူဆယ်မြို့**

ကျွန်တော်တို့ ဗမာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အနေနဲ့ ကလေးစာပေပွဲတော်မှာ ပြခန်းလေးပြသနိုင်တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ယဉ်ကျေးမှုပြခန်းမှာတော့ ရဟန်းခံ၊ ရှင်ပြု၊ နားသအလှူတော်မင်္ဂလာပွဲတွေမှာ သုံးတဲ့ ကွမ်းတောင်၊ ပန်းတောင်၊ ဆွမ်းအုပ်အပြင် ဗုံတို၊ ဗုံရှည်၊ အိုးစည်၊ ပုသိမ်ထီးလေးတွေလည်း ပြသပါတယ်။ နောက်ပြီး ဦးရွှေရိုး၊ ဒေါ်မိုးဝတ်စုံ၊ သူငယ်တော်အက ဝတ်စုံတွေအပြင် ဗမာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ရဲ့ မူဆယ်မြို့မှာ လှုပ်ရှားဆောင်ရွက်ခဲ့တာလေးတွေကိုလည်း ပြသခဲ့ပါတယ်။ မူဆယ်မြို့မှာဆောင်ရွက်တဲ့ ကလေးစာပေပွဲတော်ဟာ ကလေးတွေအတွက် ဗဟုသုတတွေ စုံလင်စွာ ရရှိစေမှာဖြစ်တဲ့အတွက် အင်မတန်မှ ဝမ်းသာကြည်နူးဖြစ်မိပါတယ်။ နောင်လာနောက်သား ကလေးတွေအတွက် အများကြီးဝမ်းသာပါတယ်။

**ဒေါ်ခင်သန်းနွဲ့၊ သတင်းစာဆရာ၊ စာရေးဆရာ**

ကလေးစာပေပွဲတော်နဲ့ ပတ်သက်ပြီး ကျွန်မရဲ့သဘောထားအမြင်ကိုပြောရမယ်ဆိုရင် အင်မတန်ကောင်းတဲ့ပွဲလေးလို့ ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကလေးတွေ စာဖတ်တဲ့ အလေ့အထကောင်းတွေ ရသွားမယ်။ အလေ့အကျင့်ကောင်းတွေရဲ့နောက်မှာ ကလေးတွေအတွက် ရမယ့်အကြောင်းအရာတွေက အများကြီးရှိလာတယ်။ ဗဟုသုတတွေအပြင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေရှိလာမယ်။ ကိုယ့်တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုတွေ၊ ရိုးရာအမွေအနှစ်တွေကိုလည်း ကလေးတွေ သိလာမယ်။ ကိုယ်ဝါသနာပါတဲ့ စာဖတ်ခြင်း၊ ပန်းချီရေးဆွဲခြင်း အနုပညာနဲ့ပတ်သက်တဲ့ အကြောင်းအရာလေးတွေလည်း ကလေးတွေ စိတ်ဝင်စားဖို့ အကောင်းဆုံး တစ်ခုဖြစ်မယ်လို့ မြင်မိပါတယ်။ ကလေးတွေက ချစ်စရာကောင်းလိုက်တာ။ ကျွန်မတို့ရဲ့ မြန်မာ့ရိုးရာအကတွေ၊ တိုင်းရင်းသားအကတွေနဲ့ ဖျော်ဖြေနေကြတယ်။ နောက်ပြီး တိုင်းရင်းသားတွေရဲ့ရိုးရာယဉ်ကျေးမှုပစ္စည်းတွေကိုလည်း အများကြီး ပြသထားတယ်။ ပညာပေးပြခန်းတွေလည်း အများကြီးပါဝင်တယ်။ စာအုပ်ဈေးရောင်းပွဲတော်လည်း ရှိနေတဲ့အတွက် အင်မတန်ကို ဝမ်းသာပီတိဖြစ်စရာကောင်းတဲ့ ပွဲတစ်ခုလို့ပြောချင်ပါတယ်။

**ဒေါ်ယဉ်မင်းဝေ၊ ကလေးမိဘတစ်ဦး၊ ဈေးရပ်ကွက်၊ မူဆယ်မြို့**

ကျွန်မရဲ့သားသမီးတွေကို ကလေးစာပေပွဲတော်ကို လိုက်ပို့ပေးတာပါ။ ကလေးတွေက များသောအားဖြင့် ဖုန်းနဲ့ပဲ အချိန်ကုန်နေကြတာများတယ်။ အခုလို ကလေးစာပေပွဲတော်တွေလုပ်ပေးတဲ့အတွက် သူတို့ရဲ့ စာဖတ်အားတွေပိုကောင်းလာမယ်လို့ထင်ပါတယ်။ အကပြိုင်ပွဲတွေ၊ ဖျော်ဖြေပွဲတွေ၊ ဂိမ်းကစားတဲ့ပွဲတွေမှာ ကလေးတွေကိုယ်တိုင် ပါဝင်ရတော့ပျော်ကြတယ်။ ယုံကြည်ချက်တွေရှိလာတယ်။ ကလေးစာပေပွဲတော်ကို မကြာခဏလုပ်ပေးစေချင်ပါတယ်။

**မသက်ပိုပိုနိုင်၊ နဝမတန်း၊ အထက (ခွဲ)မိုင်းယု**

ကလေးစာပေပွဲတော်လာရောက်ဆင်နွှဲရတဲ့အတွက် အင်မတန်ပျော်တယ်။ သမီးတို့က အကနဲ့ ဖျော်ဖြေပေးမှာပါ။ သမီးတို့ဘဝမှာ ဒီလိုကလေးစာပေပွဲတော်ကို ပထမဆုံးကြုံတွေ့ဖူးတာပါ။ အဓိကကတော့ ဒီပွဲကိုလာရောက်ခြင်းအားဖြင့် ကလေးနဲ့ပတ်သက်တဲ့ အမှတ်တရ လက်ဆောင်လေးတွေ ရတယ်။ စတုဒိသာ ကျွေးတာတွေ ပျော်ပျော်ပါးပါးသုံးဆောင်ရတယ်။ ဂိမ်းတွေလည်း ကစားရတယ်။ နိုင်ရင် လက်ဆောင်တွေထပ်ရတယ်။ အများကြီးပျော်ပါတယ်။


ဦးအောင်ခင်


ဒေါ်ခင်သန်းနွဲ့


ဒေါ်ယဉ်မင်းဝေ


မသက်ပိုပိုနိုင်

**စိုင်းထွန်းနေလှိုင်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်တွင် ဒီဇင်ဘာလနောက်ဆုံးပတ် စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် ဒီဇင်ဘာလူထုအားကစားလ နောက်ဆုံးပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၅ နာရီက အင်းစိန်မြို့နယ် ကျန်းမာရေးဦးစီးဌာနရုံးရှေ့ ပန်းခြံအနီး လမ်းသစ်လမ်းမှ စုပေါင်းလမ်းလျှောက်ကြကာ မြို့နယ်နှင့်ရပ်ကွက် ၂၁ ရပ်ကွက်မှ ပြည်သူ ၈၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြသည်။

အဆိုပါ လူထုလမ်းလျှောက်ပွဲသို့ အင်းစိန်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အားကစားမှူး၊ နည်းပြမှူး၊ နည်းစနစ်မှူးများ၊ မြို့နယ်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အထက၊ အလက၊ အမကကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ပရဟိတလူမှုရေးအဖွဲ့များ၊ ရပ်ကွက် ၂၁ ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများ တပျော်တပါး လမ်းလျှောက်ကြသည်။

ယင်းစုပေါင်း လမ်းလျှောက်ပွဲကို ကျန်းမာရေးဦးစီးဌာန ရုံးရှေ့ ပန်းခြံအနီး လမ်းသစ်လမ်းမမှ စတင်တာလွှတ်၍ ရွှေပြည်အေးလမ်းမှ ဘူတာရုံလမ်းအတိုင်း၊ ယင်းလမ်းမှ မီးရထားဘောလုံးကွင်းသို့ ပန်းဝင်ကြကာ ပြည်သူများက စုပေါင်း ကိုယ်လက်လှုပ်ရှားမှု သွေးပူလေ့ကျင့်ခန်းများ ပြုလုပ်ကြပြီး ကျောင်းသူလေးများက ကိုယ်လက်လှုပ်ရှား ကျွမ်းဘားဖြင့် လေ့ကျင့်ကပြခဲ့ကြကြောင်း သိရသည်။

**မေဇ၄**

## မူးခင်းကျဆင်းရေး အသိပညာပေးဟောပြော

**လှည်းကူး ဒီဇင်ဘာ ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်း မှုခင်းများလျော့နည်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားမှုမရှိစေရေးအတွက် အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၃ ရက်က လှည်းကူးမြို့နယ် ငါးဆူတောင်(၂)ရပ်ကွက် ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ငါးဆူတောင်နယ်မြေရဲစခန်းမှူး ရဲအုပ်မောင်မောင်ဇော်က ပြည်သူများ မှုခင်းဆိုင်ရာ အသိပညာဗဟုသုတများတိုးပွားစေရန် ရည်ရွယ်၍ ကျေးလက်တောရွာများပါမကျန် မှုခင်းအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးနှင့် သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေး၊ ခိုး၊ ဆိုး၊ လု၊ နှိုက် အန္တရာယ်များအကြောင်း သိမှတ်ဖွယ်ရာများကို ကဏ္ဍအလိုက် အသိပညာပေးဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ငါးဆူတောင်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်မိ၊ ရပ်ဖများ၊ ကျေးလက်နေပြည်သူများ စုစုပေါင်း အင်အား ၅၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**

# ၂၀၁၉ ခုနှစ်တွင် ဆိုးလ်မြို့သို့ အလည်အပတ်သွားရောက်ရန် ခေါင်းဆောင်ကင် ကတိပြု

**ပြုံယမ်း ဒီဇင်ဘာ ၃၀**

၂၀၁၉ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်ကာ တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းနှင့်တွေ့ဆုံပြီး ကိုရီးယားကျွန်းဆွယ်ဒေသတွင်း နျူကလီးယားကင်းစင်ပပျောက်ရေး ကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးမည်ဖြစ်သည်ဟု မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ကတိပြုပြောကြားခဲ့ကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

ယခုနှစ်အတွင်းတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်နှင့် တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းတို့သည် ပြုံယမ်းမြို့တွင် တစ်ကြိမ်နှင့် ပန်မွန်ဂျုံစစ်ကင်းမဲ့ရေးဇုန်တွင် နှစ်ကြိမ်တွေ့ဆုံခဲ့သည်။

စက်တင်ဘာလတွင် သမ္မတမွန်း၏ ပြုံယမ်းခရီးစဉ်အတွင်း ခေါင်းဆောင်ကင်က ဆိုးလ်မြို့သို့ လာရောက်ရန် ဆန္ဒရှိပါကြောင်း ယခုနှစ်ကုန်ပိုင်းတွင် အလည်အပတ်ခရီးလာရောက်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သမ္မတမွန်းဂျယ်အင်းက လာမည့် ၂၀၁၉ ခုနှစ်တွင် ကျင်းပမည့် ခေါင်းဆောင်ကင်နှင့် နျူကလီးယား ကင်းစင်ပပျောက်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ကြိုဆိုပါကြောင်း ထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြထားသည်။

၁၉၅၀-၅၃ ခုနှစ်တွင် ကိုရီးယားနှစ်နိုင်ငံအကြား စစ်ပွဲအဆုံးသတ်နိုင်ခဲ့သည်။ သို့သော် နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးသဘောတူညီမှုမရရှိသေးဘဲ နှစ်နိုင်ငံ စစ်ပြေငြိမ်းမှုသာ ရရှိခဲ့သည်။

၂၀၁၈ ခုနှစ် ဇွန်လတွင် ခေါင်းဆောင်ကင်က စင်ကာပူနိုင်ငံတွင် သမ္မတဒေါ်နယ်ထရန့်နှင့် သမိုင်းဝင် ထိပ်သီးအစည်းအဝေးပွဲကျင်းပမှုအပါအဝင် အခြားသော နှစ်နိုင်ငံပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အတွက် ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုတိုးတက်မှုရှိလာခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



# ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းတွင် တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်၊ လူ ၂၂ ဦးအနည်းဆုံးသေဆုံး

**မနီလာ ဒီဇင်ဘာ ၃၀**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းဒေသများတွင် အင်အားပြင်း မုန်တိုင်းတစ်ခု ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူ ၂၂ ဦး အနည်းဆုံးသေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း အာဏာပိုင်များက ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်။

မုန်တိုင်း တိုက်ခတ်မှုကြောင့် ရေကြီးရေလျှံမှုများ နေရာအနှံ့ဖြစ်ပွားခဲ့သော်လည်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘီကိုနှင့် ဗီဆာရာစ်ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပေါ်ကာ လူသေဆုံးမှုနှုန်းလည်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

လူသေဆုံးမှုများအနက် အများစုသည် မြေပြိုမှုများနှင့် ရေနစ်သေဆုံးမှုများကြောင့် ဖြစ်သည်။

မုန်တိုင်းသင့်နေရာအများအပြား ရေလွှမ်းလျက်ရှိပြီး ကယ်ဆယ်ရေးလုပ်သားများက ရော်ဘာစက်လှေများ အသုံးပြုကာ ပြည်သူများအား လိုက်လံကယ်ဆယ်လျက်ရှိကြောင်း သိရသည်။



ဘီကိုဒေသတွင် ၁၆ ဦးအနည်းဆုံး သေဆုံးပြီး ဗီဆာရာစ်ဒေသအရှေ့ပိုင်းတွင် လူခြောက်ဦးသေဆုံးခဲ့ကြောင်း အာဏာပိုင်များက ဆိုသည်။

နောက်ထပ် ၂၄ နာရီထိ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ဖွယ်ရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ တာဝန်ရှိသူများက ဒီဇင်ဘာ ၃၀ ရက်တွင် သတိပေးပြောကြားခဲ့သည်။

တစ်နှစ်တာ ကာလအတွင်း ဖိလစ်ပိုင်နိုင်ငံ၌ တိုက်ခတ်သည့် တိုင်ဖုန်းနှင့် ဆိုင်ကလုန်းမုန်တိုင်း အရေအတွက် ၂၀ ခန့်ရှိပြီး လူရာပေါင်းများစွာ အသက်ဆုံးရှုံးကာ နိုင်ငံတော်ဘဏ္ဍာငွေ အမြောက်အမြားဆုံးရှုံးခဲ့ရသည်။

အဆိုပါမုန်တိုင်းများအနက် ၂၀၁၃ ခုနှစ်တွင် တိုက်ခတ်ခဲ့သည့် စူပါတိုင်ဖုန်းမုန်တိုင်း ဟေရန်တိုက်ခတ်မှုကြောင့် လူပေါင်း ၇၃၆၀ ကျော် သေဆုံးခဲ့ရပြီး အများအပြား ပျောက်ဆုံးခဲ့ရကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# သမ္မတထရန့်နှင့် သမ္မတရှီကျင့်ဖျင် တယ်လီဖုန်းမှတစ်ဆင့် နှစ်နိုင်ငံအရေး ဆွေးနွေး

**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ဒီဇင်ဘာ ၂၉ ရက်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် နှစ်နိုင်ငံအရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးခဲ့သည်ဟု သူ၏တွစ်တာစာမျက်နှာတွင် ရေးသားထားကြောင်း သိရသည်။

အဆိုပါဆွေးနွေးမှုသည် နှစ်နိုင်ငံအတွက် အကျိုးကျေးဇူးပြုနိုင်ဖွယ် ဖြစ်သည်ဟု သမ္မတထရန့်ကဆိုသည်။

အမေရိကန်နှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုတစ်ရပ် ထွက်ပေါ်လာနိုင်ဖွယ်ရှိသည်ဟု သမ္မတထရန့်က ရေးသားထားသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် နှစ်နိုင်ငံကုန်သွယ်ရေး၊ အခွန်စည်းကြပ်မှုနှင့် တရုတ်နိုင်ငံ၏ အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာ မူပိုင်ခွင့်ချိုးဖောက်ခြင်း အစရှိသည့် နှစ်နိုင်ငံအကြား ကိစ္စရပ်များကို ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရွေးကောက်ပွဲကျင်းပ၊ အဓိကရုဏ်းဖြစ်ပွားမှုကြောင့် လူ ၁၂ ဦးကျော် သေဆုံး

**ဒါကာ ဒီဇင်ဘာ ၃၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပါတီစုံရွေးကောက်ပွဲကို ဒီဇင်ဘာ ၃၀ ရက်တွင် ကျင်းပခဲ့သည်။ အဆိုပါရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဝန်ကြီးချုပ် ရှိတ်ဟာစီနာအား ထောက်ခံသူများနှင့် ဆန့်ကျင်သူများအကြား အဓိကရုဏ်းဖြစ်ပွားခဲ့ပြီး အနည်းဆုံးလူ ၁၂ ဦးသေဆုံးခဲ့ကြောင်း ယနေ့အေအက်ဖ်ပီ သတင်းတစ်ရပ်အရ သိရသည်။



ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ဟာစီနာ ဆန္ဒမဲပေးစဉ်။

ဝန်ကြီးချုပ်ရှိတ်ဟာစီနာသည် ယခုအကြိမ် ရွေးကောက်ပွဲတွင် အနိုင်ရရှိမည်ဆိုပါက ဝန်ကြီးချုပ်ရာထူး သက်တမ်းကို လေးကြိမ်မြောက် ဆက်လက်ထမ်းဆောင်ရမည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးသက်တမ်း အရှည်ဆုံး အမျိုးသမီးတစ်ဦးဖြစ်လာမည် ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူများက မဲရုံများသို့ သွားရောက်ကာ ဆန္ဒမဲများ အသီးသီးပေးခဲ့ကြသည်။

အာဏာရပါတီ အာဝါမီလိဒ်ပါတီမှ တက်ကြွလှုပ်ရှားသူများနှင့် အတိုက်အခံပါတီဖြစ်သည့် ဘင်္ဂလားဒေ့ရှ်အမျိုးသားရေးပါတီ (BNP)မှ ပါတီဝင်များ အကြား အဓိကရုဏ်းဖြစ်ပွားခဲ့မှုကြောင့် လူရှစ်ဦး သေဆုံးခဲ့ပြီး အဓိကရုဏ်းတွင် ဝင်ရောက်ဖျန်ဖြေခဲ့သည့် ရဲအရာရှိများ၏ သေနတ်ပစ်ခတ်မှုကြောင့် အမျိုးသားသုံးဦး သေနတ်ထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

ထို့ပြင် အဓိကရုဏ်းတွင် ဝင်ရောက်ဖျန်ဖြေသည့် ရဲအရာရှိတစ်ဦးလည်း သေဆုံးခဲ့သည်ဟု တာဝန်ရှိသူများက ဆိုသည်။

ရွေးကောက်ပွဲဆန္ဒမဲပေးမှုကို လုံခြုံရေးတင်းကျပ်စွာချထားပြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ကာ ဆန္ဒမဲပေးမှုကို ညနေ ၄ နာရီတွင် အပြီးသတ်နိုင်ခဲ့သည်။

ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံးမှုများကိုလည်း ဝန်ကြီးချုပ် ရှိတ်ဟာစီနာအား ထောက်ခံသူများနှင့် အတိုက်အခံပါတီတို့အကြား အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပွားခဲ့ခြင်းကြောင့် တည်ငြိမ်အေးချမ်းစွာ လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိကြပေ။ ရွေးကောက်ပွဲရက်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းရှိ မဲရုံလေးသောင်းအပါအဝင် နေရာအနှံ့အပြား၌ လုံခြုံရေးတပ်ဖွဲ့ဝင် ခြောက်သိန်းခန့် တပ်ဖြန့်ထားကြောင်း သိရသည်။

အဓိကရုဏ်းကိုဖြစ်စေနိုင်သော ရွေးကောက်ပွဲရလဒ်သတင်းမှားများ ထုတ်လွှင့်မှုမဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် ဒီဇင်ဘာ ၃၀ ရက် သန်းခေါင်ယံကျော်သည့်တိုင် ဆက်သွယ်ရေးလိုင်းများကို ယာယီဖြတ်တောက်ထားကြောင်း အာဏာပိုင်များက ဆိုသည်။

ရွေးကောက်ပွဲရလဒ်များကို ဒီဇင်ဘာ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

မဲရုံများ၏ ကြိုတင်ခန့်မှန်းချက်အရ လက်ရှိဝန်ကြီးချုပ် ရှိတ်ဟာစီနာသည် ယခုရွေးကောက်ပွဲတွင် တောင်ပြိုကမ်းပြိုအနိုင်ရရှိကာ သူ၏ဝန်ကြီးချုပ်ရာထူးကို စတုတ္ထသက်တမ်းအထိ ဆက်လက်ထမ်းရွက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



**မန္တလေး ဒီဇင်ဘာ ၃၀**

၂၀၁၈ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက် မန္တလာအိုးပင်းစစ်တုရင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားခန်းမ D 24/ 25 စစ်တုရင်အကယ်ဒမီခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင် တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ မြို့နယ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ တစ်ဦးချင်းတွင် ပထမဆုရ စည်သူအောင်(ပြင်ဦးလွင်)၊ ဒုတိယဆုရ ပြည့်ဖြိုးကျော်(ပြင်ဦးလွင်)၊ တတိယဆုရ ညီညီဟန်(ပြည်ကြီးတံခွန်)၊ အသင်းလိုက်တွင် ပြင်ဦးလွင်မြို့နယ်အသင်းက ပထမ၊ မဟာအောင်မြေမြို့နယ်အသင်းက ဒုတိယ၊ ချမ်းမြသာစည်မြို့နယ်အသင်းက တတိယရရှိကြရာ တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝမ်းက ဆုတံဆိပ်၊ ဆုဖလား၊ ဆုငွေများကို လည်းကောင်း၊ အမျိုးသမီး စစ်တုရင်ပြိုင်ပွဲ တစ်ဦးချင်းတွင် နန်းအမ်ကေခိုင်လျှမ်း (ပြည်ကြီးတံခွန်)က ပထမ၊ မခိုင်ခိုင်(မဟာအောင်မြေ)က ဒုတိယနှင့် မမြတ်ရွှေရည်မောင်(စဉ့်ကူး)က တတိယ၊ အသင်းလိုက်တွင် မဟာအောင်မြေမြို့နယ်အသင်းက ပထမ၊ ပြည်ကြီးတံခွန်မြို့နယ်အသင်းက ဒုတိယနှင့် စဉ့်ကူးမြို့နယ်အသင်းက တတိယရရှိကြပြီး အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ဆုတံဆိပ်၊ ဆုဖလားများနှင့် ဆုငွေများကို လည်းကောင်း၊ မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲ တစ်ဦးချင်းတွင် အောင်ပိုင်စိုး(ပြင်ဦးလွင်)က ပထမ၊ ဇော်ထွန်း(မဟာအောင်မြေ)က ဒုတိယ၊ ဝင်းသိန်း(ပြင်ဦးလွင်)က တတိယ၊ အသင်းလိုက်တွင် ပြင်ဦးလွင်မြို့နယ်အသင်းက ပထမ၊ ပြည်ကြီးတံခွန် မြို့နယ်အသင်းက ဒုတိယ၊ မဟာအောင်မြေမြို့နယ်အသင်းက တတိယရရှိကြပြီး တိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမောင်မောင်က ဆုတံဆိပ်၊ ဆုဖလား၊ ဆုငွေများကို လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

(၁၂)ကြိမ်မြောက် မန္တလာအိုးပင်း စစ်တုရင်ပြိုင်ပွဲ အမျိုးသမီး အကောင်းဆုံးဆုတွင် နန်းအမ်ကေခိုင်လျှမ်းက ပထမ၊ ဟေမာန်နှင်းမော်က ဒုတိယ၊ ဒိန်ခန့်ခေါင်က တတိယ၊ အသက် ၁၆ နှစ်အောက် လူငယ်ဆုတွင် စိုင်းဟန်သီဟက ပထမ၊ ကောင်းမွန်သာက ဒုတိယ၊ စိုင်းဟန်ထူးအောင်က တတိယ၊ အသက် ၅၀ နှင့်အထက် စီနီယာဆုတွင် ဦးအေးကိုက ပထမ၊ ဦးနေမိုးက ဒုတိယ၊ ဦးခင်ထွေးက တတိယ၊ ဒေသခံဆုတွင် ဝင်းမင်းထွန်းက ပထမ၊ စည်သူလွင်က ဒုတိယ၊ ချမ်းငြိမ်းအောင်က တတိယနှင့် အသက် ၂၅ နှစ်နှင့်အောက် ထူးချွန်ဆုကို မောင်ဟန်မင်းစိုးကရရှိပြီး တိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီဝင်များက ဆုငွေများနှင့် ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က အလွတ်တန်းပြိုင်ပွဲတွင် ပထမမှ ဒသမအထိ ဆုရရှိသူများအား ဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် အပြည်ပြည်ဆိုင်ရာ အလွတ်တန်းစစ်တုရင်ပြိုင်ပွဲတစ်ဦးချင်းတွင် ပထမဆုရ သန်းဋ္ဌေးမော်(စဉ့်ကိုင်)၊ ဒုတိယဆုရ ကျော်လေးထိုက် (ပြည်ကြီးတံခွန်)နှင့် တတိယဆုရ ထက်အောက်လှိုင်(ပြင်ဦးလွင်)တို့အား တိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစိုးထွန်းက ဆုများနှင့် ဆုငွေများ ချီးမြှင့်ပြီး အသင်းလိုက် ပထမဆုရ ပြည်ကြီးတံခွန်မြို့နယ်အသင်း၊ ဒုတိယဆုရ ပြင်ဦးလွင်မြို့နယ်အသင်း၊ တတိယဆုရ အောင်မြေသာစံ မြို့နယ်အသင်းတို့အား ဆုတံဆိပ်၊ ဆုငွေများ၊ စွယ်စုံတံခွန်စိုက်ဆုကို ဆွတ်ခူးခဲ့သော ပြင်ဦးလွင်မြို့နယ်အသင်းအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဒေါက်တာရဲလွင်က ပထမတံခွန်စိုက်ဆုဖလားကြီးနှင့် ဆုငွေကျပ် သုံးသိန်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# နှစ်သစ်ကူးည ထိခိုက်ဒဏ်ရာရရှိမှုများကြုံလာပါက အချိန်မီကုသနိုင်ရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထား

**ရန်ကုန် ဒီဇင်ဘာ ၃၀**

နှစ်သစ်ကူးညတွင် မတော်တဆထိခိုက်ဒဏ်ရာရရှိမှုများ ကြုံလာပါက အရေးပေါ် အချိန်မီကုသနိုင်ရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအရေးပေါ်ဆေးကုသမှုဌာနတွင် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားပြီး အထူးကုဆရာဝန်ကြီးများအပါအဝင် ကျန်းမာရေးဝန်ထမ်းအင်အားကို နှစ်ဆခန့် တိုးမြှင့်တာဝန်ချထားကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဆေးကုသမှုဌာနမှ သိရသည်။

"ဆေးရုံမှာ ပုံမှန်လူနာတွေကိုလည်း လက်ခံကုသပေးမယ့်အပြင် နှစ်သစ်ကူးနေ့မှာ ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ထပ်မံရောက်ရှိလာမယ့် လူနာတွေကိုလည်း လက်ခံနိုင်အောင် ပြင်ဆင်ထားပါတယ်။ အများပြည်သူ ရုံးပိတ်ရက်တွေမှာလည်း လုံးဝပိတ်ထားခြင်းမရှိပါဘူး။ ဌာနကို ၂၄ နာရီဖွင့်ထားမှာ ဖြစ်ပါတယ်"ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ဆေးတက္ကသိုလ်(၁) အရိုးရောဂါပညာဌာနနှင့် လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာခင်မောင်မြင့်က ပြောသည်။

"သာမန်အားဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနမှာ တစ်နေ့ကို ဆရာဝန် ကိုးဦး တာဝန်ချထားပါတယ်။ ဒီဇင်ဘာ ၃၁ ရက်မှာ ထိခိုက်ဒဏ်ရာရလာတဲ့ လူနာတွေကို လက်ခံကုသပေးနိုင်အောင် အထူးကုဆရာဝန်တွေအပါအဝင် ဆရာဝန် ၁၉ ဦး ရှိမှာဖြစ်တဲ့အတွက် ဆရာဝန်အင်အား အရင်ကထက် နှစ်ဆတိုးပြီး တာဝန်ချထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် နှစ်သစ်ကူးကာလ၌ ထိခိုက်ဒဏ်ရာရရှိသူလူနာများအတွက် ကြိုတင်ပြင်ဆင်မှုများ နှစ်စဉ်ဆောင်ရွက်ထားလေ့ရှိပြီး ယခုနှစ်တွင်လည်း နှစ်ကူးကာလဖြစ်သည့် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းမှစတင်၍နောက်တစ်နေ့ ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီအထိ အရေးပေါ်ကာလအဖြစ် သတ်မှတ်ထားပြီး ထိခိုက်ဒဏ်ရာရရှိသူ အရေးပေါ်အခြေအနေလူနာများကို လက်ခံကုသပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်သစ်ကူးတုန်းက ကားမတော်တဆမှုတွေ၊ ဆိုင်ကယ်မတော်တဆမှုတွေနဲ့ ခိုက်ရန်ဖြစ်ပွားမှုတွေကြောင့် လူ ၂၀ လောက် ကုသခဲ့ရပါတယ်။ အရင်နှစ်တွေက အရက်သေစာသောက်စားပြီး မူးယစ်ရမ်းကားဒဏ်ရာရလို့ လူနာတော်တော်များများ ကုသခဲ့ဖူးတယ်။ ၂၀၁၇ ခုနှစ် နောက်ပိုင်းမှာ နည်းသွားပြီ။ ကျွန်တော်တို့ဘက်က သေသေချာချာပြင်ဆင်ထားပါတယ်" ဟု ပါမောက္ခ/ဌာနမှူး ဒေါက်တာခင်မောင်မြင့်က ပြောသည်။

နှစ်သစ်ကူးကာလ၌ ထိခိုက်ဒဏ်ရာရရှိသူ လူနာများအတွက် လိုအပ်သည့်သွေးနှင့် ဆေးဝါးပစ္စည်း ကိရိယာစုံလင်စွာ စီစဉ်ပေးထားပြီး ဆရာဝန်၊ သူနာပြု၊ ဓာတ်ခွဲ၊ ဓာတ်မှန်နှင့် အောက်ခြေဝန်ထမ်းများမကျန် တာဝန်အပြည့်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအတွက် အစားအစာများ စီစဉ်ပေးထားကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ် ဒေါက်တာ ခင်သီဂီမြင့်ထံမှ သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် ခုတင် ၂၀၀၀ ဆံ့ သင်ကြားရေးဆေးရုံဖြစ်ပြီး ဆေးရုံကြီး၏ အရေးပေါ်ဆေးကုသမှုဌာနတွင် တစ်နိုင်ငံလုံးမှ ရောက်ရှိလာသည့်လူနာများကို ၂၄ နာရီပတ်လုံး လက်ခံကုသပေးနေသည့် ဆေးရုံကြီးဖြစ်ကာ သာမန်ထိခိုက်ဒဏ်ရာ ရရှိမှုများအတွက် မြောက်ဥက္ကလာ၊ သင်္ဃန်းကျွန်း၊ အင်းစိန်မြို့နယ်တို့ရှိ ဆေးရုံများ၊ ရန်ကုန်အရှေ့ပိုင်းနှင့် အနောက်ပိုင်း ဆေးရုံများတွင် ထိခိုက်ဒဏ်ရာကုသမှုဌာနခွဲများ ဖွင့်လှစ်ထားကြောင်း သိရသည်။



ပါမောက္ခ/ဌာနမှူး ဒေါက်တာခင်မောင်မြင့်

**သတင်းနှင့်ဓာတ်ပုံ - သီသီမင်း**

# နှစ်သစ်ကူးညပိုင်းတွင် ထိခိုက်ဒဏ်ရာရရှိသူများရောက်ရှိလာပါက အရေးပေါ်ကုသပေးနိုင်ရန် မန္တလေးဆေးရုံကြီးတွင် ကြိုတင်ပြင်ဆင်ထား

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးမြို့တွင် ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်သို့ ကူးပြောင်းရောက်ရှိမည့် ဒီဇင်ဘာ ၃၁ ရက် နှစ်သစ်ကူး ညပိုင်းအချိန်တွင် ယာဉ်မတော်တဆဖြစ်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ ရောက်ရှိလာပါက အချိန်မီကုသပေးနိုင်ရန် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ကြိုတင်ပြင်ဆင်မှုများအနေဖြင့် အရေးပေါ်ကုသဌာန၊ အရိုးနှင့်ဆိုင်သည့် ကုသရေးဌာန၊ ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ကုသမှုဌာန၊ မျက်နှာနှင့်မေးရိုး၊ ခံတွင်းခွဲစိတ်ကုသမှုဌာနများနှင့် ဌာနအလိုက်လိုအပ်သည့် ဝန်ထမ်းများ တာဝန်ချထားရန်နှင့် လက်ရှိဝန်ထမ်းအပြင် အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြုများကို ထပ်မံ၍ တိုးမြှင့်ချထားရန် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်တင်တင်မိုးက ပြောကြားသည်။



"ဒီဇင်ဘာ ၃၁ ရက်နေ့ညမှာ ထိခိုက်ဒဏ်ရာရရှိသူတွေ ရောက်လာခဲ့ရင် အချိန်မီကုသပေးနိုင်ဖို့အတွက် ပုံမှန်တာဝန်ကျအင်အားထက် ပိုမိုပြီး တိုးမြှင့်ချထားပါတယ်။ ဒါ့အပြင် အရေးပေါ်ဌာနနဲ့ ဆက်နွယ်နေတဲ့ ဌာနတွေဖြစ်တဲ့ ခွဲစိတ်ကုသမှုဌာန၊ ဓာတ်ခွဲ/ဓာတ်မှန်ဌာန၊ သွေးလှူဘဏ်၊ လူနာတင်ယာဉ်များနဲ့ ထောက်ပံ့ရေးဆိုင်ရာမီး၊ ရေ ပြုပြင်ထိန်းသိမ်းရေးဌာန၊ ဆေးဝါးထောက်ပံ့ရေးဌာနတွေမှာ မူလတာဝန်ကျအင်အားထက် အရန်အင်အားတွေ တိုးမြှင့်ချထားပေးတဲ့အပြင် ထိခိုက်ဒဏ်ရာရပြီး ရောက်ရှိလာတဲ့သူတွေကို သယ်ယူပို့ဆောင်ကုသပေးနိုင်ဖို့အတွက် လုပ်သားအင်အားတွေကိုလည်း မူလထက် ပိုမိုတာဝန်ချပေးထားတယ်"ဟု ၎င်းကပြောသည်။

ထို့အပြင် ယင်းနေ့မတိုင်မီ သက်ဆိုင်ရာ အရေးပေါ်ကုသပေးသည့် ဌာနများအတွက် လိုအပ်သောဆေးဝါးများကို ကြိုတင်ထုတ်ပေးထားပြီး အရန်ဆေးဝါးများကိုလည်း သိုလှောင်ထားရှိကာ ဝယ်ယူသင့်သည့်ပစ္စည်းများကိုလည်း ကြိုတင်ဝယ်ယူစုဆောင်းထားရှိပြီး ရောက်ရှိလာသည့် လူနာများအား လိုလေသေးမရှိ ကုသပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

မန္တလေးမြို့တွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နှစ်သစ်ကူး ညပိုင်းက ယာဉ်မတော်တဆဖြစ်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့ကြောင့် မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးသို့ ထိခိုက်ဒဏ်ရာရရှိသူ ၆၁ ဦး ရောက်ရှိခဲ့ပြီး ယာဉ်တိုက်မှုကြောင့် သေဆုံးသူ လေးဦးရှိခဲ့ကြောင်း ဆေးရုံကြီးမှတ်တမ်းများအရ သိရသည်။

မန္တလေးမြို့နေ ပြည်သူများအနေဖြင့် နှစ်သစ်ကူး ဒီဇင်ဘာ ၃၁ ရက် ညပိုင်းတွင် မန္တလေးတောင်၊ ကျုံးအရှေ့တောင်ထောင့်၊ ကျုံးရေပန်းအလှ၊ မနော်ရမ္မံကွင်း၊ ဦးပိန်တံတားနှင့် မန္တလေးကန်တော်ကြီးတို့တွင် ည ၁၂ နာရီအချိန်အထိ စောင့်ဆိုင်း၍ နှစ်သစ်ကို ကြိုဆိုလေ့ရှိသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မန္တလေး-လားရှိုး ကားလမ်း ၁၆ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်သယ်ဆောင်လာသည့် ပိတောက်သစ်ခွဲသားများနှင့် တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မန္တလေး-လားရှိုးကားလမ်း ၁၆ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယနေ့နံနက် ၆ နာရီက မန္တလေးမှ မောင်းနှင်လာသည့် တိုယိုတာမတ်တူး အဖြူရောင်ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသည့် ပိတောက်သစ်ခွဲသားများနှင့် တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများ သိမ်းဆည်းရမိခဲ့သည်။

တောရိုင်းတိရစ္ဆာန်များနှင့် ယင်းတို့၏ အစိတ်အပိုင်းများ တရားမဝင်ကုန်သွယ်မှု တားဆီးနှိမ်နင်းရေးလုပ်ငန်းစီမံချက်အဖြစ် နေပြည်တော်ရှိ သစ်တောဦးစီးဌာန တာဝန်ရှိသူများနှင့် မန္တလေး-လားရှိုးကားလမ်း ၁၆ မိုင် ကုန်စည်စစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့တို့သည် ယနေ့နံနက် ၆ နာရီတွင် မန္တလေးမှ မူဆယ်သို့ ယာဉ်မောင်း ဦးသက်ဝင်း မောင်းနှင်လာသော တိုယိုတာမတ်တူး အဖြူရောင်ယာဉ်အမှတ် SHN 3D/---- အား ရပ်တန့်ရှာဖွေရာ ပီနံအိတ်နှင့် ခရီးဆောင်အိတ်များအတွင်းမှ ပိတောက်သစ်ခွဲသား(တယောပုံကြမ်း) ငါးတုံး (သုည ဒသမ ၁၀၈တန်)၊ တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများဖြစ်သည့် ရွှေသမင်ဦးချို ငါးစုံ၊ ဦးချိုဖြတ်စ ၉၇ ခု (၃၈ ဒသမ ၂ ကီလိုဂရမ်)နှင့် လိပ်ရင်ဘတ်အခွံ ငါးခု (သုည ဒသမ ၂ ကီလိုဂရမ်)တို့အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ တရားမဝင်ကုန်သွယ်မှုပြုလုပ်ရန် ကျူးလွန်ခဲ့သည့် ဦးသက်ဝင်းအား အုန်းချောရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




# လွယ်ဂျယ်မြို့၊ ကလေးမြို့နှင့် နမ့်ခမ်းမြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မူးယစ်တပ်ဖွဲ့စု(၁) ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ လွယ်ဂျယ်-မိုးမောက်သွားလမ်း ဝိန်းခမ်းကျေးရွာထိပ်၌ ဝင်ဖိုး မောင်းနှင်လာသည့် TOYOTA ALPHARD အမျိုးအစား ယာဉ်အား ရှာဖွေရာ ယာဉ်၏ရှေ့ခန်းဒက်ရှ်ဘုတ်အံ့ဝှက်နှင့် ကြမ်းခင်းအံ့ဝှက်အတွင်းတို့မှ ဘိန်းဖြူ ၄၈၄ ဂရမ်နှင့် စိတ်ကြွဆေးပြား ၅၅၈၅၀ တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့နံနက် အစောပိုင်းက မူးယစ်တပ်ဖွဲ့စု (၅) ကလေးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့ တာဟန်းရပ်ကွက် နယ်မြေ(၃) အမှတ်(၄၅)ရှိ ဒေါ်ကပ်လျန်ဆုန်၏နေအိမ် ခြံဝင်းအတွင်းမှ ငြိမ်းချမ်း မောင်းနှင်လာသည့် ဆိုင်ကယ်အား ရှာဖွေရာ ဆပ်ပြာခွက် ၉၉ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၁ ဒသမ ၀၈၉ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဒေါ်ကပ်လျန်ဆုန်၏နေအိမ်အား ဆက်လက်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၄၉၄၀၊ လက်ကိုင်ဖုန်း နှစ်လုံး၊ ငွေစုစာအုပ်တစ်အုပ်နှင့် ငွေကျပ် ၂၅ သိန်းတို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ် တာကွန့်ကျေးရွာနေ ရှင်းရုန်၏ နေအိမ်ကိုရှာဖွေရာ အိပ်ခန်းအတွင်းမှ ဘိန်းဖြူ ၂၈၈ ဂရမ်၊စိတ်ကြွဆေးပြား ၄၇၃၆၅ ပြားနှင့် ဘိန်းစိမ်း ၁ ဒသမ ၅ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


ဝင်ဖိုးအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ သန်း)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၂၈၄ သန်း) စုစုပေါင်းတားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၂၈၄ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၂၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Balta ယာဉ်တစ်စီး၏နောက်ဖုံး၊ ထိုင်ခုံအောက်နှင့် ရှေ့ဘီးဝဲ၊ ယာ အကာများတွင် အံ့ဝှက်ပြုလုပ်၍ သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအပိုင်းအစ၊ ဖြတ်စဆိုဒ်စုံ ၉၆ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ သန်း) ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နမ့်ခမ်းမြို့နယ်၌ ဘိန်းဖြူ ၂၈၈ ဂရမ်၊ စိတ်ကြွဆေးပြား ၄၇၃၆၅ ပြားနှင့် ဘိန်းစိမ်း ၁ ဒသမ ၅ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ပူးပေါင်းအဖွဲ့က နမ့်ခမ်းမြို့နယ် တာကွန့်ကျေးရွာနေ ရှင်းရုန်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဆပ်ပြာခွက် ၂၄ ခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၂၈၈ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၅၇၆၀၀၀၀)၊ စိတ်ကြွဆေးပြား ၄၇၃၆၅ ပြား (တစ်ပြားလျှင် ကျပ် ၁၅၀၀ နှုန်းဖြင့် ၇၁၀၄၇၅၀၀) နှင့် ဘိန်းစိမ်း ၁ ဒသမ ၅ ကီလို (၁ ကီလိုလျှင် ကျပ် ၁၀၀၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၅၀၀၀၀၀)တို့အား သိမ်းဆည်းရမိခဲ့သဖြင့် ပန်းဆေးနယ်မြေရဲစခန်းက စစ်ဆေး၍ ကွင်းဆက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

# မုံရွာမြို့နယ်၌ ဘိန်းဖြူမှုန့် ၅၅ ဂရမ်နှင့် စိတ်ကြွဆေးပြား ၅၈၅၀ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ဒီဇင်ဘာ ၂၉ ရက် ညနေ ၅ နာရီခွဲခန့်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များက အသွင်ယူ ဆောင်ရွက်နေစဉ် မုံရွာမြို့ စက်မှုဇုန်ရပ်ကွက် ၃၉ လမ်းရှိ 81 KTV သို့ ရောင်းချသူက ချိန်းဆိုသဖြင့် သွားရောက်စောင့်ဆိုင်းခဲ့ရာ ပစ္စည်းလာပို့သူ ပြည်စုံအောင်နှင့်အတူ ၎င်းလွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ ဆပ်ပြာခွက် ငါးခွက်ဖြင့် ထည့်ထားသည့် ဘိန်းဖြူမှုန့် ၅၅ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၅၅၀၀၀၀၀)နှင့် စိတ်ကြွဆေးပြား ၅၈၅၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၉၂၅၀၀၀၀) နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အမှုဖွင့်စစ်ဆေး၍ သတင်းကွင်းဆက်အား ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**


ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီခွဲက ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် ဈေးကြီးလမ်း ညဈေးရှေ့တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်အောင်က ပြည်သူများအား မှုခင်းအသိပညာပေးရှင်းလင်းဆွေးနွေးစဉ်။ **တင်ဝင်းတင်**

## မြန်မာ့ရုပ်မြင်သံကြား

**၃၁-၁၂-၂၀၁၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | MRTV Travelogue |
| ၈း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၉း၂၀ | BBC Click |
| ၉း၄၅ | ရတနာအလားကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "World Heritage" (Aphrodite Cypnus) |
| ၁၀း၃၀ | "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက်ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၉၂) |
| ၁၀း၄၀ | စိုက်ပျိုးရေးရာအဖြေရှာ "ရမည်းသင်းဒေသမှ စပျစ်စိုက်ပျိုးရေး" |
| ၁၁း၀၀ | လုံမမှတ်စု (၆၈) |
| ၁၂း၃၀ | "ပန်းကလေးများပွင့်တော့မည်" |
| ၁၃း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့် တစ်ကြောင်းရဲ့ မှတ်တမ်း" (အပိုင်း-၄) |
| ၁၄း၁၅ | Tasty Trip |

**ညပိုင်း**

| | |
|---|---|
| ၁၆း၂၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ) |
| ၁၇း၀၅ | This Week's Special Interest |
| ၁၇း၂၀ | ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ် "ဆောင်းရာသီနှင့် ကျန်းမာရေး" |
| ၁၇း၃၅ | Yes or No Talk Show |
| ၁၈း၃၅ | ဥပဒေရေးရာအဖြာဖြာ "ဥပဒေရေးရာသိကောင်းစရာအမေးအဖြေ" [ဦးဟန်ညွန့် (ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်၊ ဦးစံပေါ၊ဒေါ်အမာကြည်] [ဒါရိုက်တာ-ဝေဠု(ဝသန်)] |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၇၀) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ -နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားသံများ -နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်" (အပိုင်း-၂၇) -ဆုတောင်းစကားသံများနှင့် စတီရီယိုတေးများ -အစီအစဉ်ပြီး၏။ |

**မူးယစ်ကင်းစင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ငါးသိုင်းချောင်း၌ သမိုင်းပညာရှင် သမိုင်းပါမောက္ခဒေါက်တာသန်းထွန်း၏ ပုံတူရုပ်တုဖွင့်

**ငါးသိုင်းချောင်း ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ အထကကျောင်းလမ်းရှိ စိန်ရတုစာကြည့်တိုက်ရှေ့တွင် ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း B.A(Hons.) M.A,B.L,Ph.D,D.Lit ၏ ပုံတူရုပ်တု စိုက်ထူဖွင့်လှစ်ပွဲ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး စာကြည့်တိုက်အတွင်း ခင်းကျင်းပြသထားသော သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း၏ စာအုပ်စာတမ်းများအား လှည့်လည်ကြည့်ရှု လေ့လာသည်။

သမိုင်းပညာရှင်၊ သမိုင်းပါမောက္ခဒေါက်တာသန်းထွန်းကို ငါးသိုင်းချောင်းမြို့ ဒေါင့်ကြီးဘက်ကျေးရွာ၌ ၁၉၂၃ ခုနှစ် ဧပြီ ၆ ရက်တွင် မွေးဖွားခဲ့ပြီး ငါးသိုင်းချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းမှ ၁၉၃၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ကွယ်လွန်ခဲ့သည်။

ဆရာကြီးအသက်ရှိစဉ်ကာလအတွင်း ပြည်တွင်းပြည်ပတက္ကသိုလ်များ၌ သမိုင်းဘာသာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများစွာကို ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသမိုင်းအဖွဲ့ဝင်၊ မြန်မာ-အင်္ဂလိပ်အဘိဓာန် ပြုစုရေးကော်မတီ၊ မြန်မာ့သမိုင်းသုတေသနဌာနတို့တွင် ကွယ်လွန်ချိန်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၆ ခုနှစ်တွင် လန်ဒန်တက္ကသိုလ်မှ (Ph.D) ဘွဲ့ရရှိခဲ့ပြီး အတွဲ ၁၀ တွဲပါ မြန်မာ-အင်္ဂလိပ်(ဘာသာပြန်) အမိန့်တော်ပေါင်းချုပ်စာအုပ်အား ရှစ်နှစ်ကြာ ရေးသားပြုစုခဲ့ရာ လန်ဒန်တက္ကသိုလ်မှ ၁၉၈၈ ခုနှစ်တွင် (D.Lit) ဘွဲ့ချီးမြှင့်ခဲ့သည်။

ရှေးမြန်မာမြို့တော်များ၊ ကိုးသောင်းရှေးဟောင်းသုတေသနတူးဖော်ရေး (မြန်မာပြန်)၊ အိန္ဒိယသို့ချစ်ကြည်ရေးခရီး၊ ကျော်စွာ ၁၀၀ (ပ-ဒု) [မြန်မာပြန်]၊ ဂျပန်မူထပ် ၁၀၀ အစရှိသည့် အကျိုးပြုကျမ်း၊ သုတေသနစာတမ်း၊ စာအုပ်စာပေများစွာကို ရေးသားပြုစုခဲ့ပြီး မန္တလေးတက္ကသိုလ်တွင် သမိုင်းပါမောက္ခအဖြစ် ၁၉၆၅ မှ ၁၉၈၂ ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့ရာ ၁၉၈၃ ဧပြီ ၆ ရက်တွင် အငြိမ်းစားယူခဲ့ကြောင်း သိရသည်။

မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် လေးစားအားကျ အတုယူဂုဏ်ယူဖွယ်ဖြစ်စေရန်နှင့် မျိုးဆက်သစ်လူရွယ်များ၊ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း မိမိတို့ဒေသမှ ထူးချွန်ထင်ရှားသော သမိုင်းပညာရှင်ကို ဂုဏ်ယူလေးစား အားကျအတုယူဖွယ် အထိမ်းအမှတ်တစ်ခုအဖြစ် မြင်တွေ့သိရှိကြရပြီး မျိုးဆက်သစ်လူငယ်များ ထူးချွန်ထက်မြက်အောင်မြင်ရေးအတွက် လေ့လာသိရှိဖွယ်၊ အထောက်အထားပြုဖွယ်ရာဖြစ်လာစေမည်ဖြစ်ကြောင်း ရုပ်တုဖွင့်ပွဲဖြစ်မြောက်ရေးကော်မတီဝင် ဦးဖုန်းနိုင်က ပြောကြားခဲ့သည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# မုံရွာမြို့တွင် လူထုစက်ဘီးစီးနင်းပွဲ ကျင်းပ စက်ဘီးစီးသူများအား စက်ဘီးလေးစီး ကံစမ်းမဲဖောက်

**မုံရွာ ဒီဇင်ဘာ ၃၀**

မုံရွာမြို့ လူထုစက်ဘီးစီးနင်းပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက်က ကျင်းပရာ စက်ဘီးစီးသူများကို စက်ဘီးလေးစီး ကံစမ်းမဲဖောက်ပေးခဲ့ကြောင်း သိရသည်။

စက်ဘီးစီးသူများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က စက်ဘီးတစ်စီး၊ သိန်းလင်းစက်ဘီးဆိုင်မှ တစ်စီး၊ မြန်မာ့မဏ္ဍိုင်ဆီဆိုင်က တစ်စီး၊ မုံရွာလက်လီအသင်းက တစ်စီး စုစုပေါင်း လေးစီးကို ကံစမ်းမဲဖောက်ပေးခဲ့ခြင်းဖြစ်သည်။

စက်ဘီးစီးနင်းပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ လွှတ်တော်ဥက္ကဋ္ဌ၊ လူမှုရေးဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီး၊ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ချင်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်ဆင်နွှဲခဲ့သည်။

(၆) ကြိမ်မြောက် မုံရွာလူထုစက်ဘီးစီးနင်းပွဲကို စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မုံရွာစက်ဘီးစီးအဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးမှူးထံမှ သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# လူထုစုပေါင်းစက်ဘီးစီးနင်းပွဲမန္တလေးမြို့၌ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနတို့က ကြီးမှူးကာ လစဉ် နောက်ဆုံးပတ်တွင် ကျင်းပလျက်ရှိသည့် အကြိမ် (၃၀) မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၅ နာရီခွဲက မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့စုရပ်နေရာ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်နှင့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုးတို့ဦးဆောင်၍ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝမ်းနှင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့မှ စက်ဘီးစီးကလပ်အသင်းများမှ စက်ဘီးအားကစားသမားများ၊ အားကာသိပ္ပံမှ စက်ဘီးစီးသမား ကျောင်းသား ကျောင်းသူများ၊ သက်ကြီး၊ သက်လတ်၊ သက်ငယ် စက်ဘီးစီးအားကစားဝါသနာရှင်ပြည်သူများ၊ ဝန်ထမ်းများက စုပေါင်းစက်ဘီးစီးနင်း ပါဝင်ဆင်နွှဲခဲ့ကြသည်။

ယနေ့ စုပေါင်းစက်ဘီးစီးနင်းပွဲတွင် တာဝန်ရှိသူများ၊ စက်ဘီးအားကစားသမားဝါသနာရှင်ပြည်သူများ၊ ဝန်ထမ်းများ အင်အား ၁၇၀ ကျော်တို့သည် စုရပ်နေရာမှ ၂၆ လမ်းအတိုင်း လမ်း ၈၀၊ ထိုမှ ၁၂ လမ်းအထိ၊ ထိုမှ ၆၆ လမ်းအတိုင်း၊ ကျုံးတောင်ဘက် ၂၆ လမ်း တာလွှတ်စုရပ်နေရာအထိ ကျုံးတစ်ပတ် စက်ဘီးစီးနင်းကြပြီး ပျော်ရွှင်စွာ စုပေါင်းဆင်နွှဲပန်းဝင်ရောက်ရှိလာကြကာ ကိုယ်လက်လှုပ်ရှား ကြံ့ခိုင်မှုလေ့ကျင့်ခန်းများပြုလုပ်ခဲ့ကြသည်။

စက်ဘီးစီးအားကစားမောင်မယ် ဝါသနာရှင်ပြည်သူများအား စေတနာရှင်များက Royal-D အားဖြည့်အချိုရည်ဘူးများ ပေးဝေခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သတိပေးနှိုးဆော်ချက်

၁။ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၃ နာရီခွဲ အချိန်မှစ၍ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အခမ်းအနားကျင်းပစဉ် နံနက် ၃ နာရီခွဲအချိန်မှစ၍ အခမ်းအနားပြီးဆုံးချိန်အထိ အောက်ဖော်ပြပါအတိုင်း ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လည်းကောင်း။

(ခ) ဘဏ်လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လည်းကောင်း။

(ဂ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်သဖြင့် မဟာဗန္ဓုလလမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်းမှလည်းကောင်း၊ ကုန်သည်လမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်းအတိုင်း မောင်းနှင်ကြပါရန်။

(ဃ) အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များ၏ မော်တော်ယာဉ်များအား ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်းကြားရှိ ကုန်သည်လမ်းပေါ်တွင်လည်းကောင်း၊ ဘဏ်လမ်းပေါ်တွင်လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင်လည်းကောင်း ရပ်နားနိုင်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**



# ဒီဇင်ဘာကျောင်းပိတ်ရက်နှင့် နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပန်းဆိုးတန်း–ဒလ (ချယ်ရီသင်္ဘော)ဖြင့် ခရီးသွားပြည်သူများပြား



**ရန်ကုန် ဒီဇင်ဘာ ၃၀**

ဒီဇင်ဘာကျောင်းပိတ်ရက်များနှင့် နှစ်သစ်ကူးရုံးပိတ်ရက်ရှည်ကာလတွင် အနယ်နယ်အရပ်ရပ်မှ နေရပ်ပြန်ပြည်သူများ၊ အလည်အပတ်ခရီးသွားသူများ၊ ဘုရားဖူးပြည်သူများနှင့် ခရီးသွားပြည်သူများစွာတို့ကို ရန်ကုန် (ပန်းဆိုးတန်း-ဒလ) ကူးတို့ဆိပ်မှတစ်ဆင့် ချယ်ရီသင်္ဘောများဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနမှ ပို့ဆောင်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၉ ရက် နံနက်က ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှု ယခင်နေ့များထက် များပြားလျက်ရှိကြောင်း မြင်တွေ့ရသည်။

ဒလသင်္ဘောဆိပ်ကမ်းမန်နေဂျာ ဒေါ်ခင်ခင်နုက "ကျောင်းသား ကျောင်းသူတွေရဲ့ ဒီဇင်ဘာလ ကျောင်းပိတ်ရက်နဲ့ နှစ်သစ်ကူးရုံးပိတ်ရက်ဆုံတော့ အနယ်နယ်အရပ်ရပ်က နေရပ်ပြန်ကြတဲ့ ပြည်သူတွေနဲ့ ဘုရားဖူးသွားကြတဲ့ ခရီးသွားပြည်သူတွေ အရင်နေ့တွေထက် ပိုများတယ်။ မနက်ပိုင်းဆို ဒလဆိပ်ကမ်းကတစ်ဆင့် ရန်ကုန်မြို့ကို ကူးတာများတယ်။ ညနေဘက်ဆို ရန်ကုန်ဘက်ကနေ ဒလဘက်ကို ကူးတာများတယ်။ သင်္ဘောတစ်ခေါက်မှာ ခရီးသည် ၄၀၀ နီးပါး လိုက်ပါစီးနင်းနိုင်တယ်။ ခရီးသည်တွေ အန္တရာယ်ကင်းဖို့ ဝန်ထမ်းတွေအနေနဲ့ အဓိက စောင့်ကြည့်ပြီးမှ ထွက်ခွာတယ်။ ခရီးသည်တွေ ဘေးကင်းလုံခြုံရေးကို ချယ်ရီသင်္ဘောဝန်ထမ်းများနဲ့ (ပန်းဆိုးတန်း-ဒလ) ဆိပ်ကမ်းရှိ ဝန်ထမ်းများက အနီးကပ် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ပြောသည်။

ခရီးသည်ပြည်သူများ နေ့စဉ် သုံးသောင်းကျော်ရှိပြီး နေ့ထူး နေ့မြတ်များ၊ ပွဲတော်ရက်များနှင့် အားလပ်ရက်ရှည်ရုံးပိတ်သောနေ့များတွင် ခရီးသည်လိုက်ပါစီးနင်းမှု ပိုမိုများပြားကြောင်း သိရသည်။

ချယ်ရီသင်္ဘောများသည် ကျယ်ကျယ်ပြန့်ပြန့်ရှိခြင်းကြောင့် မိုးတွင်းကာလတွင် လေဒဏ်မိုးဒဏ် ကာကွယ်ပေးနိုင်ခြင်းနှင့် ရေယာဉ်အပေါ်ထပ်၌ အခမဲ့ထိုင်ခုံများဖြင့် စီးနင်းလိုက်ပါနိုင်ပြီး အောက်ထပ်၌ လူတစ်ဦးလျှင် ထိုင်ခုံတစ်လုံး ငွေကျပ် ၅၀ နှုန်းဖြင့် ကောက်ခံ၍ လူတစ်ဦးလျှင် ဝင်ကြေးကျပ် ၁၀၀ နှုန်း၊ နိုင်ငံခြားသားတစ်ဦးလျှင် အသွားအပြန်ကျပ် ၄၀၀၀ နှုန်းဖြင့် ကောက်ခံစီစဉ်ဆောင်ရွက်ထားရှိခြင်းကြောင့် ခရီးသည်များအနေဖြင့် သက်သာမှုရှိကြောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလမြို့နယ်၊ တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးမှ ခရီးသွားပြည်သူများအတွက် မြစ်ကူးတံတားကြီးသဖွယ် အဓိကအားထားနေရပြီး စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ ဝင်ပေါက်၊ ထွက်ပေါက် ကူးသန်းသွားလာနေသော ဆိပ်ကမ်းတစ်ခုဖြစ်သည်။

**နိုင်လင်းကျော်(ဒလ)**

## (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို မြို့နယ်အသီးသီးတွင် ပြိုင်ပွဲများကျင်းပ

**မြိတ်**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက မြိတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ပြိုင်ပွဲသို့ မြိတ်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူ ၅၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မြိတ်ခရိုင်(ပြန်/ဆက်)**

**နတ်တလင်း**

"လွတ်လပ်ရေးနှင့် ကျွန်ုပ်တို့တာဝန်" ခေါင်းစဉ်ဖြင့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ပြိုင်ပွဲသို့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

**စလင်း**

စလင်းမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒီဇင်ဘာ ၃၀ ရက် နံနက် ၈ နာရီက (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ မြို့နယ်ကြက်ခြေနီအသင်းခွဲတပ်ဖွဲ့မှ အဖွဲ့ဝင် ၂၀ ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ သန္ဓေတပ်ဖွဲ့ဝင် ၂၇ ဦးနှင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ အမျိုးသမီး ၁၂ ဦးတို့ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(၂) စားနပ်ရိက္ခာဖူလုံစေရေးအတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၃) အရင်းမပျောက်မတည်ရန်ပုံငွေမှ တိုးပွားလာသောငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ပြည်သူများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၄) ကျေးလက်ဒေသနေပြည်သူများ၏ စွမ်းဆောင်ရည်တိုးတက်လာစေရေးနှင့် ဘေးအန္တရာယ်များကျရောက်လာပါက တုံ့ပြန်မှုအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရေးအတွက် လေ့ကျင့်ပျိုးထောင်ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး ယင်းလုပ်ငန်းအဖွဲ့အဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ စည်းကမ်းသတ်မှတ်ချက်များ၊ ရန်ပုံငွေစီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ ပါဝင်သည့် လုပ်ငန်းလမ်းညွှန်ချက်များကို ရေးဆွဲထုတ်ပြန်နိုင်သည်။

၂၉။ ဦးစီးဌာနသည် အရင်းမပျောက်မတည်ရန်ပုံငွေကိုမပျောက်ပျက်စေရေးအတွက် သက်ဆိုင်ရာ ကျေးရွာလုပ်ငန်းအဖွဲ့များ၏ ရန်ပုံငွေသုံးစွဲခြင်း၊ စာရင်းဇယားထိန်းသိမ်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ကြပ်မတ်ကွပ်ကဲ စစ်ဆေးဆောင်ရွက်ရမည်။

၃၀။ ကျေးလက်ဒေသနေပြည်သူများသည်-

(က) ကျေးရွာအလိုက် အရင်းမပျောက်မတည်ရန်ပုံငွေများကို ချေးယူသုံးစွဲခွင့်ရှိသည်။

(ခ) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ ရောင်းဝယ်မှုလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သတ်မှတ်ချက်နှင့်အညီ ချေးယူနိုင်သည်။

(ဂ) ချေးယူသည့် အရင်းငွေနှင့် ကျသင့်သည့်အတိုးငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ပေးသွင်းရမည်။

(ဃ) ပုဒ်မခွဲ(ဂ) အရ ရရှိသော အတိုးငွေကို ဦးစီးဌာန၏ အတည်ပြုချက်ရယူ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သတ်မှတ်ချက်များနှင့်အညီ သုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်ရမည်။

**အခန်း(၁၀)**

**ဘဏ္ဍာရန်ပုံငွေထိန်းသိမ်းခြင်းနှင့်စာရင်းစစ်ဆေးခြင်း**

၃၁။ ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ခွင့်ပြုဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ သုံးစွဲရမည်။

၃၂။ ဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ပြည်တွင်း ပြည်ပ အကူအညီအထောက်အပံ့အဖြစ်ရရှိသော နိုင်ငံခြားသုံးငွေအပါအဝင် ငွေကြေးနှင့်ပစ္စည်းများကို လက်ခံခြင်း၊ ထိန်းသိမ်းခြင်းနှင့် အသုံးပြုခြင်းတို့ကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၃၃။ ဦးစီးဌာနသည် ပုဒ်မ ၃၂ အရ ပြည်တွင်း ပြည်ပ အကူအညီ အထောက်အပံ့အဖြစ်ရရှိသော နိုင်ငံခြားသုံးငွေ အပါအဝင် ငွေကြေးများကို သတ်မှတ်ချက်များအတိုင်း ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် သီးခြားဘဏ်စာရင်းဖွင့်လှစ်၍ ဥပဒေနှင့်အညီ လိုက်နာသုံးစွဲဆောင်ရွက်ရမည်။

၃၄။ ဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာ ခွင့်ပြုချက်ရရှိပြီးသည့် တိုက်ရိုက်ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဒေသခံပြည်သူများသို့ တိုက်ရိုက်လွှဲပြောင်း ပေးအပ်ဆောင်ရွက်စေ၍ ငွေကြေးသုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ရမည်။

၃၅။ ဦးစီးဌာနသည် သက်ဆိုင်ရာ ကျေးရွာလုပ်ငန်းကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အသုံးစရိတ်ရှင်းတမ်းများကို သတ်မှတ်သည့်ကာလအပိုင်းအခြားဖြင့် အများမြင်သာသည့်နေရာတွင် ဖော်ပြနိုင်ရေးအတွက် စီမံဆောင်ရွက်ရမည်။

၃၆။ ဦးစီးဌာနအပါအဝင် ဤဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီနှင့် လုပ်ငန်းအဖွဲ့များသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ငွေကြေးနှင့်ပစ္စည်းများရရှိသုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးခြင်းခံယူရမည်။

**အခန်း(၁၁)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၇။ မည်သူမဆို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာ ပစ္စည်း သို့မဟုတ် ရန်ပုံငွေကို အလွဲသုံးစားပြုလျှင် ထိုသူကို တည်ဆဲဥပဒေအရ အရေးယူရမည်။

၃၈။ မည်သူမဆို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းများကို တာဝန်အရ တစ်ဦးတစ်ယောက်က အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအား ဟန့်တားရန် သို့မဟုတ် တားဆီးရန် ပြုလုပ်ခြင်းကိုဖြစ်စေ၊ ရာဇဝတ်မကင်းသော အနိုင်အထက်ပြုခြင်းကိုဖြစ်စေ ပြုလုပ်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၉။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း(၁၂)**

**အထွေထွေ**

၄၀။ ကြီးကြပ်မှုကော်မတီသည် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာ အသိပညာတိုးပွားစေရေး ဆောင်ရွက်ရမည်။

၄၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကျေးရွာကော်မတီသို့မဟုတ် အဖွဲ့များ ဖွဲ့စည်းရာတွင် အမျိုးသား၊ အမျိုးသမီး တတ်နိုင်သမျှ အချိုးညီစွာ ပါဝင်ဖွဲ့စည်းရမည်။

၄၂။ ဦးစီးဌာနသည် အစိုးရဌာန၊ အဖွဲ့အစည်းအသီးသီးမှ ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းများနှင့်လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၄၃။ ဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပ အကူအညီအထောက်အပံ့ဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်း သုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ထုတ်ပြန်ကြေညာရမည်။

၄၄။ ဦးစီးဌာနသည် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်သည့် အရင်းမပျောက်မတည်ရန်ပုံငွေ အပါအဝင် ဦးစီးဌာနက ထုတ်ပေးထားသော ချေးငွေနှင့် ကျသင့်သည့်အတိုးငွေတို့ကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၄၅။ ပုဒ်မ ၃၉ အရ ကျူးလွန်သည့်ပြစ်မှုများကို တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

၄၆။ ဤဥပဒေအရ ဝန်ထမ်းတစ်ဦးဦးကို အရေးယူရန်လိုအပ်လျှင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုရမည်။

၄၇။ ဤဥပဒေ ပုဒ်မ ၃၈ နှင့် ၃၉ တို့ပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အလို့ငှာ -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကြီးကြပ်မှုကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

## မြန်မာ–ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေးကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပ



**မြိတ် ဒီဇင်ဘာ ၃၀**

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် မြိတ်ခရိုင်နှင့် ထိုင်းနိုင်ငံ ရာချဘူရီခရိုင်မှ ဒေသတွင်းလုပ်ငန်းရှင်များ၏ လက်မှုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများရောင်းချပွဲကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၉ ရက်ထိ မြိတ်မြို့ ကမ်းနားလမ်းရှိ Myeik Shopping Centre တွင် ကျင်းပသည်။

ဈေးရောင်းချရာတွင် မြန်မာနိုင်ငံ မြိတ်ခရိုင်လုပ်ငန်းရှင်များမှ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ခန်း ၅၀ ခန့်နှင့် ထိုင်းနိုင်ငံ ရာချဘူရီခရိုင်မှ လုပ်ငန်းရှင်များမှ အရောင်းဆိုင်ခန်း ၅၀ ဖြင့် ရောင်းချလျက်ရှိရာ အစားအသောက်၊ လူသုံးကုန်ပစ္စည်း၊ လက်မှုပစ္စည်း၊ အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အဝတ်အထည်များကို ရောင်းချပေးလျက်ရှိရာ ဒေသခံများ၊ ဈေးဝယ်လာသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။ **မြိတ်ခရိုင်(ပြန်/ဆက်)**

## ကိုရီးယားနိုင်ငံမှလွှတ်တော်ကိုယ်စားလှယ်များ ကျောက်တန်းမြို့ဝဲကြီးကျေးရွာသို့ လေ့လာရေးရောက်ရှိ

**ကျောက်တန်း ဒီဇင်ဘာ ၃၀**

ကိုရီးယားနိုင်ငံ လွှတ်တော်ကိုယ်စားလှယ်လေးဦးနှင့် Kocia မှ ဌာနကိုယ်စားလှယ် အီယောင်းဆူ၊ SMU Project Manager လီဆွန်းဝမ်တို့သည် ဒီဇင်ဘာ ၂၈ ရက် ညနေ ၃ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ဝဲကြီးကျေးရွာ မြန်မာဆယ်မားအူးလ်အွန်ဒုန် (ကျေးရွာသစ်လှုပ်ရှားမှု) စီမံကိန်းအား လာရောက်လေ့လာကြသည်။

ကျောက်တန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး၊ စိုက်ပျိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒုတိုင်းဦးစီးမှူးများဖြစ်သည့် ဦးဇော်လင်း၊ ဒေါ်ခင်ငြိမ်းနု၊ ဒေါ်အေးမီမီစိုး၊ စိုက်ပျိုးရေးဌာန ခရိုင်ဦးစီးမှူး ဦးဇော်ထွေး၊ မြို့နယ်ဦးစီးမှူး ဦးမျိုးသန်းတို့နှင့်အတူ ဝဲကြီးကျေးရွာနေပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**



ရန်ကုန်မြို့လူထုစုပေါင်းစက်ဘီးစီးပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၆ နာရီတွင် သန်လျင်တံတားထိပ် ကြယ်စင်အိမ်ရာရှေ့၌ ကျင်းပရာ စက်ဘီးဝါသနာရှင် ၄၀၀ ကျော်တို့သည် သန်လျင်မြို့ ပြည်တော်သာလမ်း၊ မြို့ပတ်လမ်းမှ သတိပဋ္ဌာန်လမ်းအတိုင်း မြို့တစ်ပတ်စီးနင်း၍သန်လျင်တံတားထိပ်၌ပန်းဝင်ကြသည်။
**သန်းဝင်း (သန်လျင်)**

## ထန်းတပင်မြို့နယ်တွင် ရေလမ်းကြောင်းကောင်းမွန်ရေးရှင်းလင်း

**ထန်းတပင် ဒီဇင်ဘာ ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်တွင် လှိုင်မြစ်၊ ကုက္ကိုဝမြစ် ရေလမ်းကြောင်းကောင်းမွန်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်နေမှုအခြေအနေများကို ဒေသခံပြည်သူများအား ချပြရှင်းလင်းခြင်းကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်းက ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ယခုလို ဒေသခံပြည်သူများအား လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ချပြရှင်းလင်းသည့်အတွက် ဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကျော်မှူးက ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်တွင် ထန်းတပင်မြို့နယ် လှိုင်မြစ်၊ ကုက္ကိုဝမြစ် ရေလမ်းကြောင်းကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ဆောင်ရွက်နေမှုများကို Powerpoint ဖြင့် ရှင်းလင်းသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံပြည်သူများက မိမိတို့ သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ရန်ကုန်တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။
**ဇင်မင်းထိုက်(ထန်းတပင်)**

# မန္တလေးလွတ်လပ်ရေးကျောက်တိုင်

ဆုးငှက်

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့ မန္တလေးနေပြည်တော်မှ သီပေါဘုရင် ပါတော်မူပြီး ၆၂ နှစ်ပြည့်မြောက်သည့်နှစ်တွင် တစ်နိုင်ငံလုံး လွတ်လပ်ရေးရပြီး အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတနိုင်ငံတော်အဖြစ် ကြေညာနိုင်ခြင်းဖြစ်သည်။ ပထမဆုံးလွတ်လပ်ရေးနေ့တွင် မြန်မာတို့၏ သက်ဦးဆံပိုင် နောက်ဆုံးဘုရင် ပါတော်မူခဲ့ရာ မန္တလေးတွင် လွတ်လပ်ရေးနေ့အတွက် လွတ်လပ်ရေးစာတမ်းကြေညာခြင်း၊ လွတ်လပ်ရေးအဓိဋ္ဌာန်ကိုးချက် ဖတ်ကြားခြင်း၊ လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်အတွက် ပန္နက်ချခြင်းများနှင့်အတူ နန်းတော်တောင်ဥယျာဉ်တော်အတွင်း အင်္ဂလိပ်တို့ စိုက်ထူထားခဲ့သော သီပေါမင်းအညံ့ခံလက်နက်ချ ပါတော်မူကျောက်တိုင်ကိုပါ ထိုစဉ်က မန္တလေးမြူနီစီပယ်ဥက္ကဋ္ဌ ဗိုလ်စောမောင်က အမြစ်အရင်းကတူးဖြို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည်။

## လွတ်လပ်တဲ့မြန်မာပြည်

ထို့ပြင် မန္တလေးမြို့ခံ စာရေးဆရာများ၊ အနုပညာရှင်များကလည်း လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားအတွက် ဓားတန်းရပ်ရှိ မြို့မအသင်းတိုက်တွင် စုဝေးပြီး ကြိုတင်ပြင်ဆင်ကြ၏။ ထို့နောက် မန္တလေးမြို့ခံ ဂီတစာဆိုကြီးရှစ်ဦးတို့က တစ်ယောက်တစ်ပိုဒ်စီ ပူးပေါင်းပြီး "လွတ်လပ်တဲ့ မြန်မာပြည်" ဟူသောသီချင်းကို စုပေါင်းရေးစပ်ခဲ့ကြသည်။ အဆိုပါ ပညာရှင်ရှစ်ဦးမှာ ဆရာထာ၊ ဆရာခင်၊ မြို့မငြိမ်း၊ နန်းတော်ရှေ့ဆရာတင်၊ ဂီတာဘသိန်း၊ ဆရာညှာ၊ ဆရာရိုက်၊ ဆရာလှိုင်တို့ဖြစ်ကြပြီး ထိုသီချင်းကို တေးသွားသံစဉ်နှင့် ဂီတသင်္ကေတနုတ်(စ်)များအား မြို့မငြိမ်းက ရေးပေးပြီး မြို့မတူရိယာအဖွဲ့ တီးမှုတ်ခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေးအကြိုည (၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ည) တွင် မန္တလေးလက်ဆည်ကန်ရပ်ရှိ ဝင်းလိုက်ရုပ်ရှင်ရုံရှေ့မှာ မြို့မအဖွဲ့က မြို့လူထုကို "အောင်သံမြေမိုး" အစချီ "လွတ်လပ်တဲ့ မြန်မာပြည်" သီချင်းကို စတင်သီဆို တီးမှုတ်ဖျော်ဖြေ၏။ နောက်ရက် လွတ်လပ်ရေးအခမ်းအနားကျင်းပသော နန်းတွင်းမှာလည်း ထိုသီချင်းကို သီဆိုတီးမှုတ်ခဲ့ကြသည်။

## လွတ်လပ်ရေးကျောက်တိုင် စိုက်ထူရေးအစီအစဉ်

မန္တလေးတွင်ကျင်းပသော ပထမဆုံးလွတ်လပ်ရေးအောင်ပွဲအခမ်းအနားက စည်ကားလှသလို လွတ်လပ်ရေးကျောက်တိုင် ခံ့ညားစွာစိုက်ထူရေးကိုလည်း မြို့လူထုက ဆုံးဖြတ်စီစဉ်ခဲ့ကြခြင်းကိုလည်း အခမ်းအနားအစီအစဉ်တွင် လွတ်လပ်ရေး မော်ကွန်းကျောက်တိုင်အတွက် ပန္နက်ချခြင်းဟူသော အစီအစဉ်ပါခြင်းက သက်သေပြနေပေသည်။ သို့သော် မန္တလေးတွင် လွတ်လပ်ရေးကျောက်တိုင် စိုက်ထူရေးအစီအစဉ်မှာ အချိန်အတော်ကြာသည်အထိ အကောင်အထည်မပေါ်ခဲ့ချေ။




နောက်နှစ်နှစ်အကြာ ၁၉၅၀ ပြည့်နှစ် ဧပြီ ၂၉ ရက်နေ့တွင် အနောက်တောင်ကျုံးထောင့် ကျုံးနှင့်မြို့ရိုးကြား ကွက်လပ်၌ ပေ ၉၀ အမြင့်ရှိ လွတ်လပ်ရေးကျောက်တိုင်ကို ပန္နက်ရိုက်ကာ စတင်တည်ဆောက်ခဲ့သည်။ သို့သော် နေရာကကျဉ်းမြောင်းသဖြင့် တည်ဆောက်လက်စကျောက်တိုင်ကို ဖျက်သိမ်းလိုက်ကြပြန်၏။ မန္တလေးနှင့် လွတ်လပ်ရေးကျောက်တိုင် ကံမစပ်ပြန်ချေ။ ဤသို့ဖြင့် ထိုစဉ်က အစိုးရ၊ တပ်မတော်နှင့် မြို့မိမြို့ဖတို့က ပိုမိုခံ့ညားမြင့်မားသော ကျောက်တိုင်ကို ကျယ်ဝန်းသည့်နေရာတွင် အသစ်စိုက်ထူရန် နေရာရွေးချယ်ခဲ့ကြရာ လက်ရှိကျောက်တိုင်ကို နေရာသစ်တွင် ထပ်မံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မန္တလေး လွတ်လပ်ရေးကျောက်တိုင်ကြီး တည်ဆောက်မည့်နေရာက မန္တလေးနန်းတွင်းအင်္ဂါထောင့် (အရှေ့တောင်ထောင့်) မှာရှိသော ပိုလိုကွင်းဟုခေါ်သည့် ကွင်းကြီးအတွင်းဖြစ်သည်။

## သိဒ္ဓိဇေယျ မင်္ဂလာ အခါတော်

မန္တလေးနန်းတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်ကို ၁၉၅၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် စတင်တည်ဆောက်ရန် ပန္နက်ရိုက်ခဲ့သည်။ ပန္နက်ရိုက်ပွဲကို ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများဖြစ်သော ညောင်ရမ်းဆရာတော်၊ စံကျောင်းဆရာတော်၊ ဝေဠုဝန်ဆရာတော်၊ ဟံသာဝတီဆရာတော်၊ ဆရာတော် ဦးနာရဒ၊ ဆရာတော်ဦးကြွယ်၊ ရွှေမန်းဆရာတော်၊ ခင်မကန်ဆရာတော်နှင့်အတူ နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်ကြီးများ ကြွရောက်ပြီး ပရိတ်တော်များ ချီးမြှင့်ပေးတော်မူကြသည်။

မင်္ဂလာအချိန်ကျရောက်သော နံနက် ၁၀ နာရီ ၁၆ မိနစ် ၁ စက္ကန့်အချိန်တွင် အမျိုးသားစီမံကိန်း၊ သာသနာရေး၊ ယဉ်ကျေးမှုဌာနဝန်ကြီး ဦးဝင်းက တနင်္ဂနွေထောင့်က စပြီး ရွှေတူနှင့် ပန္နက်များ စတင်ရိုက်သွင်းပေး၏။ ပန္နက်ရိုက်မည့် အရပ်ရှစ်မျက်နှာအလိုက် ဆိုင်ရာနေ့နာမ်သားပုဂ္ဂိုလ်များက ကျန်ပန္နက်များကို ဆက်လက်ရိုက်ပေးကြသည်။ ပန္နက်များရိုက်သွင်းနေစဉ် ဗေဒင်ပညာရှိ ဦးကျော်ဇောက သိဒ္ဓိဇေယျမင်္ဂလာအခါတော် ကျရောက်ကြောင်း ဖတ်ကြားပြီး သီရိမင်္ဂလပရိတ်တော်အဖွဲ့က ခေါင်းဆောင်ဦးဘသော်နှင့်အတူ စိန္တာမဏိသျှန္တိမန္တန်ကို ရွတ်ဖတ်ကြပါသည်။

ပန္နက်ရိုက်ခဲ့သော လွတ်လပ်ရေးကျောက်တိုင်ကြီးကို နောက်သုံးလအကြာ ၁၉၅၄ ခုနှစ် ဇန်နဝါရီလ ၄ ရက် (၇) ကြိမ်မြောက် လွတ်လပ်ရေးနေ့အမီ တည်ဆောက်ဖို့ ဝန်ကြီးချုပ်ဦးနုက ညွှန်ကြားသဖြင့် ဝန်ကြီးဦးဝင်းကြီးမှူးပြီး ကုန်ကျမည့်ငွေကျပ် ၃၀၀၀၀ အနက် မန္တလေးနေပြည်တော်လူထုကိုယ်စား မန္တလေးမြူနီစီပယ်အဖွဲ့ရန်ပုံငွေက ငွေကျပ် ၁၀၀၀၀ ထည့်ဝင်တည်ဆောက်ခြင်းဖြစ်သည်။

## မူလကျောက်တိုင်နေရာ

၁၉၅၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် မန္တလေး အနောက်တောင် ကျုံးထောင့်၌ကျင်းပသော (၇) ကြိမ်မြောက် လွတ်လပ်ရေးနှစ်ပတ်လည်နေ့တွင် ကျောက်တိုင်သစ်ဖွင့်ပွဲကို တစ်ပါတည်း ကျင်းပခဲ့တာကလည်း အမှတ်တရဖြစ်သည်။ မနက် ၄ နာရီကတည်းက ကျောက်တိုင်ဖွင့်ပွဲအတွက် လူထုပရိသတ်က တိုးမပေါက်အောင် စည်ကားနေပြီ။ မနက် ၄ နာရီ ၅ မိနစ်တိတိမှာ ပုဏ္ဏားပညာရှိခုနစ်ယောက်က အန္တရာယ်ကင်းဂါထာ မန္တရားများ ရွတ်ဖတ်ကြ၏။ ၄ နာရီ ၁၅ မိနစ်တိတိတွင် မန္တလေးတိုင်းမင်းကြီး သရေစည်သူဦးအောင်မြင့်က နိုင်ငံတော်အလံကို လွှင့်ထူလိုက်သည်။ ၄ နာရီမိနစ် ၂၀ တွင် ဗိုလ်မှူးအေးငွေ ဦးဆောင်ပြီး သစ္စာလေးချက်ကိုတိုင်၍ လူထုပရိသတ်က လိုက်ဆိုကြသောအသံက မိုးလုံးဟည်းသွားတော့သည်။ ထိုအချိန်တွင် ဗမာ့တပ်မတော်က အမြောက်ငါးချက် ပစ်ဖောက်လိုက်သည်နှင့် မန္တလေးတစ်မြို့လုံးရှိ စက်ရုံများ၊ မီးရထား၊ မီးသင်္ဘောများက ဥသြသံရှည်ဆွဲပြီး အလေးပြုကြ၏။ ဥသြသံများသာမက စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သက်ဆိုင်ရာဘာသာအလိုက် ဘုရားကျောင်းများက ကြေးစည်သံ၊ ခေါင်းလောင်းသံတွေပါ ဘဝင်တိုင်မျှ ထွက်ပေါ်လာသည်မှာ ကြက်သီးဖျန်းဖျန်းထရကြောင်း သိမီသူများက ပြောပြသည်။



> ❝ မြို့ရိုးပြအိုး ပြာသာဒ်များနောက်ခံ အပြာရောင်မိုးကောင်းကင်ကြီးတွင် လွတ်လပ်ရေးကျောက်တိုင်ကြီးကား ထည်ဝါမြင့်မားပြီး ခံ့ညား ကျက်သရေရှိလှသည်...❞

## ကျောက်တိုင်သစ်ဖွင့်ပွဲ

နံနက် ၇ နာရီတိတိမှာတော့ ကျုံးထောင့်မှာရှိသော ဗဟိုမဏ္ဍပ်တွင် သံဃာ ၁၀၈ ပါးကို ဆွမ်းကပ်လှူပြီး အမျှအတန်းပေးဝေကြသည်။ နံနက် ၇ နာရီမိနစ် ၃၀ တိတိတွင် ကျောက်တိုင်သစ်ဖွင့်ပွဲ စတင်ကျင်းပပါပြီ။ မန္တလေးတစ်မြို့လုံးရှိ ပညာရှိပြက္ခဒိန်တော်ဆက်အဖွဲ့ကြီးက မင်္ဂလာသြဘာစာဖတ်ကြားပြီး နံနက် ၈ နာရီတိတိအချိန်မှာ ပုဏ္ဏားပညာရှိ ဦးလောကသာရက အခါတော်ကြားစာ ဖတ်ကြားကာ တိုင်းမင်းကြီး သရေစည်သူဦးအောင်မြင့်က ပြည်ထောင်စုအလံတော် ဖုံးအုပ်ထားသော လွတ်လပ်ရေးကျောက်တိုင်သစ်ကို ဖွင့်လှစ်ပေးလိုက်ပါသည်။ ကျောက်တိုင်သစ်ဖွင့်ပွဲကျင်းပရာ မဏ္ဍပ်တွင် ခရိုင်ဖဆပလဥက္ကဋ္ဌကြီး ဦးဘကြွယ်က ဝန်ကြီးချုပ်ဦးနု၏ သဝဏ်လွှာကို ဖတ်ကြား၏။ ကျောက်တိုင်သစ်ဖွင့်ပွဲတွင် မြို့လူထု၊ ကျောင်းသူကျောင်းသား၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ အလုပ်သမားများသာမက တပ်မတော်ကပါ တက်ရောက်ကြသဖြင့် အထူးစည်ကားလှသည်။ ကျောင်းသား ကျောင်းသူ ၆၀၀၀ ကျော်က ကာယအလှလေ့ကျင့်ခန်းတွေ ပြကြသကဲ့သို့ စက်ဘီးအမြန်စီးပွဲ၊ အားကစားပြိုင်ပွဲ၊ လက်နှိပ်စက်ပြိုင်ပွဲတွေ၊ ပျော်ပွဲရွှင်ပွဲတွေနဲ့ ကျင်းပခဲ့ခြင်းဖြစ်သည်။

ကျောက်တိုင်သစ်ဖွင့်ပြီးသည်နှင့် ဗမာ့တပ်မတော်က စစ်ရေးပြကာ အလေးပြုပြီး တပ်မတော်သား ၁၀၀၀ နှင့်အတူ ရဲအတတ်သင်ကျောင်းက သင်တန်းသား ၈၀၀ ကျော်၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တွေက မင်္ဂလာတံခါးမှ ၂၆ ဘီ အာဇာနည်လမ်း အနောက်ဈေးချိုနာရီစင်၊ ထိုမှတစ်ဆင့် ၈၄ ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း တောင်ဘက် ၃၅ လမ်းအထိ၊ ထို့နောက် ၃၅ လမ်းအတိုင်း အနောက်မလွန်ဘောလုံးကွင်းအထိ စစ်ရေးပြ ချီတက်ကြသည်။

## မြို့ရိုးပြအိုး ပြာသာဒ်များနောက်ခံ လွတ်လပ်ရေးကျောက်တိုင်

ကျောက်တိုင်သစ်ကြီးက အမြင့် ၁၃၂ ပေရှိကာ အမြင့် ၂၇ ပေခွဲရှိ ကြယ်ပုံသဏ္ဌာန် ကျောက်တိုင်ငယ်ငါးလုံးက ခြံရံထားသည်။ မြို့ရိုးပြအိုး ပြာသာဒ်များနောက်ခံ အပြာရောင်မိုးကောင်းကင်ကြီးတွင် လွတ်လပ်ရေးကျောက်တိုင်ကြီးကား ထည်ဝါမြင့်မားပြီး ခံ့ညား ကျက်သရေရှိလှသည်။ နောက်ပိုင်း ဆက်တိုက်ဆိုသလို လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားများကို နှစ်စဉ် ပရိသတ်သိန်းချီဆံ့သော နန်းတွင်းကျောက်တိုင်ကွင်းနှင့် တောင်ဘက်ကျုံးနံဘေးတွင် ခုနစ်ရက်ခုနစ်လီ စည်စည်ကားကားကျင်းပခဲ့ကြတာ အမှတ်တရရှိလှသည်။ လွန်ခဲ့တဲ့ နှစ် ၃၀ ကျော် ၄၀ ဝန်းကျင်မှာတော့ ဒီအစဉ်အလာတွေ ပျက်သုဉ်းသွားရုံမက ၁၉၈၈ နောက်ပိုင်း နန်းတွင်းဝင်ထွက်ခွင့်ကိုပင် ကန့်သတ်တားဆီးလိုက်တော့သည်။

မန္တလေးတွင် လွတ်လပ်ရေးကျောက်တိုင်ရှိသည်ဆိုတာပင် နှောင်းခေတ်လူငယ် တော်တော်များများ မသိကြတော့။ ဒါကလည်း အပြစ်မဆိုသာ။ အများပြည်သူလူထုနှင့် အဆက်အစပ်မရှိအောင် ကန့်သတ်ချုပ်ချယ်ထားသောကြောင့် သွားခွင့်လာခွင့်၊ အလေးပြုခွင့်၊ ဂါရဝပြုခွင့်၊ ပွဲလမ်းကျင်းပခွင့်မရဘဲ အဖိုးတန် မွန်မြတ်လှသော လွတ်လပ်ရေးကျောက်တိုင်ကြီးကား လူမြင်ကွင်းမှ ပျောက်ကွယ်နေရခြင်း ဖြစ်သည်။

လွတ်လပ်ရေးကျောက်တိုင်နှင့် မန္တလေး ယခုထိ ကံမစပ်သေး။

# မန္တလေးမြို့တွင် နှစ်သစ်ကူးအကြိုပွဲတော်ကျင်းပ LED မီးရောင်စုံများထွန်းညှိ၊ဈေးရောင်းပွဲ၊ဖျော်ဖြေပွဲများပါဝင်



**မန္တလေး ဒီဇင်ဘာ ၃၀**
မန္တလေးမြို့၏ နှစ်သစ်ကူးအကြိုပွဲတော်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက် ည ၇ နာရီက အောင်မြေသာစံမြို့နယ် ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတွင် ကျင်းပသည်။

မန္တလေးမြို့၏ နှစ်သစ်ကူးပွဲတော်အား Happy Brand မှ ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး မန္တလေးမြို့၏ ကျုံးအလှကို ပိုမိုပေါ်လွင်စေရန် ကျုံးလမ်းတစ်လျှောက် LED မီးရောင်စုံများ အလှဆင်ထားရာ အမှတ်တရဓာတ်ပုံရိုက်ကူးသူများဖြင့် စည်ကားလျက်ရှိသည်။

ကျုံးဘေးတစ်လျှောက်တွင် မြန်မာ့ရိုးရာလက်မှုအနုပညာပြခန်းများ၊ မုန့်ဈေးတန်းများပါဝင်ပြီး ဒီဇင်ဘာ ၃၁ ရက်ညတွင် နိုင်ငံကျော်တေးသံရှင်များဖြစ်သည့် စောဖိုးခွား၊ ဂရေဟမ်နှင့် ပန်းရောင်ခြယ်တို့၏ ဖျော်ဖြေမှုများ၊ မြန်မာ့ရိုးရာ အကအလှဖျော်ဖြေပွဲများ အစီအစဉ်များနှင့် မီးရှူးမီးပန်းပစ်ဖောက်ခြင်းများ ပါဝင်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# စိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုရိတ်ခြွေစက်နှင့် ကောက်ရိုးထုံးစက်ကိရိယာသရုပ်ပြသ

**ရေတာရှည် ဒီဇင်ဘာ ၃၀**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၈) ထွန်စက်စခန်းမှ ဦးဆောင်၍ စိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုစီမံကိန်း (ADSP) အစီအစဉ်ဖြင့် ဒီဇင်ဘာ ၂၈ ရက်က ရိတ်ခြွေစက်နှင့် ကောက်ရိုးထုံးစက်ကိရိယာဖြင့် သရုပ်ပြသပွဲအား ခင်တန်းကြီးကျေးရွာအုပ်စု ကွင်းအမှတ် ၆၆၂(ခ) တွင် ပြုလုပ်သည်။

"တောင်သူတွေအနေနဲ့ စပါးရိတ်ပြီးတဲ့အခါမှာ ကောက်ရိုးတွေကို မီးရှို့စွန့်ပစ်မယ့်အစား အခုလို ကောက်ရိုးထုံးစက်ကိရိယာနဲ့ စနစ်တကျ သိမ်းဆည်းနိုင်မယ်ဆိုရင် နေရာကျဉ်းကျဉ်းမှာ ထားသိုနိုင်မယ်။ နောက် စိုက်ပျိုးရေးလုပ်ငန်းတွေဖြစ်တဲ့ သီးနှံပျိုးခင်းတွေကို နေရောင်မကျရောက်အောင် အပေါ်ကနေ အကာအကွယ်အဖြစ် ထည့်သွင်းအသုံးပြုနိုင်သလို ကျွဲ၊ နွားအစားအစာ၊ တစ်ပိုင်တစ်နိုင် မှိုစိုက်ပျိုးတဲ့လုပ်ငန်းတွေမှာ အကျိုးရှိစွာ အသုံးပြုနိုင်မှာဖြစ်ပါတယ်" ဟု မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဦးက ပြောသည်။

ထိုပြပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခင်တန်းကြီး၊ နတ်ရေတွင်း၊ ကြံသနွယ် ကျေးရွာအုပ်စုများမှ ဒေသခံတောင်သူ ၁၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

**ကိုလွင်(ဆွာ)**

# မြန်မာ့မော်တော်ယာဉ်လောက စနစ်တကျဖွံ့ဖြိုးရေး ဆောင်ရွက်သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**
မြန်မာ့မော်တော်ယာဉ်လောက စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရှင်ကဏ္ဍမှ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဟု Automotive (Industrial Professionals Association - AIPA) အသင်း၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ အထူးအစည်းအဝေးမှ သိရသည်။



အစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက AIPA အသင်း အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ရာ အစည်းအဝေးတွင် AIPA ဥက္ကဋ္ဌ ဦးကိုကိုအောင် (သိပ္ပံစာရေးဆရာ ကိုကိုအောင်) က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌများက ရှေ့ဆက်ဆောင်ရွက်မည့် ကိစ္စရပ်များအား ရှင်းလင်းတင်ပြသည်။

AIPA သည် မော်တော်ယာဉ်အင်ဂျင်နီယာပညာဆိုင်ရာ ပြည်တွင်းပြည်ပအတွေ့အကြုံများစွာရှိသည့် ဝါရင့်အင်ဂျင်နီယာ ပညာရှင်ကြီးများ၊ အငြိမ်းစား ဒုတိယဝန်ကြီးနှင့် အငြိမ်းစားအထွေထွေမန်နေဂျာများ၊ အငြိမ်းစားအင်ဂျင်နီယာချုပ်ကြီးများ၊ အင်ဂျင်နီယာမှူးကြီးများ၊ နည်းပညာတက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ တွဲဖက်ပါမောက္ခများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

**အေးမင်းသူ**

# ပဲခူးတွင် သင်္ချာအိုလံပစ်ပြိုင်ပွဲ ဆုချီးမြှင့်

**ပဲခူး ဒီဇင်ဘာ ၃၀**
ပဲခူးမြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီက ပဲခူးတိုင်းဒေသကြီး(အရှေ့) ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံသင်္ချာအိုလံပစ်ပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပသည်။

တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဆရာကြီးဦးကျော်ဆင့်နှင့် မြန်မာနိုင်ငံ သင်္ချာအိုလံပစ်အသင်း ပဲခူးတက္ကသိုလ်မှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာဇင်ဇင်ဝင်းတို့က အမှာစကားပြောကြားကြပြီး အခြေခံပညာ အဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းတို့တွင် တိုင်းဒေသကြီးအဆင့် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမနှင့် သတ္တမဆုရရှိသူများအား တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# နည်းပညာနှင့် ဆက်စပ်ပစ္စည်းများ ခက်ခဲ၍စဉ့်ထည်များ ရောင်းအား ကျဆင်း



**ကျောက်မြောင်း ဒီဇင်ဘာ ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့ နွယ်ငြိမ်းကျေးရွာတွင် အဓိက လုပ်ကိုင်လျက်ရှိသော စဉ့်ထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နည်းပညာနှင့် ဆက်စပ်ပစ္စည်းများရရှိရေးတို့တွင် အခက်အခဲများရှိနေသည့်အပြင် ရောင်းအားများလည်း ကျဆင်းလျက်ရှိကြောင်း ဒေသခံ စဉ့်ထည်လုပ်ငန်းရှင်များက ပြောသည်။

ဂက်စ်မီးဖြင့်အသုံးပြုသည့် ကုန်ကျစရိတ်သည် ထင်းမီးအသုံးပြုသည့်ကုန်ကျစရိတ်ထက် ကုန်ကျမှုသက်သာသော်လည်း ဂက်စ်မီးကိုအသုံးပြုရန်အတွက် ဓာတ်ငွေ့အလုံအလောက်မရနိုင်ခြင်း၊ သယ်ယူစရိတ်ကြီးမြင့်ခြင်းနှင့် အခြားလိုအပ်သည်များ အလွယ်တကူမရနိုင်သည့် အခက်အခဲများသည် စဉ့်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများဖြစ်နေသေးကြောင်း ဒေသခံစဉ့်လုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## တိုတိုထွာထွာဖတ်စရာ

### လုံခြုံရေးနှင့်ယာဉ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေး

**မိုးနဲ**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် ခရိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး မြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်နိုင် ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက နမ့်စန်-မိုးနဲ-လင်းခေး ပြည်ထောင်စုလမ်းမ မိုးနဲမြို့ဝင်၌ မြို့နေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ မူးယစ်ဆေးဝါးကင်းစင်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား ပညာပေးစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း မြို့မရဲစခန်းမှ သိရသည်။ **(ဖဖ၁)**

### သထုံမြို့၌ လူထုစကားဝိုင်း ဆွေးနွေးပွဲပြုလုပ်

**သထုံ**
သထုံမြို့ လိပ်အင်းရပ်ကွက် လေယာဉ်ကွင်းဟောင်းအနီးရှိ Second Cafe Garden တွင် ပွဲတင်သံစကားဝိုင်းကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီက ကျင်းပသည်။

စကားဝိုင်းသို့ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူနှင့် ဒေါ်ခိုင်ခိုင်လဲ့တို့ တက်ရောက်ဆွေးနွေးကြပြီး ဒေသခံများ၏အသံကို အခြေပြုပြီး ဌာနဆိုင်ရာများ၊ အစိုးရယန္တရားများ တာဝန်ယူမှု တာဝန်ခံမှုရှိလာစေရေးတို့ကို ရည်ရွယ်ပြီး (ပွဲတင်သံစကားဝိုင်း) ဆွေးနွေးပွဲကို အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **လှိုင်ထွန်းအောင်(သထုံ)**

### ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး စစ်ဆေးအရေးယူမည်

**မန္တလေး**
ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးအဖွဲ့၊ မြို့တော်စည်ပင်တို့ ပူးပေါင်းပါဝင်သော Mobile Team အဖွဲ့နှစ်ဖွဲ့ဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂ ရက်မှစတင်ပြီး ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး နေ့စဉ်လှည့်လည်စစ်ဆေး အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးထားသည်။ **သီဟကိုကို(မန္တလေး)**

### သီပေါ-နမ့်လန် ဈေးသစ်တည်ဆောက်မှု ၇၅ ရာခိုင်နှုန်းပြီးစီး

**သီပေါ**
ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် ဆိုင်ခန်းပေါင်း ၈၂၈ ခန်း ပါရှိသည့် သံကူကွန်ကရစ်နှစ်ထပ် နမ့်လန်မြို့မဈေးသစ်ကြီးအား တည်ဆောက်လျက်ရှိရာ ဒီဇင်ဘာ ၂၈ ရက်က သီပေါမြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦး၊ အငယ်တန်းအင်ဂျင်နီယာနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်၍ မကြာမီကာလအတွင်း ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

### တိရစ္ဆာန်မွေးမြူရေးနှင့် ရောဂါကြိုတင်ကာကွယ်ရေးဆွေးနွေး

**ရိခေါဒါရ်**
ချင်းပြည်နယ် ရိခေါဒါရ်မြို့တွင် တိရစ္ဆာန်မွေးမြူရေးနှင့် ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၉ ရက်က မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက တိရစ္ဆာန်မွေးမြူရာတွင် သိရှိလိုက်နာရမည့်အချက်များနှင့် မွေးမြူရေးဆိုင်ရာ သိကောင်းစရာများ၊ တိရစ္ဆာန်ရောဂါကျရောက်တတ်မှုအခြေအနေများ၊ ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာများနှင့် မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ဌာနမှကူညီဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ပြည်သူများ၏ ဆွေးနွေးမေးမြန်းမှုအပေါ် ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ရိခေါဒါရ် (ပြန်/ဆက်)**

### ပိုးမွှားအန္တရာယ်ကာကွယ်ရေးကွင်းဆင်းကင်းထောက်

**ဂန့်ဂေါ**
ဂန့်ဂေါမြို့နယ် စိုက်ခင်းများတွင် ပိုးမွှားရောဂါကျရောက်မှု အခြေအနေကို သိရှိကာ စနစ်တကျ ကာကွယ်နှိမ်နင်းနိုင်ရန်အတွက် စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၉ ရက် နံနက်က စိုက်ခင်းများအရောက် ကွင်းဆင်းကင်းထောက်လျက်ရှိသည်။

ဂန့်ဂေါခရိုင် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မြင့်မြင့်နွယ်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထင်အောင်ကြွယ်တို့ ပါဝင်သည့်အဖွဲ့သည် မြောက်ခင်ရန်းကျေးရွာရှိ ဆောင်းသီးနှံစိုက်ခင်းများသို့ ကွင်းဆင်းကင်းထောက်ကြပြီး ဈေးကွက်ဝင် အရည်အသွေးကောင်း သီးနှံမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ ပိုးမွှားအန္တရာယ် စနစ်တကျကာကွယ်နှိမ်နင်းရေး ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။ **၄၆၅**



# လာ့စ်ဗီးဂတ်စ်ဖျော်ဖြေပွဲတွေကို စတင်လိုက်တဲ့ လေဒီဂါဂါ

အမေရိကန်ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါဟာ လတ်တလောမှာတော့ ဖျော်ဖြေရေး စင်မြင့်ပေါ် ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ သူ့ရဲ့ ရုပ်ရှင်သစ် "A Star is Born"နဲ့ အော်စကာ ဆန်ခါတင်စာရင်းမှာ ပါဝင်ခွင့်ရခဲ့တဲ့ လေဒီဂါဂါဟာ ပြီးခဲ့တဲ့ စနေနေ့မှာတော့ လာ့စ်ဗီးဂတ်စ်မှာ ဖျော်ဖြေခဲ့တာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၃၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပေါ့ပ်ကြယ်ပွင့်က သူ့ရဲ့ "Lady Gaga Enigma Show"ဖျော်ဖြေပွဲကို လာ့စ်ဗီးဂတ်စ်မှာ စတင်ဖျော်ဖြေပေးခဲ့တာ ဖြစ်ပါတယ်။ ဒီဖျော်ဖြေပွဲမှာလည်း လေဒီဂါဂါက ထူးခြားတဲ့ ဖျော်ဖြေမှုပုံစံတွေနဲ့ တင်ဆက်ခဲ့ပြီး အဆိုပါဖျော်ဖြေပွဲကို ပရိသတ် ၅၂၀၀ ခန့် လာရောက်အားပေး ခဲ့တယ်လို့ သိရပါတယ်။

ဒီဖျော်ဖြေပွဲကို ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ အနုပညာရှင်တွေလည်း တက်ရောက်အားပေးခဲ့ကြတာ တွေ့ရပါတယ်။ ဒီအထဲမှာတော့ ပေါ့ပ်ကြယ်ပွင့် ကတ်တီပါရီနဲ့ မင်းသား အော်လန်ဒိုဘလွန်းတို့ စုံတွဲလည်း ပါဝင်နေကြောင်း သိရပါတယ်။



ပြီးခဲ့တဲ့သောကြာနေ့က ဆိုးလ်မှာပြုလုပ်ခဲ့တဲ့ SBS ရုပ်သံလိုင်းရဲ့ နှစ်ကုန်ဆုပေးပွဲကို တက်ရောက်လာကြတဲ့ ကြယ်ပွင့်စုံတွဲ အင်ဂိုဂျင်နဲ့ ဆိုးရီဟွန်းတို့ ကော်ဇောနီပေါ် လျှောက်လှမ်းစဉ်။

# စံချိန်သစ်တင်လိုက်တဲ့ The Last Empress



လတ်တလောထုတ်လွှင့်ပြသလျက်ရှိတဲ့ တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲ "The Last Empress"ဟာ လတ်တလောမှာတော့ ကြည့်ရှုသူပရိသတ် များပြားလာခဲ့ပြီး စတင်ပြသချိန်မှ လက်ရှိအချိန်အထိ ပရိသတ်အများဆုံးအဖြစ် စံချိန်တင်နိုင်ခဲ့ပြီဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြ ချက်တွေအရ သိရပါတယ်။

နယ်လ်ဆန်ကိုရီးယားရဲ့ အချက်အလက်တွေအရ SBS ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသလျက်ရှိတဲ့ အဆိုပါရုပ်သံဇာတ်လမ်းတွဲဟာ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၆ ရက်မှာ ကြည့်ရှုသူပရိသတ် ၁ ဒသမ ၂ နဲ့ ၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာတာဖြစ်ပြီး ကြည့်ရှုသူအများဆုံးအဖြစ် စံချိန်သစ်တင်နိုင်ခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

# မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ပြီဖြစ်တဲ့ ဂျီမင်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျီမင်းဟာ လတ်တလောမှာတော့ သူ့ရဲ့အနုပညာခရီးမှာ မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဂျီမင်းရဲ့ တစ်ကိုယ်တော် တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Serendipity"ရဲ့ တေးဗီဒီယိုဟာ လတ်တလောမှာတော့ ကြည့်ရှုသူပရိသတ် သန်း ၈၀ ပြည့်ခဲ့ပြီဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၄ ရက်က စတင်ထုတ်လွှင့်ပေးခဲ့တဲ့ အဆိုပါတေးဗီဒီယိုဟာ ကြည့်ရှုသူပရိသတ် သန်း ၈၀ ပြည့်ခဲ့ပြီဖြစ်ကာ "BTS"အဖွဲ့ဝင်တွေအနက် ကြည့်ရှုသူအများဆုံး တစ်ကိုယ်တော်တေးဗီဒီယိုဖြစ်ခဲ့တယ် လို့လည်း သိရပါတယ်။ ဒီတေးဗီဒီယိုမှာတော့ ဂျီမင်းရဲ့ အဆိုစွမ်းရည်ကိုသာမက အကစွမ်းရည်ကိုပါ တွေ့မြင်နိုင်မှာ ဖြစ်ကြောင်းလည်း သိရပါတယ်။




# လီဆန်းဂီနဲ့ ဆူဇီတို့ရဲ့ ရုပ်ရှင်သစ် ထုတ်လွှင့်မယ့်ရက်ကြေညာ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အနုပညာရှင်တွေဖြစ်ကြတဲ့ မင်းသား လီဆန်းဂီနဲ့ မင်းသမီး ဆူဇီတို့ရဲ့ ဇာတ်လမ်းတွဲသစ် "Vagabond"အတွက် ထုတ်လွှင့်မယ့်ရက်ကို လတ်တလော မှာတော့ ထုတ်ဖော်ပြောကြားပေးလိုက်ပြီဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ထုတ်ပြန်ကြေညာချက်အရ "Vagabond" ဇာတ်လမ်းတွဲကို လာမယ့် မေလအတွင်း စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း သိရပါတယ်။ ဒ့ါအပြင် အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို အပတ်စဉ် ဗုဒ္ဓဟူးနေ့နဲ့ ကြာသပတေးနေ့တွေမှာ ထုတ်လွှင့်ပေးသွား မှာဖြစ်တယ်လို့ သိရပါတယ်။

"Vagabond"ဇာတ်လမ်းတွဲဟာ စုံထောက်ရုပ်ရှင်လို့ ဆိုရမှာပါ။ ဒီဇာတ်လမ်းတွဲမှာ မတော်တဆမှုတစ်ခုနဲ့ ကြုံတွေ့ခဲ့ရပြီး အကျင့်ပျက်ခြစားမှုတွေကို ဖော်ထုတ်ခဲ့တဲ့ အမျိုးသား တစ်ဦးအကြောင်းကို ဇာတ်လမ်းဆင်ကာ ရိုက်ကူးထားတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်း ဒီဇာတ်လမ်းတွဲမှာ ခေါင်းဆောင်တွေအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း လီဆန်းဂီနဲ့ ဆူဇီတို့က အတည်ပြုပြောကြားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

မင်းသား လီဆန်းဂီက ဒီဇာတ်လမ်းတွဲမှာ ချာဒယ်ဂွန်းနေရာကနေ ပါဝင်သွားမှာဖြစ်ပြီး သူပါဝင်ထားတဲ့ ဇာတ်ကောင်ဟာ လျှို့ဝှက်ကြံစည်ထားတဲ့ ယာဉ်တိုက်မှုတစ်ခုရဲ့ နောက်ကွယ်က အကြောင်းအရာတွေကို ဖော်ထုတ်သွားမှာ ဖြစ်ပါတယ်။ ဆူဇီကတော့ ဒီဇာတ်လမ်းတွဲမှာ စုံထောက်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားတာလည်း ဖြစ်ပါတယ်။

"Vagabond"ဇာတ်လမ်းတွဲဟာ လီဆန်းဂီနဲ့ ဆူဇီတို့ရဲ့ ပြီးခဲ့တဲ့ ငါးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ပြန်လည်တွေ့ဆုံခွင့်ရခဲ့တဲ့ ဇာတ်လမ်းတွဲတစ်ခုလည်း ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ဒီဇာတ်လမ်းတွဲကို ဒါရိုက်တာ ယိုအင်စစ်က တာဝန်ယူရိုက်ကူးပေးသွားမှာဖြစ်ပြီး ဇာတ်လမ်းကိုတော့ ဂျန်ယောင်ချူးက ရေးသားပေးထားတာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ယခင်က "Giant" နဲ့ "Incarnation of Money" ရုပ်ရှင်တွေမှာ တွဲဖက်ပါဝင်ခဲ့ကြသူတွေ ဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်

# ပရိသတ်တွေကို ဆွဲဆောင်နိုင်ခဲ့တဲ့ အိုင်ရင်း

ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ အိုင်ရင်းဟာ လတ်တလောမှာပြုလုပ်ခဲ့တဲ့ အနုပညာထူးချွန်ဆုပေးပွဲ အခမ်းအနားတစ်ခုကို တက်ရောက်ခဲ့ရာမှာတော့ သူဝတ်ဆင်လာတဲ့ ပွဲတက်ဝတ်စုံကြောင့် ပရိသတ်တွေရဲ့ အာရုံစိုက်မှုကို ခံခဲ့ရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကေပေ့ါပ်အမျိုးသမီးတေးဂီတအဖွဲ့ "Red Velvet"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ အိုင်ရင်းဟာ ဒီဇင်ဘာ ၂၉ ရက်မှာ ပြုလုပ်ခဲ့တဲ့ SBS ရုပ်သံလိုင်းရဲ့ နှစ်ကုန် ဆုပေးပွဲကို အခြားသောအဖွဲ့ဝင်တွေနဲ့အတူ တက်ရောက် ခဲ့တာ ဖြစ်ပါတယ်။ ဒီပွဲကို တက်ရောက်ခဲ့ရာမှာတော့ အိုင်ရင်းဝတ်ဆင်လာခဲ့တဲ့ဝတ်စုံကြောင့် ပရိသတ်တွေရဲ့ အာရုံစိုက်ခံခဲ့ရကာ ဝေဖန်မှုတွေနဲ့ ကြုံခဲ့ရတာဖြစ်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ အကောင်းထက် အဆိုးဘက်က ဝေဖန်မှုတွေ ရရှိခဲ့တာဖြစ်တယ်လို့ သိရပါတယ်။



# "CONGRATULATIONS"

၂၀၁၈ ခုနှစ်အတွက်

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်

ဝန်ဆောင်မှုပေးနေသော ခရီးသည်ပမာဏ

ပြည့်မြောက်ခြင်းအား ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

AirAsia
AIR CHINA 中国国际航空公司
中國東方航空 CHINA EASTERN
CHINA AIRLINES
中国南方航空 CHINA SOUTHERN
ITA
Mingalar Sky Co., Ltd
Be enchanted
TOURISM FEDERATION MYANMAR TOURISM MARKETING
myanmar national airlines
MAI Myanmar Airways International
四川航空 SICHUAN AIRLINES
SILKAIR
THAI
THAI Smile
九元航空 9AIR


Similac Mum ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက်
ကောင်းမွန်သောအာဟာရ
လူတင်းနှင့် သဘာဝဗီတာမင်အီး တို့၏ ပေါင်းစပ်မှုအသစ်က
ဦးနှောက်နှင့်အမြင်စွမ်းအား ဖွံ့ဖြိုးမှုကို ကောင်းမွန်စေသည်။
အဆီပါဝင်မှုနည်းသော ဖော်မြူလာဖြစ်သည်။
FOS ၊ ဖင့်၊ ဗီတာမင် စီ၊ အီး နှင့် ဆီလီနီယမ်တို့၏ ပေါင်းစပ်မှုက
ကိုယ်ခံစွမ်းအားကို မြင့်မားစေသည်။
Vanilla အရသာ၊ Strawberry Yoghurt အရသာတို့ဖြင့်
ရရှိနိုင်သည်။
Similac
Mum
EYE Q PLUS
SCIENTIFICALLY STUDIED
SIM020316M
1
3x
2
Water
150 ML
3
မနက် တစ်ခွက်
ည တစ်ခွက်
နေ့စဉ်မှန်မှန် သောက်သုံးရန်
မနက်
ည
Vanilla
Strawberry Yoghurt
တစ်နေ့ ၂ ခွက် သောက်သုံးခြင်းဖြင့် ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များအတွက် နေ့စဉ်လိုအပ်သော ဖောလစ်အက်ဆစ်နှင့် ကယ်(လ်)ဆီယမ်တတ်များကို ရရှိစေသည်။*
• အမေရိကန်နိုင်ငံ၏ အာဟာရစံချိန်စံညွှန်းဆိုင်ရာညွှန်ကြားချက်အရ
Abbott
Distributed by:
PAHTAMA
GROUP
Abbott Nutrition
Careline
09 260 35 62 62
abbottnutrition@pahtama.com


ရွှေရောင်လွှမ်းသော ၂၀၁၉ နှစ်သစ်မှာ
ခွန်အားပြည့်ဝပြီး ကျန်းမာပျော်ရွှင်တဲ့ဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း
Ensure® Gold မှ
ဆုမွန်ကောင်းတောင်းအပ်ပါတယ် ...
၈ ပတ် အတွင်းမှာ ခွန်အားတွေ တိုးလာစေတဲ့* Ensure Gold
With HMB
Ensure
Gold
VANILLA
*Edington J et al. Clin Nutr. 2004 Apr;23(2):195-204.

## ဗိုလ်ကြီးသိန်းစိုး(ငြိမ်း)
**စာတည်း-တာဝန်ခံအရာရှိ**
**ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)**
**အသက်(၅၅)နှစ်**

မကွေးတိုင်းဒေသကြီး၊ ဟံသာဝတီကျေးရွာနေ ဦးစိန်ညွန့်-ဒေါ်ခင်အေးတို့၏ သားကြီး၊ ကလေးမြို့ ထိုမာရွာနေ ဦးငွေပေါ်-ဒေါ်မဲတူတို့၏ သားသမက်၊ ဒေါ်အိအိမင်း (ဦးစီးအရာရှိ ဗဟိုစာရင်းအင်းအဖွဲ့ နေပြည်တော်)၊ ဦးနိုင်ဇော်လင်း [ပုံနှိပ်ကျွမ်းကျင်-၄(စက်)၊ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)]တို့၏ဖခင်၊ ဒေါ်မာမာဆွေ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးသိန်းစိုးသည် ၂၉-၁၂-၂၀၁၈ (စနေနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မုံရွာမြို့ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်ကြီးသိန်းစိုး(ငြိမ်း)၊ ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)**
**အသက်(၅၅)နှစ်**

ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)မှ ဗိုလ်ကြီးသိန်းစိုး(ငြိမ်း) အသက်(၅၅)နှစ်သည် ၂၉-၁၂-၂၀၁၈ (စနေနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ**
**ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)**

## ဒေါ်ကျင်သန်း
**အသက်(၇၂)နှစ်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရဲဘော်ကွက်သစ်ရပ်ကွက်၊ ဆည်မြောင်းလမ်းနေ (ဦးသိန်းအောင်)၏ ဇနီး၊ ဦးညွန့်ဝင်း (ညွှန်ကြားရေးမှူးချုပ်၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန)-ဒေါ်ရီငွေ၊ ဦးမြင့်သိန်းထွန်း-ဒေါ်ရီရီဝင်း၊ ဦးစိုးဝင်း-ဒေါ်ရီရီမြင့်၊ ဗိုလ်ကြီးသက်တင်ထွန်း-ဒေါ်အေးအေးသန်း၊ (ဦးဝင်းမော်)၊ (ဦးဇော်ဦး)-ဒေါ်မိုးသူဇာအောင်၊ ဗိုလ်ကြီးနေဝင်းအောင်(ငြိမ်း)-ဒေါ်သီတာညွန့်၊ ဦးအောင်ဝင်းထွေးတို့၏မိခင်၊ မြေး ၁၅ ယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၃၀-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ကျင်သန်း**
**အသက် (၇၂) နှစ်**

ဦးညွန့်ဝင်း(ညွှန်ကြားရေးမှူးချုပ်၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန)-ဒေါ်ရီငွေတို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ကျင်သန်း အသက် (၇၂) နှစ်သည် ၃၀-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး စစ်ဆေးရေးမှူးနှင့် ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်ဆွိဟာ
**အသက် (၈၈) နှစ်**

ဆန်စပါးကုန်စည်ဒိုင် ဘုရင့်နောင် ဒု-ဥက္ကဋ္ဌ ဦးထင်အောင်-(ဒေါ်သန်းသန်းရီ)တို့၏မိခင် ဒေါ်ဆွိဟာ အသက်(၈၈)နှစ်သည် ၂၉-၁၂-၂၀၁၈ (စနေနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဆန်စပါးကုန်စည်ဒိုင်၊ ဘုရင့်နောင် ကော်မတီဝင်များ**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်လှလှဝင်း**
**အသက် (၈၁) နှစ်**

သူငယ်ချင်း ဦးစိုးကျော်သူ(ဒုတိယမန်နေဂျင်းဒါရိုက်တာ၊ မြန်မာဘရူဝါရီလီမိတက်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)-ဒေါက်တာစံပယ်မြင့် (အထူးကုဆရာဝန်ကြီး၊ ရောဂါဗေဒဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်လှလှဝင်းသည် ၂၉-၁၂-၂၀၁၈ (စနေနေ့) ည ၁၀း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)မှ သူငယ်ချင်းများနှင့် မိသားစုများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်တင်အေး (မအူပင်)
**အသက် (၈၉) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ဗိုလ်သူရလမ်း၊ အမှတ်(၆၁)နေ (ဦးသိန်းဟန်-ဒေါ်စောလှ)တို့၏ သမီး၊ (ဦးဘသင်-ဒေါ်နှင်းအိ)တို့၏ သမီးချွေးမ၊ (ဦးအောင်မြင့်)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာစိုးမြင့်-ဒေါ်ဇင်မာဦး၊ ဒေါက်တာဝင်းမြင့်-ဒေါ်တောင်နူး၊ (ဦးတင်မြင့်)-ဒေါ်နီနီဝင်း၊ ဒေါ်ရင်ရင်မြင့်၊ ဦးငွေမြင့်-ဒေါ်ယဉ်အေးမင်း၊ ဦးထွန်းခိုင်-ဒေါ်စပါယ်အောင်၊ ဦးသိန်းထွန်းမြင့်-ဒေါ်ချိုချိုနိုင်တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မဖြူသန့်နိုင်၊ မောင်ပိုင်ဆက်ထွန်း၊ မောင်မြတ်သာတို့၏ အဘွားသည် ၂၈-၁၂-၂၀၁၈ (သောကြာနေ့) ညနေ ၆ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးစိုးမြင့်(ခ)ဦးဘိုနီ
**အသက်(၇၁)နှစ်**
**တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ-သမိုင်း (ငြိမ်း)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း(၇)လမ်းနေ (ဦးအေးမောင်-ဒေါ်သိန်းခင်)တို့၏ သား၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်နေ (ဦးညို-ဒေါ်တင်ကြည်)တို့၏ သားသမက်၊ ဦးသံနိုင်-ဒေါ်အေးအေးဆင့် (သမြားနီဆေး-ကတိသစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ချိရေး)မိသားစုတို့၏အစ်ကို၊ ရန်ကုန်မြို့၊ အမှတ်(၁၃၆)၊ ယောဂီကျောင်းလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဦးဝင်းချို-ဒေါ်ဖြိုးသီတာစိုး၊ ကိုကောင်းမြတ်စိုး၊ ကိုဝင်းမင်းထွန်း-မနှင်းသီတာစိုးတို့၏ ကျေးဇူးရှင် မွေးသဖခင်၊ မောင်မင်းသူကျော်၊ မကြယ်စင်သွန်း၊ မရှင်းသန့်အိမ်၊ မောင်ကောင်းစစ်ငြိမ်းတို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်အေးအေး(ဆောင်းနှင်း-လှဝတ်စုံ-လှည်းတန်းဈေး)၏ ချစ်လှစွာသောခင်ပွန်းသည် ၃၀-၁၂-၂၀၁၈ ရက် မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၉(စနေနေ့)တွင် အမှတ်(၁၃၆)၊ ယောဂီကျောင်းလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြတ်အောင်
**(ဦးစီးအရာရှိ-ငြိမ်း၊ အမှတ်-၃၊ အခြေခံပညာဦးစီးဌာန)**
**အသက်(၆၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဒါးပိန်မြို့နေ ဦးသိန်း-ဒေါ်အုန်းမြင့်၊ ဒေါ်ခင်သန်းတို့၏ သား၊ ဒေးဒရဲမြို့နေ ဦးပေါက်စ-ဒေါ်စိန်ရှင်တို့၏ သားသမက်၊ ရန်ကုန်မြို့ မာန်ပြေအနောက်(၁၄)လမ်းနေ ဦးသန်းအောင်-ဒေါ်သန်းမြင့်တို့၏ ညီ/မောင်၊ မအူကျေးရွာနေ ဦးဟန်စိန်-ဒေါ်ခင်ခင်ဝေတို့၏ အစ်ကို၊ မောင်စည်သူအောင်-မခင်လေးမွန်၊ မောင်မိုးကျော်အောင်-မဆွေဇင်လှိုင်၊ မောင်ညီညီဇော်-မဆုဇင်လှိုင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်မြစန်းကြည်၏ခင်ပွန်းသည် ၃၀-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကျိုက်အေးတိုက်မှ ကျိုက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ သာကေတမြို့နယ်၊ (၁)ထူပါရုံရပ်ကွက်၊ (၁၆)လမ်းအရှေ့၊ အမှတ်(၁၅၁၅) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခိုင်စန္ဒာဝင်း
**အသက် (၄၁) နှစ်**

ရဲမှူးကိုကိုဦး(သင်္ဃန်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့မှူး)၏ချစ်လှစွာသောဇနီး ဒေါ်ခိုင်စန္ဒာဝင်းသည် ၂၈-၁၂-၂၀၁၈ (သောကြာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုရဲအုပ်လောင်းအမှတ်စဉ်(၂၆/၉၆)မှ**
**သူငယ်ချင်းမိသားစုများ**

# ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း မာလာသန်း (ပါမောက္ခ-ဌာနမှူး၊ သဘော်ာစီမံခန့်ခွဲမှုဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်)၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး (စာတည်းမှူးချုပ်၊ မြဝတီစာပေတိုက်)သည် ၂၇-၁၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**85' Batch**

**ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ သူငယ်ချင်းများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်စွိဟာ
**အသက် (၈၈) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံတန်း၊ ပိတောက်လမ်း၊ အမှတ်(ဆ/၇၉)နေ ဦးထင်အောင်-(ဒေါ်သန်းသန်းရီ)၊ ဦးဝင်းအောင်-ဒေါ်ခင်ဝဲ၊ ဒေါ်ခင်စန်းမေ-ဦးဟန်လွင်၊ (ဒေါ်ခင်စန်းမွေး-ဦးတင်မောင်ရွှေ)၊ ဒေါ်အေးမိနိုင်-ဦးထွန်းမောင်တို့၏ မွေးသမိခင်၊ မြေး ၁၂ ယောက်တို့၏ အဘွား ဒေါ်စွိဟာသည် ၂၉-၁၂-၂၀၁၈ (စနေနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဦးတင်အေး (ပခုက္ကူ)
**တပ်စာရင်းကိုင်(ငြိမ်း)**
**ကန်တော့ခံရပ်ဝန်းအဖွဲ့ဝင်**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ ယိုးဒယားလမ်း၊ အမှတ်(၁၅၃)နေ မသီတာအေး၊ မောင်ထွန်းလင်း၊ မနှင်းနှင်းအေးတို့၏ဖခင် ဦးတင်အေးသည် ၃၀-၁၂-၂၀၁၈ ရက် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## တန်ဟန့်ကြုံး(ခ) ဦးကျော်အောင်(သုံးဆယ်မြို့)
**အသက် (၇၁) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးလမ်းနေ (ဦးတန်ဘွန်ကံ-ဒေါ်ခင်စန်း)တို့၏ဒုတိယသား၊ အမှတ်(၆၅)၊ ပထမထပ်၊ ရတနာပုံလမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ ဒေါ်စန်းစန်းဝင်း၏ခင်ပွန်း၊ ဦးမျိုးကျော် (JAPAN, MAEDA MYOCHO)-ဒေါ်အိမွန်ဇာကို(ခေတ္တ-ဂျပန်)၊ ဦးရဲမင်းနိုင်(ခေတ္တ-စင်ကာပူ)-ဒေါ်အိဝါ(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မယွန်းမွန်ဇာကျော်(JAPAN, MAEDA YURI)၏အဘိုး တန်ဟန့်ကြုံး(ခ) ဦးကျော်အောင်သည် ၃၀-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်နွဲ့
**အသက် (၆၂) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်(အရှေ့)ရပ်ကွက်၊ စကားဝါပင်လမ်း၊ အမှတ်(၃၁)နေ ဦးကျော့ (ခ) ဦးငွေလေး(အ. ဆ. ည-ငြိမ်း)၏ဇနီး၊ ဗိုလ်ကြီးအောင်ဖြိုးသော်-ဒေါ်ရူပါထွန်း၊ ဗိုလ်မှူးအောင်ထွန်းမင်း-ဒေါ်အေးသီရိလှိုင်၊ ဦးကျော်ကျော်လှိုင် (အထက-၂၊ ရေး)-ဒေါ်မြမြနှင်း (Phee Group of Companies)၊ ဦးခိုင်လွင်ထူး (Second Engineer, Maersk Line)-ဒေါ်ငွေငွေဝင်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်ထူးမြတ်လင်းရှိန်(သားထူး)၊ မောင်ကောင်းခန့်ဇော်၊ မမေစပယ်ဖြိုး၊ ဖိုးပြည့်တို့၏ဘွားဘွားကြီးသည် ၂၉-၁၂-၂၀၁၈ (စနေနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၈ (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ဖြူဖြူဝင်း(အလုံမြို့နယ်)
**အသက် (၄၁) နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၂၁)၊ လေးလွှာနေ ဦးမြင့်သိန်း (စတီးဆိုင်၊ သံဈေး)-ဒေါ်တင်တင်မျိုးတို့၏သမီးကြီး၊ ဦးကျော်သန်း-(ဒေါ်မြတင်)တို့၏ သမီးချွေးမ၊ ဦးတင်လှိုင်၏ဇနီး၊ မဇင်ဖြူအောင်(အထက-၄၊ အလုံ)၊ သားသားလေးတို့၏ မိခင်၊ ကိုတင်ဝင်း၊ ကိုရဲဝင်းကျော်-မချိုလဲ့လဲ့ဇင်၊ မောင်ငြိမ်းချမ်းသူတို့၏အစ်မ ဒေါ်ဖြူဖြူဝင်းသည် ၃၀-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ဟန်
**ပညာသည်-၃၊ အထည်-၁၊ ခွဲ-၂(ငြိမ်း)၊ စက်မှုဝန်ကြီးဌာန**
**အသက် (၈၇) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဆားတိုင်မွတ်ကျေးရွာ၊ ကော့မှူးမြို့နယ်နေ (ဦးဘချစ်-ဒေါ်အေးမြိုင်)တို့၏သမီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အမှတ်(၈ျ/၃၆)၊ အထက်မင်္ဂလာလမ်းနေ (ဦးချောင်ရင်ချို)၏ဇနီး၊ (ဦးဇော်ဦး)၊ ဦးမော်ဦး(ကျန်းမာရေးဦးစီးဌာန-ငြိမ်း)-ဒေါ်ခင်မာရီ(ကျန်းမာရေးဦးစီးဌာန-ငြိမ်း)၊ ဦးကျော်ဦး (လ/ထညွှန်မှူး-ငြိမ်း၊ လူမှုဝန်ထမ်းဦးစီးဌာန)-ဒေါ်ခင်မျိုးကျော် (ဦးစီးအရာရှိပြန်ကြားရေးဝန်ကြီးဌာန)၊ (ဦးလှထွေး-ဒေါ်စန္ဒာဦး)၊ ဦးသန်းအောင်-ဒေါ်အေးအေးယု(ခ)မပို(ခေတ္တ-USA)၊ ဦးကျော်ကျော်ထူး(ခ) ဦးမောင်ကျော်-ဒေါ်တင်တင်မာ၊ ဦးစံတင်-ဒေါ်သောင်းသောင်းနု(ခ)မငယ် (မြို့တော်ဂေါက်ကွင်း)၊ ဦးထွန်းထွန်း-ဒေါ်နီနီဝင်း(Z.K.G အထည်ချုပ်စက်ရုံ)၊ ဦးလှမင်းတို့၏မိခင်၊ မြေး ၁၄ ယောက်တို့၏အဘွားသည် ၂၉-၁၂-၂၀၁၈ (စနေနေ့) နံနက် ၉း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ယောဂီဆောင် ဒါယိကာမကြီး**
## မိလေးစိန်(သင်္ကြောရွာ၊ ဘီလူးကျွန်း)
**အသက် (၈၀)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၃၆၇)၊ ဒု-ထပ်နေ (ဦးဆိုင်-ဒေါ်ကျင်မေ)တို့၏သမီး၊ (ဦးရွှေပိုင်-ဒေါ်သောင်းကျော်)တို့၏သမီးချွေးမ၊ (နိုင်အောင်သိန်း-ကားဘော်ဒီ)၏ ချစ်လှစွာသောဇနီး၊ (ဦးဝီရိယ)-ဒေါ်ကျင်၊ (ဦးထွန်းကြွယ်)-ဒေါ်အေးသူတို့၏ ညီမ၊ ဦးအဂ္ဂဝံသ-(ဒေါ်သန်းမြင့်)၊ (ဦးမြင့်ကြည်-ဒေါ်မြင့်စိန်)တို့၏အစ်မ၊ ဦးတင်ဝင်း-ဒေါ်သိန်းသိန်းမြတို့၏အဒေါ်၊ မိလှယဉ်ငွေ၊ မိနွယ်နီဝင်း-ဦးမြင့်ဝေ၊ မိကြူကြူသိန်း-ဦးလှဝေ(ခေတ္တ-USA)၊ မင်းအောင်မျိုးလွင်-မဖြိုးပပ(ခေတ္တ-ကနေဒါ)၊ မင်းညီညီအောင်-မိခင်မာလင်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ ယူရီကိုလွင်၊ အော်စတင်၊ မင်းထက်ပိုင်၊ မင်းဘုန်းခန့်တို့၏ ချစ်လှစွာသောဘွားဘွားသည် ၂၈-၁၂-၂၀၁၈ (သောကြာနေ့) နံနက် ၁း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၃၆၇)၊ ဒုထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သောင်းရီ
**အသက်(၇၀)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်လမ်း၊ အမှတ်(၁၂၂၆)နေ (ဦးကျော်စိုး-ဒေါ်မြမြ)တို့၏ သမီး၊ (ဦးထွန်းလှ)၏ ဇနီး၊ (ဦးဘိုကြီး-ဒေါ်ခင်အေး)၏ ညီမ၊ (ဦးမင်းသိန်း)-ဒေါ်လှလှဝင်း၊ (ဦးသိန်းဦး)-ဒေါ်ခင်အေးမြင့်၊ ဦးမြင့်ကြည်-(ဒေါ်သန်းရင်)၊ ဦးဇော်မြင့်-ဒေါ်ဟန်ညွန့်၊ ဦးထွန်းလှိုင်-ဒေါ်သန်းသန်းစိုးတို့၏အစ်မ၊ ကိုဇော်ဦး၊ ဦးကျော်ဆန်းမြင့် (ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)-ဒေါ်ရီရီဝင်း၊ ဦးရဲတင့်-ဒေါ်သင်းသင်း၊ မခင်သန္တာဝင်းတို့၏မိခင်၊ မောင်ကျော်ဇင်ထက်-မမိုးစန္ဒာအောင်၊ မမေစန္ဒာကျော်၊ မလင်းလက်အောင်တို့၏အဘွားသည် ၃၀-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၉ နံနက်တွင် အမှတ် (၁၂၂၆)၊ ကုန်းဘောင်လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ငွေကြည် (ပဲခူး၊ သံဆိုင်)
**အသက် (၆၃) နှစ်**

မြင်းခြံမြို့နေ (ဦးအေးကျော်-ဒေါ်ခင်မြိုင်)တို့၏သမီးကြီး၊ ပဲခူးမြို့နေ (ဦးမောင်သွင်-ဒေါ်တင်)တို့၏သမီးချွေးမ၊ နေပြည်တော် (လေတပ်ဆွယ်)နေ ဒုတိယဗိုလ်မှူးကြီးဇော်မင်းအောင်-ဒေါ်လဲ့ဝတ်ရည်၊ ပဲခူးမြို့နေ ဦးငြိမ်းချမ်းအောင်-ဒေါ်ချိုနှင်းဆီဦး၊ ဦးဖြူလေးအောင်-ဒေါ်ခိုင်ဇာလင်း၊ ကိုဝေယံထက်အောင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွား၊ ဦးကျင်အောင်(သံဆိုင်)၏ချစ်လှစွာသောဇနီး ဒေါ်ငွေကြည်သည် ၃၀-၁၂-၂၀၁၈ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့၊ ဆင်ဖြူကွင်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ထူးထူးလွင် (အထက်တန်းရှေ့နေ)
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းခြံလမ်း၊ အမှတ်(57-B)၊ ပထမထပ်နေ (ဦးကျော်စိုးလွင်)-ဒေါ်ခင်ဝင်းကြည်တို့၏ သမီးကြီး၊ (ဦးလတ်ခင်-ဒေါ်မြသန်း)တို့၏ သမီးချွေးမ၊ ဦးစန်းမောင်(စက်မှု-၁၊ ငြိမ်း)၏ ဇနီး၊ ဦးစိုးသိန်းအောင်-ဒေါ်ထက်ထက်လွင်မောင်၊ ဦးဇေယျာဟိန်း-ဒေါ်သက်ဆုလွင်မောင်တို့၏ မိခင်၊ မထက်မြတ်ထွန်း၊ မရွှန်းရတီလွင်တို့၏ အဘွား၊ ဒေါ်သင်းသင်းလွင်-ဦးမြင့်ဝင်း၊ ဒေါ်မိုးမိုးလွင်-ဦးခင်မောင်ထွေး၊ ဦးကျော်ဝင်းထွဋ်-ဒေါ်ခင်ချောစု၊ (ဒေါ်ကျော့ကျော့လွင်)၊ ဒေါ်ယုယုလွင် (အဝေးသင်တက္ကသိုလ်၊ ကွန်ပျူတာဌာန)၊ ဒေါ်နှင်းနှင်းလွင်-ဦးကျော်ခိုင်ဆွေ၊ ဒေါ်ယုဝတီလွင်-ဦးမင်းမင်းတို့၏ ချစ်လှစွာသောအစ်မကြီး၊ ဒေါ်ခင်စမ်းရီ-ဦးကျော်ဝင်း၊ ဦးအောင်သန်းမြင့်-ဒေါ်မြမြတ်ငွေ၊ ဒေါ်ခင်လှဝင်း-ဦးတင်ထွဋ်၊ ဒေါ်တင်မာရီ-ဦးဝင်းထွန်း၊ ဒေါ်စမ်းစမ်းမင်း-ဦးတင်အောင်ရီတို့၏ အစ်မ/ညီမသည် ၃၀-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ကျိုက်ထီးရိုးဆံတော်ရှင်ဘုရားတွင် ဘုရားဖူးများ ကြိတ်ကြိတ်တိုးစည်ကား

**ကျိုက်ထို ဒီဇင်ဘာ ၃၀**

နှစ်သစ်ကူးရုံးပိတ်ရက်များတွင် ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ အပန်းဖြေအနားယူ သွားလာလည်ပတ်လျက်ရှိရာ ကျိုက်ထိုမြို့နယ်အတွင်းရှိ ဆံတော်ရှင်ကျိုက်ထီးရိုးဘုရား၌ ဘုရားဖူးပြည်သူများ အထူးစည်ကားလျက်ရှိသည်။

ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းမှစ၍ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်အား လာရောက်ဖူးမြော်သူ များပြားလျက်ရှိ၍ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ နယ်မြေခံကင်မွန်းစခန်းရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ပူးပေါင်းတာဝန်ကျတပ်ဖွဲ့ဝင်များ၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက ဘုရားဖူးပြည်သူများကို ကူညီစောင့်ရှောက်လျက်ရှိပြီး ကျိုက်ထိုမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့စုတို့က မြို့နယ်အတွင်း ဖြတ်သန်းသွားလာလျက်ရှိသည့် ယာဉ်များအား ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**ဝင်းမောင်(ပြန်/ဆက်)**



## ထူးခြားသည့် ညအပူချိန်များ

၃၀-၁၂-၂၀၁၈

ဟားခါး
၁ ဒီဂရီစင်တီဂရိတ်

ပူတာအို
၃ ဒီဂရီစင်တီဂရိတ်

တီးတိန်
၄ ဒီဂရီစင်တီဂရိတ်

ရမ်ကလောင်း
၄ ဒီဂရီစင်တီဂရိတ်

သီပေါ
၅ ဒီဂရီစင်တီဂရိတ်

ဟဲဟိုး
၅ ဒီဂရီစင်တီဂရိတ်

မတူပီ
၅ ဒီဂရီစင်တီဂရိတ်

## Asian Tour ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရဲထက်အောင် လက်ရည်စစ်ပွဲအောင်မြင်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

Asian Tour ဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရည်စစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာဂေါက်သီးရိုက်ကစားသမား ရဲထက်အောင်သည် လက်ရည်စစ်ပွဲအောင်မြင်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရခဲ့သည်။

ရဲထက်အောင် ဝင်ရောက်ယှဉ်ပြိုင်သည့် လက်ရည်စစ်ပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပခဲ့ပြီး အဆင့် ၂၈ နေရာမှ လက်ရည်စစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ရဲထက်အောင်ကို Phyo Si Thu Teak Plantation (Myanmar) & Bago Yoma Eco Resort (Myanmar)က အဓိက ကူညီပံ့ပိုးထားခြင်းဖြစ်ပြီး ယခုလက်ရည်စစ်ပွဲတွင် လက်စွမ်းပြနိုင်ခဲ့ခြင်းဖြစ်သည်။

ရဲထက်အောင်သည် ပြိုင်ပွဲအားလုံးအပြီးတွင် သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျှော့ရိုက်ကာ အဆင့် ၂၈ နေရာရခဲ့ပြီး ကြည်လှဟန်နှင့် ဇော်မိုးတို့ပြီးနောက် Asian Tour ပြိုင်ပွဲတွင် ပြန်လည်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ ရဲထက်အောင်သည် ၂၀၁၉ ခုနှစ်တွင်ကျင်းပမည့် Asian Tour ပြိုင်ပွဲများတွင် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

# ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ဒီဇင်ဘာလူထုအားကစားလ အထိမ်းအမှတ်အဖြစ် လူသစ်တန်းကာယဗလမောင်ပြိုင်ပွဲကို ရန်ကုန်မြို့အောင်ဆန်းအားကစားကွင်း မိုးလုံ၊ လေလုံခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

**ဆုများချီးမြှင့်**

ကာယဗလမောင်တွင် ၅၅ ကီလိုတန်း ကောင်းစည်သူ၊ ၆၀ ကီလိုတန်း ထွန်းမင်းနိုင်၊ ၆၅ ကီလိုတန်း အောင်ထွဋ်၊ ၇၀ ကီလိုတန်း ထက်လင်းနိုင်နှင့် ၇၀ ကီလို အထက်တန်းတွင် ဇော်မောင်မောင်တို့က ပထမအသီးသီးရရှိပြီး အကောင်းဆုံးကာယဗလမောင်ဆုကို ၇၀ ကီလိုတန်းမှ အောင်ထွဋ်က ရရှိသည်။ ပြိုင်ပွဲဝင် ကာယဗလမောင် ၃၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဆုများကို အာရှရွှေတံဆိပ်ဆုရှင် ထွန်းမင်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာသဇင်လွင်(ဌာနမှူး)နှင့် ဒိုင်လူကြီးအသီးသီးက ဆုများချီးမြှင့်သည်။

ကာယကြံ့ခိုင်မှုအမျိုးသမီးပြိုင်ပွဲတွင် တင်ယုမော်နှင့် ဝင်းမို့မို့ဟန်တို့က ပထမဆု အသီးသီးရရှိခဲ့သည်။

**သတင်းနှင့် ဓာတ်ပုံ-ဖိုးလပြည့်**



ကာယဗလမောင်ပြိုင်ပွဲ ၇၀ ကီလိုတန်းတွင် ပထမရရှိသူ ထက်လင်းနိုင်အား ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာသဇင်လွင်(ဌာနမှူး)က ဆုချီးမြှင့်စဉ်။

